# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဇြပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိအကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)


၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလပြည့်ကျော် ၇ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday 4 July 2018 ၉၃၃၇




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ ဩစတြီးယားနိုင်ငံ သံအမတ်ကြီး မစ္စစ် အီဗာ ဟာဂါ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၀၁၈ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုအားပေးစဉ်။

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ ဗြိတိန်နှင့် ဩစတြီးယားနိုင်ငံသံအမတ်ကြီးတို့ သံအမတ်ခန့်အပ်လွှာများ ပေးအပ်

**နေပြည်တော် ဇူလိုင် ၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဒယ်နီရယ် ပတရစ် ဘရန်ဒန် ချဂ် သည် ယနေ့ နံနက် ၁၀ နာရီတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဩစတြီးယားနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စစ် အီဗာ ဟာဂါ သည် နံနက် ၁၁ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်းတို့၏ သံအမတ်ခန့်အပ်လွှာများကို ပေးအပ်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားများသို့ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်တို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာအမျိုးသမီးများနေ့အခမ်းအနား တက်ရောက်

## မြန်မာအမျိုးသမီးများဟာ ပညာအရ၊ ကာယဗလအရ မဟုတ်ပေမယ့် ဉာဏဗလအရ အမျိုးသားတွေနဲ့ ယှဉ်ပြိုင်ရုံတင်မက ရှေ့ကပြေးနေပြီ

နေပြည်တော် ဇူလိုင် ၃

**၂၀၁၈ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြားသည်။**

အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "ကျွန်မတို့ရဲ့ တစ်ကမ္ဘာလုံးမှာ အမျိုးသမီးနေ့တွေ ကျင်းပတယ်ဆိုတာ အများသိပြီးသားဖြစ်ပါတယ်။ ဒီလို အမျိုးသမီးနေ့ အခမ်းအနားတစ်ခုရောက်တယ်ဆိုရင် ဘာကြောင့် အမျိုးသမီးနေ့တွေ ကျင်းပသလဲဆိုတာကို စဉ်းစားစေချင်ပါတယ်။ ကျွန်မတို့ရဲ့ လူ့အသိုင်းအဝိုင်းမှာဆိုရင် အမျိုးသမီးတွေရှိတယ်၊ အမျိုးသားတွေရှိတယ်၊ ကလေးတွေရှိတယ်၊ သို့သော်ငြားလည်း ကလေးသူငယ်များနေ့၊ အမျိုးသမီးများနေ့ဆိုတာကို တစ်ကမ္ဘာလုံးကနိုင်ငံအရပ်ရပ်မှာကျင်းပကြပါတယ်။ အမျိုးသားများနေ့ရယ်လို့ သတ်သတ်ကျင်းပတာမရှိပါဘူး။ အမျိုးသားနေ့ဆိုတာကတော့ အားလုံး၊ တစ်နိုင်ငံလုံးရဲ့


**စာမျက်နှာ ၄ ကော်လံ ၁ သို့ ✳**


## ရာနှုန်းပြည့်မိုး

(၄-၇-၂၀၁၈)

**နေပြည်တော်** - မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။
**ရန်ကုန်** - မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။
**မန္တလေး** - နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**မြန်မာနိုင်ငံမှ ဘက်စုံထူးချွန်ကျောင်းသားများ မလေးရှားသို့ ထွက်ခွာ**


စာမျက်နှာ - ၃


**အမျိုးသမီး အခန်းကဏ္ဍနှင့် စပ်လျဉ်း၍ ပြောကြားချက်များ**


စာမျက်နှာ - ၉


**မလေးရှားဝန်ကြီးချုပ်ဟောင်း နာဂျစ်အား အဂတိ လိုက်စားမှုဖြင့် ထိန်းသိမ်းပြီ**


စာမျက်နှာ - ၁၂





# ကြေးမုံ

## ဗိုလ်ချုပ်အောင်ဆန်း အတိတ်၊ ပစ္စုပ္ပန်

လောကတွင် အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်ဟူ၍ ကာလသုံးပါးရှိသည်။ အတိတ်တွင် ကောင်းမွေ၊ ဆိုးမွေတို့ ကျန်ရှိတတ်ပြီး ပစ္စုပ္ပန်တွင် ထိုအတိတ်က ကောင်းမွေတို့ကို ဆက်လက်သယ်ဆောင်၍ အနာဂတ်တွင် ကောင်းသထက်ကောင်းအောင် ကြိုးပမ်းအားထုတ်ကြရသည်။ အတိတ်တွင် ဆိုးမွေတို့လည်း ကျန်ရှိတတ်ပြီး ပစ္စုပ္ပန်တွင် ထိုအတိတ်က ဆိုးမွေတို့ကို သင်ခန်းစာယူကာ သတိပြုဆင်ခြင်နေထိုင်ကျင့်ကြံအားထုတ်သင့်သည်။

ယခု ဇူလိုင်လနှင့်စပ်လျဉ်း၍ အတိတ်၊ ပစ္စုပ္ပန်နှင့်ပတ်သက်ပြီး ကောင်းမွေ၊ ဆိုးမွေတို့ကို စေ့ငုလေ့လာကြည့်မည်ဆိုသော် အာဇာနည်တည်းဟူသော ပုဂ္ဂိုလ်များ၏ မမေ့ပျောက်ဖွယ်ရာ ဂုဏ်ထူးဝိသေသများကို သတိရ တမ်းတမိကြမည်ဖြစ်သည်။ ထိုအာဇာနည်ပုဂ္ဂိုလ်များ၊ အထူးသဖြင့် ထူးကဲသည့် အောင်ဆန်းအာဇာနည် ပုဂ္ဂိုလ်ကြီး၏ မမေ့နိုင်ဖွယ်ရာ ဂုဏ်ပုဒ်များကို ဤဇူလိုင်လတွင် စာဆိုအကျော်အမျိုးမျိုးတို့က ဖွဲ့နွဲ့စပ်ဆိုခဲ့ကြ၊ စပ်ဆိုရေးဖွဲ့လျက်ရှိကြသည်။

အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်ပတ်သက်သည့် ဂုဏ်ထူးဝိသေသများမှာ ရေးဖွဲ့၍ပင် ကုန်နိုင်သည်ဟူ၍ မရှိပါ။ အာဇာနည်နှင့်စပ်လျဉ်းသည့် ထိုနေ့ ထိုလရောက်လေတိုင်း စာဆိုကျော်ကြီးများ၏ ရေးသားဖွဲ့ဆိုထားခဲ့သည်များမှာ ယနေ့ထက်တိုင် စွဲထင်ကျန်ရစ်နေဆဲဖြစ်သည်ကို မြင်တွေ့ရပါသည်။ ကဗျာကဝိစာဆိုအကျော် ဆရာကြီး မင်းသုဝဏ်က "------- သူ့ဝိညာဉ် မသေပျောက်ပါဘူး၊ မိုးပေါက်လို အစဉ် ကြည်လို့၊ နေခြည်လို အစဉ်လန်းကာ၊ ဖျန်းဆွတ် စိတ်စော" ဟု ဗိုလ်ချုပ်အောင်ဆန်း (အတိတ်နှင့်ပစ္စုပ္ပန်) ကဗျာတွင် ထိုကဗျာတစ်ပိုဒ်ဖွဲ့ဆိုထားသည်ကို မှတ်သားရပါသည်။

လူပင်သေသော်လည်း နာမည်မသေသော ပုဂ္ဂိုလ်များနည်းတူ အမျိုးသားခေါင်းဆောင်ကြီး၊ လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ နာမည်မှာလည်း မသေပါ။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်များသည် ဇူလိုင် ၁၉ ရက်တွင် မသမာသူ လူသတ်သမားတစ်စု၏ လက်ချက်ဖြင့် ကျဆုံးခဲ့ရပါသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးပြီးသည်နှင့် ဗိုလ်ချုပ်၏ ဂုဏ်ထူးဝိသေသများကို ပုဂ္ဂိုလ်အသီးသီးတို့က ချီးကျူးဂုဏ်ပြုကြသလို စာဆိုအကျော်တို့ကလည်း အသီးသီးချီးကျူးဖွဲ့ဆိုခဲ့ကြပါသည်။

ဆရာကြီး မင်းသုဝဏ်က ဗိုလ်ချုပ်အောင်ဆန်း၏ ဂုဏ်ပုဒ်အား အတိတ်နှင့်ပစ္စုပ္ပန်ကို ညွှန်းဆိုပြီး လွမ်းမောဖွယ်ကဗျာတိုတစ်ပုဒ် ဖွဲ့နွဲ့သီကုံးခဲ့ပါသည်။ ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးခဲ့သည်မှာ ယခုနှစ်ဤလတွင် နှစ်ပေါင်း ၇၁ နှစ်ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ဗိုလ်ချုပ်၏ ဝိညာဉ်မှာ မသေပျောက်ဘဲ ရှင်သန်နေဆဲဖြစ်သည်ကို ဖွဲ့ဆိုထားပါသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ စိတ်ဓာတ်နှင့်ခံယူချက်များမှာ ဇူလိုင်လတွင် ရွာသွန်းသည့် မိုးစက်မိုးပေါက်များကဲ့သို့ အစဉ်ကြည်လင် သန့်ရှင်းနေပါသည်။ မိုးရာသီဇူလိုင်လတွင် ထွင်းဖောက်လာသော နေရောင်ခြည်ကဲ့သို့ အစဉ်တောက်ပလန်းဆန်းနေပါသည်။ ထိုကြည်လင်သန့်ရှင်း တောက်ပလန်းဆန်းနေမှုများမှာ ကျွန်ုပ်တို့အားလုံးတို့အပေါ် ဖျန်းဆွတ်ထားသကဲ့သို့ စိတ်ခံစားမှုများဖြစ်ရပါသည်။

ဤသို့ အတိတ်က ဗိုလ်ချုပ်အောင်ဆန်း၏ ကောင်းမြတ်သည့် စိတ်ထားများမှာ ပစ္စုပ္ပန်ရှိ ကျွန်ုပ်တို့အပေါ်တွင် လွှမ်းခြုံနေဆဲဖြစ်ပါသည်။ အတိတ်က ဗိုလ်ချုပ်၏စိတ်ဓာတ်များအား ပစ္စုပ္ပန်ရှိကျွန်ုပ်တို့ပြည်သူများက ဆက်လက်သယ်ဆောင် ခံယူလိုက်နာကျင့်သုံးကြဖို့ တိုက်တွန်းနေသယောင်ရှိပါသည်။ ဤသည် အတိတ်က ဗိုလ်ချုပ်အောင်ဆန်း လမ်းပြထားသော စိတ်ဓာတ်နှင့်လုပ်ရပ်များအား ပစ္စုပ္ပန်တွင် ဆက်လက်မှတ်သားအတုယူအားထုတ်ကြဖို့ မမေ့နိုင်သည့်ဇူလိုင်လတွင် အသိပေးနှိုးဆော်လိုက်ခြင်းဖြစ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံကိန်းနှင့် စပ်လျဉ်း၍ နိုင်ငံရေးပါတီများနှင့် သုံးသပ်ဆွေးနွေးပွဲ ကျင်းပ



**ရန်ကုန် ဇူလိုင် ၃**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံကိန်း (၂၀၁၉-၂၀၂၂) နှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများနှင့် သုံးသပ်ဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ Park Royal ဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင်နှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ International Foundation for Electoral Systems (IFES) မှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီ ၈၁ ပါတီမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင်က ယနေ့ကျင်းပသည့် ဆွေးနွေးပွဲသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံကိန်း(၂၀၁၉-၂၀၂၂)အပေါ် နိုင်ငံရေးပါတီများအနေဖြင့် အကြံပြုဆွေးနွေးနိုင်ရန် ကျင်းပခြင်းဖြစ်ကြောင်း၊ ယမန်နေ့က အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် သုံးသပ်ဆွေးနွေးပွဲကိုလည်း ကျင်းပခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ယခု(၂၀၁၉-၂၀၂၂) မဟာဗျူဟာစီမံကိန်းကို ရေးဆွဲထားရှိကြောင်း၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက်လည်း မဟာဗျူဟာစီမံကိန်း(၂၀၁၃-၂၀၁၈)ကို ရေးဆွဲဆောင်ရွက်ခဲ့ကြောင်း၊ ယခုရေးဆွဲထားသည့် မဟာဗျူဟာစီမံကိန်းတွင် အခန်း ၁၁ ခန်းပါဝင်ပြီး ယခင်ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲများနှင့် ယနေ့ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်အလိုက် အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းများ၊ အခက်အခဲများကိုသုံးသပ်၍ ပွင့်လင်းမြင်သာမှု၊ လွတ်လပ်တရားမျှတမှုတို့အပေါ် အခြေခံရေးဆွဲထားပါကြောင်း၊ ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲများသည် မရှိမဖြစ် ရှိနေမည်ဖြစ်ပြီး ထိုရွေးကောက်ပွဲများ အောင်မြင်ရန်အတွက် ကော်မရှင်တစ်ခုတည်း ဆောင်ရွက်၍မရကြောင်း၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ရွေးကောက်ပွဲနှင့် သက်ဆိုင်သူများနှင့် ပြည်သူလူထုကပါ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ အားလုံးပါဝင်မှုမြှင့်တင်ရေး၊ မဲစာရင်း မှန်ကန်ရေး၊ ပြည်သူလူထု အသိပညာပေးခြင်း၊ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံရေးပါတီများအနေဖြင့် တစ်တပ်တစ်အား ပါဝင်ကူညီဆောင်ရွက်ပေးစေလိုကြောင်း၊ ကော်မရှင်၏ မဟာဗျူဟာစီမံကိန်းအပေါ်ကိုလည်း ပိုမိုကောင်းမွန်အောင် သုံးသပ်ဆွေးနွေးအကြံပေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် IFES မှ Country Director Mr. Paul Guerin OBE က ဆွေးနွေးပွဲ အစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသောနိုင်ငံရေးပါတီများက အဖွဲ့ခွဲခြောက်ဖွဲ့ခွဲ၍ မဟာဗျူဟာစီမံကိန်းအပေါ် အခန်းအလိုက် ဆွေးနွေးအကြံပြုခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# Mr. Christian LECHERVY အား ပြင်သစ်သမ္မတနိုင်ငံ၏ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

**နေပြည်တော် ဇူလိုင် ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် Mr. Christian LECHERVY အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သမ္မတနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူပြီးဖြစ်သည်။

Mr. Christian LECHERVY ကို ၁၉၆၃ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ပြင်သစ်နိုင်ငံ လုဗ်တက္ကသိုလ်၌ တက်ရောက်ပညာသင်ကြားခဲ့ပြီး အသုံးချစီးပွားရေးဘာသာရပ်ဆိုင်ရာ မဟာဘွဲ့၊ ဆိုဗီယက်နှင့် အရှေ့ဥရောပ အဆင့်မြင့်လေ့လာရေးဆိုင်ရာ ဒီပလိုမာ၊ အသုံးချ စီးပွားရေးဘာသာရပ် အဆင့်မြင့်လေ့လာရေးဆိုင်ရာ ဒီပလိုမာနှင့် နိုင်ငံတကာဆက်ဆံရေး ဘာသာရပ်ဆိုင်ရာ ဒေါက်တာဘွဲ့များ ရရှိခဲ့သည်။ ၁၉၉၁ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ Paris XII တက္ကသိုလ်နှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့၏ မဟာဗျူဟာရေးရာဌာနများတွင် ရာထူးတာဝန်အဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။

Mr. Christian LECHERVY သည် ၂၀၀၂ ခုနှစ်တွင် ပြင်သစ်သမ္မတနိုင်ငံ ဥရောပနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၂ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း ဥရောပနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ဌာနအသီးသီး၌ ရာထူးအဆင့်ဆင့်ဖြင့် လည်းကောင်း၊ တောင်ပစိဖိတ်နိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီးအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ယင်းနောက် ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ သမ္မတရုံး၌ မဟာဗျူဟာနှင့် အာရှ-ပစိဖိတ်ရေးရာ အကြံပေးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၄ ခုနှစ် ဇူလိုင်လမှစ၍ ယနေ့အထိ ပစိဖိတ်အသိုက်အဝန်းဆိုင်ရာ သံအမတ်ကြီး၊ အမြဲတမ်းကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၎င်းသည် Knight of the National Order of the Legion of Honour ဆုရရှိခဲ့ပြီး အင်္ဂလိပ်၊ ရုရှား၊ ထိုင်း၊ ဗီယက်နမ်၊ မြန်မာနှင့် အီတလီဘာသာစကားများ တတ်ကျွမ်းသည်။ **သတင်းစဉ်**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇူလိုင် ၃**

ရန်ကုန်(ရွှေဈေး) ၉၃၂၀၀၀ - ၉၃၂၀၀၀ မန္တလေး(ရွှေဈေး) ၉၃၂၀၀၀ - ၉၃၂၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၀၀/၉၁၀ ကျပ်၊ | ၉၄၅/၉၇၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၁၅/၉၃၀ ကျပ်၊ | ၉၇၅/၁၀၁၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၆၅/၈၈၀ ကျပ်၊ | ၉၃၅/၉၆၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၁၅/၉၂၅ ကျပ်၊ | ၉၅၅/၉၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၈၀/၈၉၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၈၅/၈၉၈ ကျပ်၊

အောက်တိန်း ၉၂ တစ်လီတာ ၈၂၀/၈၃၀ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၃၉၉. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၆၂၇. ၃ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၂၀၉. ၈၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၄၂. ၁၇၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၄၆. ၀၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၂၀. ၃၅၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၁၂၅၉. ၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၂၅. ၀၆ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၁၀၂၆. ၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၁၀၂၁. ၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**ခေတ္တစာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း

**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957 ၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ ရက်နေ့ စတင်ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅



## ဆန်စဉ်ရာ ကျည်ပွေ့မလိုက်နိုင်

မိမိတို့အစိုးရအဖွဲ့ဟာ တိုင်းပြည်အတွက် လုပ်ငန်းတွေ နေ့စဉ်နေ့တိုင်း လုပ်ကိုင်နေကြရတာမှာ အချိန်အားရတယ်မရှိဘူး။ တချို့ ကိစ္စတွေဟာ တိုင်းပြည်မှာ ဖြစ်နေကြရတာက ဟိုကတစ်မျိုး ဒီကတစ်ဖုံဆိုတာလိုဖြစ်တော့ ဆန်စဉ်ရာ ကျည်ပွေ့မလိုက်နိုင်ဘူး။ ဒီတော့ မိမိတို့အစိုးရအဖွဲ့ တကယ့်အခက်အခဲတွေထဲမှာ အလုပ်လုပ်နေရတော့ တချို့နေရာမှာ မအောင်မြင်တာလေးတွေလည်း ရှိတယ်။ အောင်မြင်တာတွေလည်း ရှိတယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ မေလ ၃၀ ရက်က
သတင်းစာဆရာများနှင့် ဆွေးနွေးပွဲတွင် ပြောကြားခဲ့သော မိန့်ခွန်းမှ ကောက်နုတ်ချက်)



### လက်ခံတွေ့ဆုံ

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်
ဗြိတိန်နိုင်ငံသံအမတ်ကြီး
မစ္စတာ ဒယ်နီရယ် ပတရစ်
ဘရန်ဒန် ချဂ်အား
လက်ခံတွေ့ဆုံစဉ်။

(သတင်း-ရွှေ့ဖုံး)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ရုရှားနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၃**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H.E. Dr. Nikolay Listopadov အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် ရုရှား-မြန်မာနှစ်နိုင်ငံအကြား လွှတ်တော်အချင်းချင်း အပြန်အလှန် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံမှုတိုးမြှင့်ရေး၊ ကဏ္ဍအသီးသီးတွင်ပူးပေါင်းဆောင်ရွက်ရေး၊ ရုရှား-မြန်မာ လွှတ်တော်ချစ်ကြည်ရေးအသင်း တည်ထောင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံမှ ဘက်စုံထူးချွန်ကျောင်းသားများ မလေးရှားသို့ ထွက်ခွာ

**ရန်ကုန် ဇူလိုင် ၃**

YSS-ASEAN လူငယ်ကျောင်းသားများ လုပ်အားပေးအစီအစဉ်ကို မလေးရှားနိုင်ငံ ဆာရာဝပ်ပြည်နယ်၌ ဇူလိုင် ၄ ရက်မှ ၂၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ မြန်မာနိုင်ငံမှ ဘက်စုံထူးချွန် ကျောင်းသား ၂၀ သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။



မြန်မာကျောင်းသား လူငယ်များသည် တရုတ်နိုင်ငံမှ ကျောင်းသား ၁၈ ဦး၊ အာဆီယံနိုင်ငံ ကိုးနိုင်ငံမှ လူငယ် ၁၈၀ တို့နှင့်အတူ ပညာရေး၊ ကျန်းမာရေး၊ လူမှုဝန်းကျင်၊ စိုက်ပျိုးရေးနှင့် ဇီဝဗေဒ၊ အိုင်တီနှင့် စွန့်ဦးတီထွင် စီးပွားရေး၊ ဘေးအန္တရာယ်ကာကွယ်တားဆီးရေး အစရှိသည့် ကဏ္ဍများတွင် ပါဝင်လုပ်အားပေး လှုပ်ရှား ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အစီအစဉ်ကို ASEAN Secretariat နှင့် YSS (Ministry of Education Malaysia )တို့က full sponsorship ပေးထားခြင်းဖြစ်ပြီး မြန်မာကျောင်းသားများအတွက် JENKO Education က ပူးပေါင်းပါဝင် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နေအိမ်ခြံဝင်းအတွင်း မြက်ရှင်းရာမှ ငွေဒင်္ဂါးပြား ၃၈၀ တွေ့ရှိ

**မင်းလှ ဇူလိုင် ၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် စမ်းဘုတ်ကျေးရွာအုပ်စု စမ်းဘုတ်ကျေးရွာ၌ ဇူလိုင် ၃ ရက် နံနက် ၁၁ နာရီက နေအိမ်ခြံဝင်းအတွင်း မြက်ရှင်းရာမှ မြေကြီးအတွင်းမှ ငွေဒင်္ဂါးပြား ၃၈၀ တွေ့ရှိခဲ့သည်။

စမ်းဘုတ်ကျေးရွာနေ ဦးဝင်းဦးသည် နေအိမ်ခြံဝင်းအတွင်း အိမ်နောက်ဘက်၌ မြက်ရှင်းရာတွင် အိန္ဒိယနိုင်ငံသုံး ငွေဒင်္ဂါးပြား ၃၈၀ ထည့်ထားသော စဉ့်အိုးငယ်တစ်လုံးကို မြေကြီးအတွင်းမှ တူးဖော်ရရှိခဲ့သည်။

အဆိုပါ ငွေဒင်္ဂါးပြားများအားစစ်ဆေးရာ ၁၈၄၀ ပြည့်နှစ် ၇၁ ပြား၊ ၁၈၆၂ ခုနှစ် ၈၅ ပြား၊ ၁၈၇၄ ခုနှစ် တစ်ပြား၊ ၁၈၇၅ ခုနှစ် ၂ ပြား၊ ၁၈၇၆ ခုနှစ် လေးပြား၊ ၁၈၇၇ ခုနှစ် ၁၃ ပြား၊ ၁၈၇၈ ခုနှစ် ၁၂ ပြား၊ ၁၈၇၉ ခုနှစ် ငါးပြား၊ ၁၈၈၀ ပြည့်နှစ် ငါးပြား၊ ၁၈၈၂ ခုနှစ် ၁၄ ပြား၊ ၁၈၈၃ ခုနှစ် နှစ်ပြား၊ ၁၈၈၄ ခုနှစ် ရှစ်ပြား၊ ၁၈၈၅ ခုနှစ် ၁၁ ပြား၊ ၁၈၈၆ ခုနှစ် ၁၀ ပြား၊ ၁၈၈၇ ခုနှစ် ၁၈ ပြား၊ ၁၈၈၈ ခုနှစ် လေးပြား၊ ၁၈၈၉ ခုနှစ် ၁၃ ပြား၊ ၁၈၉၀ ပြည့်နှစ် ၄၇ ပြား၊ ၁၈၉၁ ခုနှစ် ၁၃ ပြား၊ ၁၈၉၂ ခုနှစ် ၂၈ ပြား၊ ၁၈၉၃ ခုနှစ် ငါးပြား စုစုပေါင်း ၃၈၀ ဖြစ်ကြောင်း၊ ငွေဒင်္ဂါးပြားများနှင့်ပတ်သက်၍ စစ်ကွင်းမြို့အုပ်ချုပ်ရေးမှူးက ပဲခူးတိုင်းဒေသကြီး ရှေးဟောင်းသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးနီလာထံ ဆက်သွယ်အကြောင်းကြားထားပြီး ငွေဒင်္ဂါးပြားများအား ကျေးရွာအုပ်ချုပ်ရေးမှူးထံတွင် ခေတ္တထိန်းသိမ်းထားကြောင်း သိရသည်။

**ပေါက်စ (မင်းလှ)**




၂၀၁၈ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမှာစကားပြောကြားစဉ်။

**✻ ရှေ့ဖုံးမှ**

အမျိုးသားအောင်ပွဲနေ့ စသဖြင့် ဒါမျိုးသာရှိတာပါ။ အဲဒီတော့ ကျွန်မတို့ စဉ်းစားဖို့လိုပါတယ်။ ဘာဖြစ်လို့ ကမ္ဘာတစ်လွှားမှာ အမျိုးသမီးနေ့၊ ကလေးသူငယ်များနေ့ဆိုပြီးတော့ ဒီလို သတ်သတ်မှတ်မှတ် ကျင်းပရသလဲဆိုတော့ အဖြေကတော့ ရိုးရိုးလေးလို့ ထင်ပါတယ်။ ကျွန်မတို့ သမိုင်းအစဉ်အလာအရ၊ လူ့အသိုင်းအဝိုင်းရဲ့ သဘောသဘာဝ ဖြစ်စဉ်တွေအရ အမျိုးသမီးတွေနဲ့ ကလေးသူငယ်တွေဟာ အားနည်းတဲ့အုပ်စုတွေအဖြစ် အရင်တုန်းက သတ်မှတ်ခဲ့ကြပါတယ်။ အမျိုးသားတွေဟာ အရင်တုန်းကတည်းက၊ ရှေးကမ္ဘာဦးခေတ်ကတည်းက အင်အားကြီးပြီးတော့ အထက်စီးကနေနေတဲ့ အသိုင်းအဝိုင်းလို့ပြောရင် မမှားပါဘူး။

**ရှေ့ကပြေးနေပြီ**

"ဒီလိုဖြစ်ရတဲ့အကြောင်းကလည်း အရင်တုန်းကဆိုရင် ကျွန်မတို့ရဲ့ လူသားများဟာ လူရိုင်းခေတ်ကနေပြီးတော့ စပြီးပြောမယ်ဆိုရင် ကာယဗလဟာ အဓိကဖြစ်ခဲ့လို့ပါပဲ။ ဘာကြောင့်အမျိုးသားတွေဟာ အမျိုးသမီးတွေထက် ကာယဗလပိုပြီးတော့ ကြီးမားသလဲဆိုတာကတော့ သိပ္ပံပညာရှင်တွေက ရှင်းပြထားတာရှိတော့ ကျွန်မအနေနဲ့ မရှင်းပြတော့ပါဘူး။ ဒါပေမယ့် အခုခေတ်က ကာယဗလခေတ် မဟုတ်တော့ပါဘူး။ အခုခေတ်က နည်းပညာခေတ်ပါ။ နည်းပညာခေတ်ဆိုတာ ခလုတ်ကလေး နှိပ်တတ်ရင်ရတယ်။ အမျိုးသားတွေနည်းတူ အမျိုးသမီးတွေဟာလည်း ခလုတ်နှိပ်တတ်ပါတယ်။ အခုအချိန်မှာ ကျွန်မတို့နိုင်ငံရဲ့ ပညာရေးအခြေအနေကို ကြည့်လိုက်ရင် အမျိုးသမီးတွေဟာ ပညာအရ၊ ကာယဗလအရ မဟုတ်ပေမယ့်လည်း ဉာဏဗလအရ အမျိုးသားတွေနဲ့ ယှဉ်ပြိုင်ရုံတင်မကဘူး ရှေ့ကတောင်မှ ပြေးနေပြီဆိုတာကို ကျွန်မတို့ တွေ့ရမှာ ဖြစ်ပါတယ်။

"ဒါ ကျွန်မတို့ နိုင်ငံမှာတင် မဟုတ်ပါဘူး။ တခြားနိုင်ငံတွေမှာလည်း ဒီလိုပဲ မြင်ရမှာပါ။ ကမ္ဘာတစ်ဝန်းမှာ ပညာရေးကဏ္ဍမှာ အမျိုးသမီးတွေဟာ အမျိုးသားတွေနဲ့ တန်းတူတင်မကဘူး အခွင့်အရေးရရင်၊ အခွင့်အရေးပေးတဲ့ နိုင်ငံတွေမှာဆိုရင် ရှေ့ကတောင်မှ ပြေးပါတယ်။ ကျွန်မတို့နိုင်ငံမှာလည်း အခုဒီတက္ကသိုလ်ဝင်စာမေးပွဲအောင်နှုန်းကိုကြည့်လိုက်ရင် တက္ကသိုလ်မှာရောက်နေတဲ့ ကျောင်းသား ကျောင်းသူများရဲ့ ရာခိုင်နှုန်းအနေအထားကို ကြည့်လိုက်ရင် အမျိုးသမီးများဟာ ပညာရေးဘက်မှာ အမျိုးသားတွေထက် ရှေ့ကပြေးလာပြီဆိုတာကို ကျွန်မတို့ မြင်ရမှာဖြစ်ပါတယ်။ ဒီဟာနဲ့တင် လုံလောက်သလားဆိုတာ ကျွန်မတို့ စဉ်းစားဖို့ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခုခေတ်မှာ ကာယဗလကို အားမကိုးဘူးဆိုပေမယ့်လည်း ဓနဗလကို အင်မတန်မှ အားကိုးလာတာကို ကျွန်မတို့ တွေ့ရပါတယ်။ ကာယဗလအားကိုးတဲ့ခေတ်လို့ မပြောနိုင်ပေမယ့်လည်း ဓနဗလလွှမ်းမိုးတဲ့ ခေတ်ကြီးဖြစ်လာပြီ။ ဓနဗလလွှမ်းမိုးတဲ့ ခေတ်ကြီးမှာ အဓိကအရေးကြီးတာကတော့ စိတ်ဓာတ်အင်အားပဲလို့ ကျွန်မဒီလိုပဲ ယူဆပါတယ်။

**စိတ်ဓာတ်အင်အား**

"ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်မှာရှိတဲ့ ဓနအင်အားတွေကို အလွဲသုံးစား မလုပ်ဖို့ဆိုတာ စိတ်ဓာတ်ရေးရာအပေါ်မှာ အများကြီး မူတည်ပါတယ်။ ကျွန်မတို့ အမျိုးသမီးတွေဟာ တကယ်ပဲ နိုင်ငံ့အတွက်တင်မကဘူး ကမ္ဘာ့လူ့အသိုင်းအဝိုင်းအတွက် အင်အားတစ်ခု ဖြစ်စေချင်တယ်။ တန်ဖိုးရှိတဲ့ အင်အားစုတစ်ခု ဖြစ်စေချင်တယ်ဆိုရင် စိတ်ဓာတ်အင်အားကို အဓိကထားပြီးတော့ မွေးမြူဖို့၊ စိတ်ဓာတ်အင်အားကို ပြုစုပျိုးထောင်ဖို့ အင်မတန်မှ အရေးကြီးပါတယ်။ အခုသုတေသန လုပ်ချက်အရ လူသားတွေဟာ အမုန်းစိတ်ကို ဆွလိုက်ရင် အင်မတန် ပါတတ်တယ်။ အမုန်းစိတ်ဆွတဲ့ဘက်ကို ပါတတ်တယ်။ မေတ္တာဘက်စိတ် ဆွတဲ့ဘက်ကိုပါဖို့ဟာ ပိုပြီးခက်တယ်ဆိုတာကို သုတေသနအရ တွေ့ရှိ တာရှိပါတယ်။ ဒီလို သုတေသနပြုစုတဲ့ နိုင်ငံတွေက ကိုယ့်လူမှုအသိုင်းအဝိုင်းကိုပဲ ကြည့်ပြီးတော့ လုပ်တာလား၊ တစ်ကမ္ဘာလုံးမှာရှိတဲ့ လူသားအားလုံးကိုပဲ သေသေချာချာ လေ့လာဆန်းစစ်ပြီးတော့ လုပ်တာလားဆိုတာကိုလည်း ကျွန်မတို့ မေးခွန်းထုတ်လို့ ရပါတယ်။ သို့သော်ငြားလည်း သုတေသနပြုတဲ့ လူတွေရဲ့အပြောအရ ဒါလူသားတွေရဲ့၊ ပုထုဇဉ်တွေရဲ့ စိတ်ဓာတ်အရ ပြောရမယ်ဆိုရင်တော့ လောဘ၊ ဒေါသ၊ မောဟတွေက ပိုပြီးတော့ ဆွလို့လွယ်တယ် ဆိုတာပါ။ ကျွန်မတို့ မြန်မာနိုင်ငံအတွက်ကတော့ ဒီလောဘ၊ ဒေါသ၊ မောဟဆိုတာက ပုထုဇဉ်လူသားတွေရဲ့ အဓိကအားနည်းချက်တွေဖြစ်တယ်ဆိုတာ ထူးထူးထွေထွေ ပြောနေဖို့မလိုပါဘူး။ ဒါပေမယ့် ဒီလိုပဲပြောနေပေမယ့် ဒီဟာတွေကို ပြုပြင်ပြောင်းလဲဖို့ ကျွန်မတို့ လုပ်ရဲ့လားဆိုတာကို စဉ်းစားဖို့က အရေးကြီးပါတယ်။

"အခုခေတ်ကြီးမှာ ကျွန်မတို့ ခဏခဏ အစိုးရအသိုင်းအဝိုင်းအတွင်းမှာ ဆွေးနွေးပြီးတော့ နိုင်ငံ့အတွက် ရေရှည်စဉ်းစားရတဲ့အခါမှာ အခု ဒီအိုင်တီခေတ်ကြီးမှာ၊ နည်းပညာခေတ်ကြီးမှာ ကလေးတိုင်း၊ ကလေးတိုင်းဆိုတာက ငယ်ငယ်လေးတွေ မဟုတ်ပေမယ့် ကျောင်းနေတဲ့ အချိန်လောက်ကနေ စပြီးတော့

**"ကျွန်မတို့ အမျိုးသမီးတွေဟာ တကယ်ပဲ နိုင်ငံ့အတွက်တင်မကဘူး၊ ကမ္ဘာ့လူ့အသိုင်းအဝိုင်း အတွက် အင်အားတစ်ခုဖြစ်စေချင်တယ်၊ တန်ဖိုး ရှိတဲ့ အင်အားစုတစ်ခု ဖြစ်စေချင်တယ်ဆိုရင် စိတ်ဓာတ်အင်အားကို အဓိကထားပြီးတော့ မွေးမြူဖို့၊ စိတ်ဓာတ်အင်အားကို ပြုစုပျိုးထောင်ဖို့ အင်မတန်မှ အရေးကြီးပါတယ်"**

ကလေးတိုင်း ကလေးတိုင်းဟာ လက်ကိုင်ဖုန်းလေးတွေနဲ့၊ သူတို့ဆဲလ်ဖုန်းလေးတွေနဲ့ အဲဒီကနေပြီးတော့ ကြည့်ချင်တာ ကြည့်ပြီးတော့ သင်ချင်တာ သင်ယူနိုင်တဲ့ခေတ်ကြီးမှာ ဘယ်လိုလုပ် ကျွန်မတို့ရဲ့လူငယ်တွေကို မှန်ကန်တဲ့ စိတ်ဓာတ်ရှိအောင် သင်ပေးနိုင်မလဲ၊ ဘယ်လိုလုပ် မိဘတွေ၊ ဆရာတွေက ဒီလူငယ်တွေကို မှန်ကန်တဲ့လမ်းကြောင်းပေါ်မှာ သွားဖို့ဟာကို ပြုစုပျိုးထောင်ပေးနိုင်မလဲဆိုတာကို အင်မတန်မှစဉ်းစားရပါတယ်။ အခုခေတ်ကြီးမှာဆိုရင် လူငယ်တွေက ပြန်တောင်မှ မေးဦးမှာ။ ဒီလမ်းကြောင်းက မှန်တယ်ဆိုတာ မိဘများက ဆုံးဖြတ်ပိုင်ခွင့်ရှိလို့လား၊ ဘယ်လမ်းကြောင်းက မှန်တယ်ဆိုတာ ဆရာ ဆရာမတွေက ဆုံးဖြတ်ပိုင်ခွင့်ရှိလို့လားဆိုပြီးတော့ မေးတဲ့ခေတ်ကြီး ဖြစ်လာပါပြီ။ ဘာဖြစ်လို့လဲဆိုတော့ မိဘတွေ၊ ဆရာတွေ မသင်တဲ့ကိစ္စတွေကို ကိုယ့်ဘာသာကိုယ် သင်ယူနိုင်တဲ့ ခေတ်ဖြစ်နေပါပြီ။

"အဲဒါကြောင့် ကျွန်မတို့ အမျိုးသမီးတွေဟာ အရင်တုန်းက အဆိုအတိုင်း ပုခက်လွှဲတဲ့ လက်က ကမ္ဘာကို လွှမ်းမိုးတယ်၊ ကမ္ဘာကို စိုးမိုးတယ်ဆိုတာ တကယ်တော့ လွှမ်းမိုးဖို့၊ စိုးမိုးဖို့ မဟုတ်ပါဘူး။ မတည်ပေးဖို့ပါ။ အဲဒီလွှမ်းမိုးချင်တဲ့၊ စိုးမိုးချင်တဲ့စိတ်က အဓိက မဟုတ်ပါဘူး။ အဲဒီစိတ်ကိုက ကျွန်မတို့ရဲ့ လူ့အသိုင်းအဝိုင်း၊ ကျွန်မတို့ရဲ့ ကမ္ဘာကြီးကို ပြဿနာဖြစ်စေတာပါ။ ဘာဖြစ်လို့ လွှမ်းမိုးချင်ရမှာလဲ၊ ဘာဖြစ်လို့ စိုးမိုးချင်ရမှာလဲ၊ ဖေးမပေးဖို့ လက်တွဲပြီးတော့ ခေါ်ပေးဖို့က အဓိကဖြစ်ပါတယ်။ အဲဒီတော့ ကိုယ့်ရဲ့ သားသမီးတွေ၊ ကိုယ်ပြုစုပျိုးထောင်ရတဲ့ ကလေးတွေ၊ ဆရာ ဆရာမတွေဆိုရင် တကယ်တော့ ကျွန်မတို့ နိုင်ငံမှာ ဆရာ ဆရာမလို့ပြောတဲ့ဟာက ယဉ်ကျေးမှုအရလည်း ဆရာ ဆရာမဆိုပြီးတော့ အမျိုးသားတွေကို မထားခဲ့ချင်လို့၊ အမျိုးသားတွေ ထည့်ပြီး ပြောတာလည်းပါတယ်။ နောက်ပြီးတော့ ကျွန်မတို့ရဲ့ မျှော်လင့်ချက်အရပေါ့။ ဒီပညာရေးကဏ္ဍမှာ အမျိုးသားတွေ ပိုပြီးတော့ပါဝင်လာစေချင်လို့လည်း ပါပါတယ်။ သို့သော်ငြားလည်း တကယ်တော့ ကျွန်မတို့နိုင်ငံမှာ ပညာရေးကဏ္ဍမှာ ကလေးတွေကို သွန်သင်ဆုံးမတဲ့ ဆရာ ဆရာမတွေသာဆိုတယ် ၁၀၀ ရာခိုင်နှုန်းနီးပါးက ဆရာမတွေဖြစ်နေပါတယ်။ အမျိုးသမီးတွေပဲ ဖြစ်နေပါတယ်။ ဒါကြောင့် အမျိုးသမီးတွေအနေနဲ့ ကလေးတွေရဲ့ စိတ်ဓာတ်ပြုစုပျိုးထောင်ရေးကို အဓိကထားပြီးတော့ စဉ်းစားစေချင်ပါတယ်။ တချို့က ဒါ အမျိုးသမီးတွေကသာ ကလေးတွေ၊ သားသမီးတွေကို စောင့်ရှောက်ထိန်းသိမ်းရမယ့် ခေတ်မဟုတ်ဘူး။ အမျိုးသားတွေလည်းပါရမယ်။ ဖခင်တွေလည်းပါရမယ်။ ဒါမှန်ပါတယ်။ စောစောက ကျွန်မပြောခဲ့တဲ့ အထဲမှာ အမျိုးသားများနေ့ရယ်လို့ မရှိဘူး၊ အမျိုးသမီးများနေ့၊ ကလေးသူငယ်များနေ့ရယ်လို့ရှိတယ်၊ သို့သော်ငြားလည်း ဖခင်များနေ့တော့ရှိတယ်။ မိခင်များနေ့နည်းတူ ဖခင်များနေ့တော့ ရှိပါတယ်။ ဒါကြောင့်မို့ ဖခင်တွေရဲ့ကဏ္ဍကိုလည်း လျစ်လျူရှုထားတာ မဟုတ်ပါဘူး။

**မှန်ကန်တဲ့စိတ်ထား**

"လက်တွေ့ကျကျ ကြည့်မယ်ဆိုရင်တော့ အမျိုးသမီးတွေဟာ အခုလက်ရှိအခြေအနေမှာဆိုရင် ကျွန်မတို့ရဲ့ပညာရေးကဏ္ဍ အခြေအနေအရ အမျိုးသမီးတွေဟာ အဓိက ကလေးသူငယ်တွေကို သွန်သင်ဆုံးမသူတွေဖြစ်ပါတယ်။ ဒီတော့ စိတ်ဓာတ်ရေးရာအရ ဘယ်လိုပြုစုပျိုးထောင်ပေးမလဲဆိုတာကို စဉ်းစားစေချင်ပါတယ်။ ဒါဟာ ကိုယ့်ရဲ့ အိမ်မှာတောင်မှ မှန်ကန်တဲ့စိတ်ထားတွေကို သင်ပေးရဲ့လား။ ကိုယ့်သား၊ ကိုယ့်သမီးတွေကို မှန်ကန်တဲ့စိတ်ဓာတ်တွေ ပြုစုပျိုးထောင်ပေးရဲ့လားဆိုတာကို စဉ်းစားစေချင်ပါတယ်။ ကျွန်မတို့ရဲ့ လူ့အသိုင်းအဝိုင်းမှာ ကျွန်မကိုယ်တိုင်လည်း မကြာခဏ ကြားရပါတယ်။ အားလုံးလည်းသိမှာပဲ။ မိဘတွေကကို ယှဉ်ပြိုင်ချင်တဲ့စိတ်ရှိတယ်။ ဟိုဘက်အိမ်က ကလေးထက်သာရမယ်၊ အတန်းထဲက ဘယ်သူ့ထက်သာရမယ်။ အဲဒီဟာတွေကို ခဏခဏ သင်ပေးတဲ့အခါကျတော့ ကျွန်မတို့ရဲ့ လူငယ်တွေကြားထဲမှာ ပူးပေါင်းဆောင်ရွက်ချင်တဲ့စိတ်၊ မုဒိတာ ပွားချင်တဲ့စိတ်။ မုဒိတာပွားခြင်းဟာ နည်းသွားတာပေါ့။ သူက တော်လိုက်တာဆိုပြီးတော့ ချီးမွမ်းတာဟာ ရိုးရိုးချီးမွမ်းတာမဟုတ်ဘဲနဲ့ ကိုယ့်သား ကိုယ့်သမီးကို သူကတော်လိုက်တာ၊ မင်းကတော့ ဘာလို့ ဒီလောက်မတော်လဲဆိုတဲ့ပုံစံနဲ့ ချီးမွမ်းတဲ့အခါမှာတော့ ကလေးတွေရဲ့ စိတ်ထဲမှာ ငယ်ငယ်ကတည်းက သူတို့ရဲ့တန်ဖိုးဟာ တခြားသူထက် သာနိုင်မှ မြင့်တယ်လို့ ထင်သွားကြပါတယ်။ တကယ်တော့ တခြားသူထက်သာတယ်ဆိုတာ ဘယ်သူကမှ တခြားသူ တစ်ယောက်ထက် နေရာတကာမှာ မသာနိုင်ပါဘူး။ ကိုယ့်ရဲ့အားနည်းချက်ရှိတယ်။ ကိုယ့်ရဲ့အားသာချက်ရှိတယ်။ သူ့ရဲ့ အားနည်းချက်ရှိတယ်။ သူ့ရဲ့အားသာချက်ရှိတယ်။

**ပုထုဇဉ်လူသားများရဲ့နေ့**

"ကျွန်မတို့အမျိုးသမီးတွေဟာ နောင်တစ်ချိန်တစ်ခါမှာ ကမ္ဘာကြီးမှာ အမျိုးသမီးများနေ့၊ အမျိုးသားများနေ့ရယ်လို့ ခွဲခြားပြီးတော့မထားဘဲနဲ့ ပုထုဇဉ်လူသားများရဲ့နေ့လို့ ဖြစ်သွားအောင်လို့ ဦးတည်သင့်ပါတယ်။ အဲဒီတော့ ကျွန်မတို့ဟာ အမျိုးသမီးရော၊ အမျိုးသားရော၊ ကလေးတွေရော နိုင်ငံတစ်နိုင်ငံမှာ လူ့အသိုင်းအဝိုင်းတစ်ခုမှာ အားလုံး ပူးပေါင်းပြီးတော့ ညီညီညွတ်ညွတ်ရှိမှ ဒီအသိုင်းအဝိုင်းမှာ တိုးတက်နိုင်မှာပါ။ ကျွန်မတို့ နိုင်ငံရဲ့အားနည်းချက်တွေကို အားလုံးသိပါတယ်။ ကျွန်မတို့က ဓနအင်အားမှာလည်း အင်မတန်မှ အားနည်းပါတယ်။ ဖြတ်သန်းခဲ့ရတဲ့ သမိုင်းကြောင်းတစ်လျှောက် စိတ်ဓာတ်ရေးရာဘက်မှာလည်း အားရှိသင့်သလောက် မရှိသေးပါဘူး။ ဒါကြောင့် ကြိုးစားရမယ့်နေရာတွေက အများကြီးပါ။ ဒီလို ကြိုးစားခွင့်ရတာကို ဂုဏ်ယူပါ၊ ကြိုးစားခွင့်ရတာကို ဝမ်းသာပါလို့ ထပ်ခါတလဲလဲ သတိပေးအပ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တစ်ခါတလေ ကျွန်မတို့ ပြည်သူပြည်သားတွေက ငါတို့ ဒီလိုဆင်းရဲတဲ့နေရာမှာ ကြီးလာရလေခြင်း၊ မွေးလာရလေခြင်း၊ ဒီလိုခက်ခဲတဲ့အချိန်အခါမှာ ကြီးပြင်းလာရလေခြင်းဆိုတဲ့ အဲဒီလိုညည်းညူတာတွေလည်း ကျွန်မတို့ ကြားရပါတယ်။ ဒါပေမယ့်လည်း အခက်အခဲတွေနဲ့ရင်ဆိုင်ရမှ ကိုယ့်ရဲ့အစွမ်းအစတွေကို ထုတ်သုံးပြီးတော့ အများအကျိုးအတွက် လုပ်ပေးနိုင်တဲ့ အခွင့်အရေးရမှာပါ။ ဒါကြောင့် ကျွန်မတို့ ဒီအခွင့်အရေးတွေကို အကောင်းဆုံးဖြစ်အောင် လုပ်စေချင်တယ်။

**စာမျက်နှာ ၅ သို့ ❍**

# လူသားအချင်းချင်းဆက်ဆံမှု ပိုကြီးထွားအောင်၊ ပိုကောင်းမွန်အောင် အချင်းချင်းပူးပေါင်းရမယ့်အစား ကိုယ့်ရဲ့ကွန်ပျူတာ၊ ဖုန်းနဲ့ပဲ ဆက်သွယ်နေမယ်ဆိုရင် လူ့အသိုင်းအဝိုင်းအတွက် အကျိုးပြုမှာမဟုတ်




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၀၁၈ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

❍ စာမျက်နှာ ၄ မှ

"အမျိုးသမီးတွေအနေနဲ့ အမျိုးသမီးနေ့ကို အသိအမှတ်ပြုတဲ့အခါ အမျိုးသမီးအခွင့်အရေး၊ အမျိုးသမီးရပိုင်ခွင့်၊ အမျိုးသမီးလုပ်ပိုင်ခွင့် ဒီဟာတွေတင်မကဘဲနဲ့ ဒီအခွင့်အရေးတွေကို အများအတွက် ဘယ်လိုသုံးမလဲဆိုတာကို အဓိကထားပြီးတော့ စဉ်းစားစေချင်ပါတယ်။ အမျိုးသမီးများ ပိုပြီးတော့ အခွင့်အရေးရလာရင်၊ အမျိုးသမီးများအတွက် အခွင့်အလမ်းတွေ ပိုပြီးတော့ပွင့်လာရင် အားလုံးအတွက် ဘယ်လိုကောင်းအောင် ပိုပြီးတော့ လုပ်နိုင်မယ့် အခွင့်အလမ်းတွေ ကျွန်မတို့ရနိုင်မလဲဆိုတာကို စဉ်းစားစေချင်ပါတယ်။ အထူးသဖြင့် အမျိုးသမီးများနေ့ဆိုတော့ အမျိုးသမီးများအကြောင်းပဲ ပြောနေတယ်ဆိုရင် အမျိုးသမီးများရဲ့ အစဉ်အလာအရ ကဏ္ဍတစ်ခုဖြစ်တဲ့ သားသမီးများ ပြုစုပျိုးထောင်ရေးကိုလည်း ဘယ်တော့မှ မမေ့စေချင်ပါဘူး။ ပြုစုပျိုးထောင်ခြင်းဆိုတာ စာမေးပွဲအောင်ဖို့နဲ့ ဂုဏ်ထူးတွေအများကြီးရဖို့ ဒါအဓိက မဟုတ်ပါဘူး။ မှန်ကန်တဲ့စိတ်ထားတွေနဲ့ ဒီကလေးတွေဟာ ကြီးပြင်းလာဖို့၊ ရှုံးနိမ့်မှုကိုရော၊ အောင်နိုင်မှုကိုရော တည်တည်ငြိမ်ငြိမ်နဲ့ ရင်ဆိုင်နိုင်ဖို့၊ လူသားတိုင်း လူသားတိုင်းဟာ ရှုံးနိမ့်မှုနဲ့ အောင်မြင်မှုကြောင့် အဆမတန် တုန်လှုပ်ခြင်းမရှိဘူးဆိုရင် ကျွန်မတို့ရဲ့ လူ့လောကကြီးဟာ အင်မတန်မှ ပိုပြီးတော့ အေးချမ်းမှာပါ။ ရှုံးနိမ့်မှုကို ကြောက်ကြတယ်။ ရှုံးနိမ့်မှုဖြစ်ရင် ဝမ်းနည်းပက်လက် ဖြစ်ကြတယ်။ အောင်နိုင်မှုကိုလိုလားကြတယ်။ အောင်နိုင်မှုရှိတဲ့သူတွေက မော်ကြွားကြတယ်။ နောက်ပြီးတော့ အောင်နိုင်မှုရတဲ့လူတွေက ရှုံးနိမ့်တဲ့သူတွေကို အထင်သေးကြတယ်။ ဒါတွေဟာ ကျွန်မတို့အတွက် လောဘ၊ ဒေါသတွေပွားစေတဲ့ စိတ်ဓာတ်တွေ ဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသမီးများဟာ ကျောင်းဆရာမတွေဆိုရင် မိမိတို့အတန်းအတွင်းက ကလေးတွေ၊ မိခင်တွေဆိုရင် မိမိတို့ရဲ့ သားသမီးတွေ၊ ကျွန်မတို့ထဲက တော်တော်များများကတော့ သားသမီးကို ပြုစုပျိုးထောင်တဲ့ အရွယ်ကလွန်ပြီးတော့ မြေးတွေနဲ့ ကစားတဲ့အရွယ်ကို ရောက်သွားပြီ။ ကျွန်မကို အဘိုး၊ အဘွားတချို့က ပြောပါတယ်။ မြေးတွေက အဘိုး၊ အဘွားတွေကို စိတ်မဝင်စားဘူးတဲ့၊ သူတို့ရဲ့ ဆဲလ်ဖုန်းကိုပဲ စိတ်ဝင်စားတယ်တဲ့၊ အဲဒါလည်း တကယ်တော့ ဝမ်းနည်းစရာကောင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အချင်းချင်းဆက်ဆံတတ်ဖို့က အဓိက ကျွန်မတို့နိုင်ငံရဲ့ တိုးတက်ရေးအတွက် လိုအပ်ချက်ဖြစ်ပါတယ်။

## အားလုံးကိုသင်ပေးစေချင်

"ဒါကြောင့် ဒါကို အမျိုးသမီးများက သင်ပေးရမယ်ဆိုတာ ကိုယ့်ရဲ့သားသမီးတွေ၊ ကိုယ့်ရဲ့ မြေးတွေဟာ လူသားတွေအချင်းချင်း ဆက်ဆံမှုပိုပြီးတော့ ကြီးထွားအောင်၊ ပိုပြီးတော့ ကောင်းမွန်အောင်၊ လုပ်ချင်တဲ့စိတ်တွေဖြစ်လာအောင် အချင်းချင်းပူးပေါင်းရမယ့်အစား ထိုင်ပြီးတော့ ကိုယ့်ရဲ့ကွန်ပျူတာလေးနဲ့၊ ကိုယ့်ရဲ့ ဖုန်းလေးနဲ့ပဲ ဆက်သွယ်နေမယ်ဆိုရင် ဒါလူ့အသိုင်းအဝိုင်းအတွက် အများကြီးတော့ အကျိုးပြုမှာ မဟုတ်ပါဘူး။ သူတို့ နည်းပညာတွေအများကြီးတတ်မယ်၊ ဗဟုသုတတွေအများကြီးရမယ် သို့သော်လည်း ကောင်းတဲ့ ဗဟုသုတလား၊ ဆိုးတဲ့ဗဟုသုတလားဆိုတာ ခွဲလို့မရတော့ဘူး။ အားလုံးဝင်လာတာပဲ။ ဒါကြောင့် ကိုယ့်ဘာသာကိုယ် အကောင်းအဆိုး၊ အကြောင်းအကျိုး ခွဲခြားတတ်တဲ့ စိတ်ဓာတ်၊ ခွဲခြားချင်တဲ့ဆန္ဒရှိအောင် အားလုံးကို သင်ပေးစေချင်ပါတယ်။ ဒါကြောင့် ကျွန်မတို့ အမျိုးသမီးများနေ့ကို တစ်နှစ်တစ်ခါ ကျင်းပပါတယ်။

"တစ်နှစ်တစ်ခါ ကျင်းပတဲ့အခါ အရင်နှစ်က ကိုယ်ဟာအမျိုးသမီးတစ်ယောက်အနေနဲ့ ဘာလုပ်ခဲ့သလဲ၊ အမျိုးသမီးတစ်ယောက်အနေနဲ့ဆိုတာဟာ စဉ်းစားလိုက်ရင် မိခင်တစ်ယောက်အနေနဲ့လည်း ဖြစ်နိုင်တယ်။ မိတ်ဆွေတစ်ယောက်အနေနဲ့လည်း ဖြစ်နိုင်တယ်။ ကိုယ့်ရဲ့အလုပ်ခွင်က လုပ်ဖော်ကိုင်ဖက် တစ်ယောက်အနေနဲ့လည်းဖြစ်နိုင်တယ်။ နောက်ပြီးတော့ ဇနီးသည်တစ်ယောက်အနေနဲ့လည်း ဖြစ်နိုင်တယ်။ အဘွားတစ်ယောက်အနေနဲ့၊ အဒေါ်တစ်ယောက်အနေနဲ့လည်း ဖြစ်နိုင်တယ်။ လူတိုင်းလူတိုင်းရဲ့ကဏ္ဍဟာ အများကြီးကျယ်ဝန်းပါတယ်။ လူတစ်ယောက်ဟာ ထီးတည်းကြီးနေတာ မဟုတ်ပါဘူး။ ကျွန်မတို့ အမျိုးသမီးတိုင်း အမျိုးသမီးတိုင်းဟာ တစ်နှစ်ကာလအတွင်း အရင်အမျိုးသမီးနေ့နဲ့ ဒီအမျိုးသမီးနေ့မှာ တစ်နှစ်ကာလအတွင်းမှာ ဘယ်လောက်ကိုယ်ဟာ အများအကျိုးအတွက် ဆောင်ရွက်ခဲ့သလဲ။ ကိုယ့်အကျိုးအတွက်ရော ဘယ်လောက်ဆောင်ရွက်ခဲ့သလဲ။ ဒါလည်း အရေးကြီးပါတယ်။ ပရဟိတ၊ အတ္တဟိတ နှစ်ခုစလုံးပြည့်စုံမှ ကျွန်မတို့ဟာ ပြည့်စုံတဲ့ လူသားတွေဖြစ်မှာပါ။ ကိုယ့်အတွက် ဆိုတာဟာ ကိုယ်ကပိုပြီးတော့ ပြည့်စုံတဲ့ လူသားတစ်ယောက်ဖြစ်လာဖို့ ကိုယ်ဘာလုပ်ခဲ့သလဲဆိုတာ အဲဒါကို ဆိုလိုတာ။ တခြားသူတွေအတွက်ဆိုတာလည်း ဒီလိုပါပဲ။ အများအတွက် အများဟာလည်း ပိုပြီးတော့ ပြည့်စုံတဲ့ လူသားတွေဖြစ်နိုင်ဖို့အတွက် ဘယ်လိုကူညီမလဲ။ ဒါဟာ ရုပ်ပိုင်းဆိုင်ရာလည်း ဖြစ်နိုင်တယ်။ စိတ်ပိုင်းဆိုင်ရာလည်း ဖြစ်နိုင်တယ်။ ပညာပိုင်းဆိုင်ရာလည်း ဖြစ်နိုင်တယ်။ အဲဒီတော့ ဒါတွေကို ကျွန်မတို့က စဉ်းစားစေချင်ပါတယ်။

## အခွင့်အလမ်းတွေရှိနေ

"အရေးကြီးတယ်ဆိုတာက ဖွံ့ဖြိုးတိုးတက်မှုဆိုတာ တစ်နှစ်နဲ့တစ်နှစ် မှန်မှန်တိုးတက်လာဖို့က အရေးကြီးပါတယ်။ ဒီတစ်နှစ်မှာ အရင်နှစ်က ပြန်စဉ်းစားလိုက်ရင် အရင်နှစ်က သိပ်ပြီးတော့ မဖြစ်မြောက်ဘူးဆိုရင် ဒီနှစ် ပိုပြီးတော့ကြိုးစားပါ။ ကျွန်မတို့ဟာ အသက်ရှင်နေသရွေ့ အခွင့်အလမ်းတွေကတော့ အမြဲရှိနေမှာပဲ။ အသက်ရှင်နေသရွေ့ ကျွန်မတို့ဟာ တိုးတက်နိုင်ဖို့ အခွင့်အလမ်းတွေ ရှိနေပါမယ်"ဟု ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၂၀၁၈ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ ဆောင်ရွက်ချက်များ၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ဘဝ မြှင့်တင်ရေးဆောင်ရွက်ချက်များ၊ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း၏ ဆောင်ရွက်ချက်များ၊ အမျိုးသမီးသက်မွေးပညာသင်တန်းကျောင်းနှင့် အိမ်တွင်းမှု သက်မွေးလုပ်ငန်းသင်တန်းကျောင်းများမှ ထုတ်လုပ်သည့် ထုတ်ကုန်များကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

**သတင်းစဉ်**

# ကနေဒါနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲကျင်းပ



**ရန်ကုန် ဇူလိုင် ၃**

ကနေဒါနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ်ညှော်ခံပွဲ အခမ်းအနားကို ယနေ့ ည ၇ နာရီတွင် ရန်ကုန်မြို့ Chatrium Hotel ၌ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် ဇနီး ဒေါ်သင်းသင်းနုတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သီချင်းနှင့် ကနေဒါနိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ကနေဒါနိုင်ငံ သံအမတ်ကြီး H.E. Ms. Karen MACARTHUR နှင့် ဒုတိယဝန်ကြီး ဦးအောင်ထူးတို့က နှုတ်ခွန်းဆက်စကားပြောကြားပြီး ကနေဒါနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ် ကိတ်ကို လှီးဖြတ်ပေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် ဇနီး၊ သံအမတ်ကြီးတို့က ညှော်ခံပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ညှော်ခံပွဲသို့ တက်ရောက်လာကြသူများအား သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်မြို့ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

**အာဇာနည်နေ့အကြို ဆောင်းပါး**

# စာပေချစ်သော တို့ဗိုလ်ချုပ်

## ခင်မောင်ဌေး (ပညာရေး)

ဇူလိုင်လဖြစ်သည်နှင့် ရာသီစာလေးများ ဝေဝေဆာဆာ ဖတ်ရသည်။ ကဗျာအားသန်သူက ကဗျာ၊ ဆောင်းပါးအားသန်သူကဆောင်းပါး၊ ရှုထောင့်အမျိုးမျိုး၊ အမြင်အမျိုးမျိုး ဖတ်ရှုရသည်မှာ ရသတစ်မျိုးစီခံစားရသကဲ့သို့ပင်။ စင်စစ် အာဇာနည်နေ့နှင့် အာဇာနည်ပုဂ္ဂိုလ်ကြီးများ၏ ကျေးဇူးအား တစ်နေ့တစ်ရက်တည်း အောက်မေ့တသရုံဖြင့်မပြီး၊ အစဉ်အမြဲ သတိရနေကြဖို့တော့ လိုပါသည်။

### ခြယ်မှုန်းရေးသားခဲ့ကြ

စင်စစ်ဗိုလ်ချုပ်ကို လွတ်လပ်ရေးဗိသုကာကြီး၊ တပ်မတော်၏ဖခင်၊ နိုင်ငံလွတ်လပ်ရေးအတွက် သက်စွန့်ကြိုးပမ်းခဲ့သည့် အာဇာနည်အဖြစ်အမျိုးမျိုး အမွှမ်းတင်၍ ရေးဖွဲ့ခဲ့ကြသည်။ ဗိုလ်ချုပ်နှင့် ပတ်သက်၍ ကျင်လည်ခဲ့သည့် ဘဝအဖုံဖုံကို စာရေးဆရာအစုံစုံတို့က နယ်ပယ်အသီးသီးမှ ခြယ်မှုန်းရေးသားခဲ့ကြသည်သာဖြစ်သည်။ အထူးသဖြင့် ဗိုလ်ချုပ်၏ ငယ်ဘဝ၊ တက္ကသိုလ်ကျောင်းသားဘဝ၊ အယ်ဒီတာဘဝ၊ သခင်ဘဝမှသည် ဗိုလ်အောင်ဆန်း၊ ဗိုလ်ချုပ်အောင်ဆန်းဘဝအထိ နယ်ပယ်စုံလှသည်ကို တွေ့ရပါသည်။ ဗိုလ်ချုပ်၏ဘဝသည် နိုင်ငံလွတ်လပ်ရေးရရန် နိုင်ငံရေးလှုပ်ရှားမှုများ၊ လွတ်လပ်ရေးကြိုးပမ်းမှုများနှင့်သာ အချိန်ကုန်လွန်ခဲ့ရလေသည်။

ဆိုရလျှင် ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံရေးသမားသက်သက်မဟုတ်ပါ။ စာပေသမားစစ်စစ်ကြီးဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ ရောက်သောအခါ ဗိုလ်ချုပ်ဖတ်ရှုခဲ့သည့်စာအုပ်များကို မှန်ဗီရိုတစ်ခုဖြင့် ပြသထားပါသည်။ အမျိုးပေါင်းစုံလှသကဲ့သို့ အင်္ဂလိပ်စာဖြင့်ရေးသားသည့် စာအုပ်ကအများစုဖြစ်သည်ကို တွေ့ရလေသည်။ ဗိုလ်ချုပ်သည် ထိုစာအုပ်များကို မြတ်မြတ်နိုးနိုးဖြင့် အသေအချာဖတ်ခဲ့သည်ကို ဗိုလ်ချုပ်၏ဘဝဖြတ်သန်းမှုကို လေ့လာကြည့်ခြင်းဖြင့် သိနိုင်သည်။

### အထင်ကြီးလေးစားစရာများ

ဗိုလ်ချုပ်သည် နိုင်ငံရေးသမားဖြစ်သော်လည်း စာပေလေ့လာဖတ်ရှုမှု အားအလွန်ကောင်းသူဖြစ်ပါသည်။ ငယ်စဉ်ကပင် အင်္ဂလိပ်စာဝါသနာပါကာ လေ့လာမှုအားကောင်းသူဖြစ်၍ ဗိုလ်ချုပ်၏ အင်္ဂလိပ်စာအရေးအသားမှာ နိုင်ငံခြားသားများပင် အသိအမှတ်ပြုရလေသည်။ စာပေလေ့လာဖတ်ရှုမှုအားကောင်းသူဖြစ်၍ ဗိုလ်ချုပ်၏ နိုင်ငံရေးလှုပ်ရှားမှုနှင့် ဦးဆောင်မှုအခန်းကဏ္ဍတွင် အထင်ကြီးလေးစားစရာများအဖြစ် တင်ကျန်ရစ်ခဲ့သည်သာဖြစ်သည်။

စင်စစ်ဗိုလ်ချုပ်သည် စာအလွန်ဖတ်သူဖြစ်သကဲ့သို့ စာပေအရေးအသားကောင်းသူဖြစ်သည်။ စာစုံရေးနိုင်သူ ဖြစ်သည်။ ၎င်း၏ လုပ်ဖော်ကိုင်ဖက်များနှင့် တွေ့တိုင်း "မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးရင် နားတော့မယ်၊ စာတွေရေးမယ်"ဟု မကြာခဏ ပြောဆိုဖူးလေသည်။ သို့သော်လည်း လွတ်လပ်ရေး၏အရသာကို မခံစားလိုက်ရပေ။ ဗိုလ်ချုပ်၏ စာပေလက်ရာများရှိသော်လည်း စာတစ်စောင်ပေတစ်ဖွဲ့အဖြစ် သတ်သတ်မှတ်မှတ် ထုတ်ဝေခဲ့သည်မရှိ။ ဟိုနားတစ်ပုဒ် သည်နားတစ်ပုဒ် ပြန့်ကျဲနေသည်ကိုသာ တွေ့ရလေတော့သည်။ ထင်ရှား သည့်ဆောင်းပါးအချို့ (ဥပမာ၊ ကျောင်းသားဝတ္ထုရား)သာ စာစောင်အချို့တွင် တွေ့ရသော်လည်း များစွာတိမ်မြုပ် နေသေးလေသည်။

သို့ဖြစ်၍လည်း ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်၍ လုပ်ဖော်ကိုင်ဖက်တစ်ဦးဖြစ်သူ ဦးသိန်းဖေမြင့်က ၎င်းတည်းဖြတ်ထုတ်ဝေသည့် "ဘုံဝါဒနှင့် တို့ဗမာ" စာအုပ်တွင် "သခင်အောင်ဆန်းသည် စာပေအရေးအသားဝါသနာပါသော်လည်း စာတစ်အုပ်ဖြစ်မြောက်အောင်ရေးသားရန် အချိန်မရခဲ့သဖြင့် သခင်အောင်ဆန်းရေးခဲ့သောစာအုပ်ဟူ၍ပြစရာ မရှိဖြစ်ခဲ့ရလေသည်" ဟူ၍ ဝမ်းနည်းစကားဆိုခဲ့ဖူးပါသည်။

### စုစုပေါင်း ၁၈ စောင်

ဗိုလ်ချုပ်၏ ပြန့်ကျဲနေသော စာပေလက်ရာများကို ညွှန်ကြားရေးမှူး ဦးမြဟန် (ငြိမ်း)က "ဗိုလ်ချုပ်၏စာပေလက်ရာများ"အဖြစ် ခက်ခက်ခဲခဲရှာဖွေ စုစည်းထားရာ လူငယ်တို့အတွက် ပြန်၍မျှဝေခွင့်ရရှိသဖြင့် ဝမ်းသာကျေနပ်မိပါသည်။ စုစည်းတင်ပြချက်များအရဆိုလျှင် ဗိုလ်ချုပ်ရေးခဲ့သည်မှာ မြန်မာဘာသာဖြင့် ၁၄ ပုဒ်၊ အင်္ဂလိပ်ဘာသာဖြင့် လေးပုဒ်၊ ဥယျောဇဉ်က သုံးစောင်၊ သဝဏ်လွှာတစ်စောင်နှင့် မိတ်ဆက်စာများ ပေါင်းလိုက်သောအခါ စုစုပေါင်း ၁၈ စောင်ဖြစ်သည်။

### စာပေလုပ်ငန်းအစ

ဗိုလ်ချုပ်ရေးခဲ့သည့် စာပေအမျိုးအစားများကို ပိုင်းခြားကြည့်လျှင် အတ္ထုပ္ပတ္တိစာပေ၊ နိုင်ငံရေးနှင့် သမိုင်းဆိုင်ရာစာပေ၊ ဘာသာရေးနှင့် လူမှုရေးစာပေနှင့် စာပေသဘောတရားများဆိုင်ရာ စာပေဟူ၍ စာပေမျိုးစုံကိုတွေ့ရသည်။ ဗိုလ်ချုပ်မည်မျှ စာဖတ်အားကောင်းခဲ့သည်ကို မှန်းဆနိုင်ပါသည်။ ယခုဗိုလ်ချုပ်အောင်ဆန်းရေးခဲ့သည့် စာပေလက်ရာများကို အကြမ်းဖျင်းလေ့လာသုံးသပ်တင်ပြကြည့်ရလျှင် ဗိုလ်ချုပ်၏ စာပေလုပ်ငန်းအစသည် အယ်ဒီတာဘဝဟုပင်ဆိုနိုင်သည်။ ကျောင်းသားဘဝ ရေနံချောင်းအမျိုးသားကျောင်းတွင် စာစောင်တစ်ခု ထုတ်ဝေရာ အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့လေသည်။ တက္ကသိုလ်ရောက်သောအခါ ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂမှ ဦးစီးထုတ်ဝေသည့် အိုးဝေမဂ္ဂဇင်းအယ်ဒီတာအဖြစ်လည်းကောင်း၊ ထိုစဉ်က မြန်မာပိုင်မြန်မာမင်းများ အုပ်ချုပ်သည့် အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသော New Burma သတင်းစာတွင် အယ်ဒီတာအဖြစ်လုပ်ဆောင်ခဲ့သည်။

ပထမဦးဆုံးစာပေလက်ရာမှာ ၁၉၃၃ ခုနှစ် ဂန္ထလောက မဂ္ဂဇင်းက ပြုလုပ်သည့် နိုင်ငံရေးသိပ္ပံပညာရှင် ပါမောက္ခ Harold J. Laski ရေးသည့် Authority in Modern State စာအုပ်မှ စာပိုဒ်တစ်ပိုဒ်ကို ဘာသာပြန်စာပေပြိုင်ပွဲပြုလုပ်ရာ တက္ကသိုလ်ကျောင်းသားကိုအောင်ဆန်းက "ပဲခူးကဝေ" အမည်ဖြင့် ပါဝင်ယှဉ်ပြိုင်ရာ ပူးတွဲပထမရခဲ့သည်။ ဗိုလ်ချုပ်၏ ပထမဆုံးဆောင်းပါးမှာ တက္ကသိုလ်ကျောင်းသားဘဝကရေးခဲ့သည့် Burma and Buddhism ဖြစ်သည်။ ထိုဆောင်းပါးကို ၁၉၃၅ ခုနှစ် ဧပြီလထုတ် ဂန္ထလောကမဂ္ဂဇင်းတွင် ရေးခဲ့သည်။ ယင်းဆောင်းပါးမှာ ထိုခေတ် မြန်မာနိုင်ငံအခြေအနေနှင့် မြန်မာလူငယ်များ၏ အခန်းကဏ္ဍ၊ ရှေးဓလေ့ထုံးစံ၊ အယူဝါဒများနှင့်ပတ်သက်၍ လူငယ်များ၏သဘောထားနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်၏အမြင်ကို သုံးသပ်ပြထားလေသည်။

### တူညီ ဝတ်စုံဝတ်ခြင်း

ဗိုလ်ချုပ်၏နောက်ထပ်လက်ရာနှစ်ပုဒ်မှာ ၁၉၃၅ ခုနှစ် မေလနှင့် ဇူလိုင်လထုတ်ဂန္ထလောက မဂ္ဂဇင်းပါ Freedom of Dress in School ဆောင်းပါးဖြစ်၏။ ဤဆောင်းပါးမှာ ဦးသန့်က ဂန္ထလောကမဂ္ဂဇင်းတွင် ကျောင်းသားများ၏ လွတ်လပ်မှုကို အားပေးသည့်အနေဖြင့် ကျောင်းတူညီဝတ်စုံကို လွတ်လပ်စွာဝတ်စားသင့်ကြောင်း ရေးလိုက်ရာ ဗိုလ်ချုပ်က လွတ်လပ်စွာ ဝတ်ဆင်မှုက ဂုဏ်တုဂုဏ်ပြိုင်စိတ်နှင့် စိတ်ဝမ်းကွဲပြားမှုကို အားပေးရာရောက်ကြောင်း တူညီဝတ်စုံဝတ်ခြင်းဖြင့် ကျောင်းသားများအတွင်း စည်းလုံးညီညွတ်ခြင်း၊ စည်းကမ်းရှိသေလိုက်နာခြင်း၊ ပြည်တွင်းဖြစ် အားပေးရာရောက်ခြင်း၊ ဆင်းရဲသားမိသားစုများအတွက် စရိတ်စကသက်သာခြင်းစသည့် အကျိုးကျေးဇူးများရှိကြောင်း ဆွေးနွေးတင်ပြထားခြင်းဖြစ်သည်။

၁၉၃၅ ခုနှစ် ဇွန်လနှင့် ဩဂုတ်လထုတ်သူရိယမဂ္ဂဇင်းတွင် "အညာသားလေး" အမည်ဖြင့် ဆောင်းပါးနှစ်ပုဒ်ရေးသည်။ ယင်းဆောင်းပါးမှာ လယ်ဝေးကိုဘရီဆိုသူက စစ်ကဲဦးပုကလေး၏ အတ္ထုပ္ပတ္တိရေးရာတွင် ဗိုလ်ချုပ်၏အဘိုး ဦးမင်းရောင်အကြောင်းပါဝင်ရာ ဗိုလ်ချုပ်သိသော ဦးမင်းရောင်အကြောင်းနှင့် ကွဲလွဲချက်ရှိ၍ ပြန်လည် ဆွေးနွေးရေးသားထားခြင်းဖြစ်သည်။

၁၉၃၇ ခုနှစ် စက်တင်ဘာလထုတ် မျိုးညွန့်မဂ္ဂဇင်းတွင် "လောကဝိဟာ" အမည်ရှိဆောင်းပါးတစ်ပုဒ်ကို တွေ့ရ၏။ ယင်းဆောင်းပါးတွင် လောကသုံးပါးအကြောင်းစ၍ ပြောသည်။ လူ့လောကဖြစ်ပေါ်တိုးတက်လာပုံ အဆင့်ဆင့်ကို ဖော်ပြထားသည်။ ဘာသာအယူဝါဒ အဆုံးအမများကို ပြောသည်။ လောကဝိဟာသည် လောကကြီးသုံးပါးကို လေ့လာရာမှ ရရှိလာသောပညာသည်သာ ပညာစစ်ဖြစ်သည်။ လောကကြီးအကြောင်းလေ့လာရန်မှာ လောကဝတ္တရားဖြစ်ကြောင်း ပညာစစ်၏ သဘောနှင့် ပတ်သက်၍ ဗိုလ်ချုပ်၏ ခံယူချက်ကို တင်ပြထားလေသည်။

### လူဖြစ်ကျိုးနပ်

၁၉၃၇ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်နေ့ထုတ် မန္တလေးသူရိယ (အမျိုးသားနေ့အထူးစာပေ)တွင် "ကျောင်းသားဝတ္တရား" ဆိုသည့် ဆောင်းပါးကိုတွေ့ရသည်။ ယင်းဆောင်းပါးတွင် "လူတိုင်းသည် လူမှန်းသိသည့်အချိန်မှစ၍ သေသည်အထိ တာဝန်ဝတ္တရားများရှိသည်။ လူတိုင်းက မိမိတို့နှင့် သက်ဆိုင်သည့်ဝတ္တရားများ ကျေပွန်မှသာလျှင် လူဖြစ်ကျိုးနပ်ပေမည်။ ကျောင်းသားဝတ္တရားမှာ ကျောင်းစာကျက်၍ စာမေးပွဲအောင်ရုံမျှနှင့် တာဝန်ကျေပွန်သည်မဟုတ်။ လောကရေး၊ ဓမ္မရေးနှင့် ပြဿနာအရပ်ရပ်တို့ကို စိစစ်ဝေဖန်ဖြေရှင်းတတ်သော ပညာမျိုးရအောင် ဆည်းပူးရမည်" ဟု အလေးအနက်ထား တင်ပြထားလေသည်။

၁၉၄၀ ပြည့်နှစ် ဖေဖော်ဝါရီလထုတ် ဒဂုန်မဂ္ဂဇင်းတွင် သခင်အောင်ဆန်း ကလောင်အမည်ဖြင့် "နိုင်ငံရေးအမျိုးမျိုး" ဆောင်းပါးရေးသားခဲ့သည်။ ဆောင်းပါးအစတွင် "ပြည်ထဲအရေးပေါက်နှင့်ကျေး၊ ကြက်ဥအရောင် တိမ်တောင်သဖွယ်၊ မင်းရေးကျယ်" စသည့် ဆိုစကား များ၏ ကောင်းကျိုးဆိုးပြစ်ကို ဖော်ပြထား၏။ ဗမာပြည်ရာဇဝင်နှင့် ပတ်သက်၍ အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာ၊ ဗမာပြည်သည် ဗမာများအဖို့ ဟူမှုရှူး၊ အင်ဒီပင်းဒင့်၊ ဘုံဝါဒ၊ ဝံသာနု၊ ဆင်းရဲသားစသဖြင့် မီးခိုးမဆုံး မိုးမဆုံး၊ ကျေးလက်ဗမာများကား တဘောင်၊ စနီး၊ ဘဝေါတွေနှင့် မင်းလောင်းပေါ်လိုက်၊ လိုက်လိုက်။ ရှုံးလိုက်။ အေးအေး နေလိုက်၊ ဘုရားလက်သစ်တွေ၊ မှော်ဆရာတွေ ပထမံ ဆရာတွေနှင့် သူတို့နိုင်ငံရေးမှာ လုံးလိုက်ပြားလိုက်။ လူငယ်တွေကျ စိတ်မြန် ကိုယ်မြန် ခေတ်ကို အတင်းပြောင်းချင်တဲ့ စိတ်တွေမွန်ပြီးဘင်္ဂလားက သူပုန်တွေလို၊ အိုင်ယာလန်က နည်းတွေလို၊ ဒါတွေနဲ့ လွှမ်းသူလွှမ်း၊ ဆွေးသူဆွေး ဟူ၍လည်းကောင်း လူကြီးပိုင်းအခြေအနေကို "ဦးဘဘေကြီးကတော့ နိုင်ငံရေးဆိုတာ အင်မတန် ညစ်ပတ်တဲ့အလုပ် ဟုဆိုသည်။ ဦးသိန်းမောင်ကြီးကတော့ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာမို့ နိုင်ငံရေးမလုပ်တော့ဘူး။ ဦးစောကတော့ ဝါးရင်းတုတ်နှင့် လူမိုက်အားကိုးလျက် စခန်းသွား၏။ ဒေါက်တာ ဘမော်ကလည်း တစ်မျိုး။ စတာလင်တို့၊ ဟစ်တလာတို့ အားကျသည် ဆို၏။ ဘယ်သင်း ဘယ်လို ဟုတ်သည်မှန်သည်စဉ်းစားကြစို့"ဟု တင်ပြထား၏။

ဦးသိန်းဖေမြင့်တည်းဖြတ်ထုတ်ဝေသည့် "ဘုံဝါဒနှင့် တို့ဗမာစာအုပ်" တွင် သခင်အောင်ဆန်းကလောင်အမည်ဖြင့် "ကမ္ဘာစစ်နှင့် ဗမာ" ဆောင်းပါးတစ်ပုဒ်ရေးသားခဲ့သည်။ ယင်းမှာ နဂါးနီစာစောင်ပါဆောင်းပါးများကို စုစည်းထားခြင်းဖြစ်သည်။ ယင်းဆောင်းပါးတွင် "နယ်ချဲ့စနစ်ကြောင့် ဒုတိယကမ္ဘာစစ်ဖြစ်ရပုံ၊ ထို့ပြင် လူမျိုးရေးအရ မုန်းတီး၍ မဟုတ်ဘဲ နယ်ချဲ့စနစ်ကြောင့် ကြီးနိုင်ငယ်ညှဉ်းစနစ်ကြောင့် ဖြစ်ရသည့်စစ်ဖြစ်ကြောင်း စစ်ကိုမလိုလားကြောင်းနှင့် ဆန့်ကျင်ကြောင်း ရေးသားတင်ပြထား၏။

### လွတ်လပ်ရေးကြိုးပမ်းမှုနှင့် ဗိုလ်ချုပ်

၁၉၄၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့ ဗမာ့ခေတ်အထူးထုတ်သတင်းစာတွင် ဗိုလ်ချုပ်အောင်ဆန်းရေးသည့် "ဗမာ့လွတ်လပ်ရေးအရေးတော်ပုံ" ဆောင်းပါးကို တွေ့ရ၏။ ဤဆောင်းပါးမှာ ဗိုလ်အောင်ဆန်းသခင်ဖြစ်လာသည့်အချိန်မှ ဂျပန်ခေတ်အထိ လွတ်လပ်ရေးကြိုးပမ်းဆောင်ရွက်မှုများ ပါဝင်သည်။ တစ်နည်းအားဖြင့် ဗိုလ်ချုပ်၏ အတ္ထုပ္ပတ္တိဖြစ်၏။ သို့ဖြစ်၍ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် ဗိုလ်ချုပ်၏ဘဝသည် ခွဲခြားသိမြင်၍မရနိုင်သည့် သဘောကို ဤဆောင်းပါးတွင် တွေ့ရ၏။

ဗိုလ်ချုပ်အောင်ဆန်းသည် မိမိ၏အတ္ထုပ္ပတ္တိကို ရေးခဲ့သည်။ ဂျပန်ခေတ် စစ်ဝန်ကြီးဘဝက ဖြစ်သည်။ ကိုယ်ရေးအတ္ထုပ္ပတ္တိလက်ရေးမူမှာ တပ်မတော်မော်ကွန်းတိုက်တွင် ရှိသည်။ သခင်ကိုယ်တော်မှိုင်းတည်းဖြတ်သည့် ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိစာအုပ်တွင် ပုံနှိပ်ဖော်ပြပြီးဖြစ်သည်။ ယင်းစာအုပ်တွင် အခန်း(၁) သူ့ဇာတိအကြောင်းနှင့် အခန်း(၂) ကျောင်းသားဘဝအကြောင်းအထိသာ ရေးသားနိုင်ခဲ့လေသည်။ ထို့ပြင် ဗိုလ်ချုပ်ရေးသားခဲ့သည့် ဥယျောဇဉ်များ၊ မိတ်ဆက်စာများကိုလည်း အမှတ်တရ တွေ့နိုင်ပါသေးသည်။

### စာပေသမားစစ်စစ်

စင်စစ် ဗိုလ်ချုပ်သည် ခေါင်းဆောင်ကောင်းတို့၏ ဂုဏ်ဒြပ်၊ အင်္ဂါရပ်တို့နှင့် ပြည့်စုံသည့်ပုဂ္ဂိုလ်ထူးဖြစ်၏။ စစ်သေနာပတိ ဖီးမာရှယ်မောင်ဂိုမာရီ၏ ခေါင်းဆောင်ဟူသည် စာအုပ်တွင်ရေးသားထားသကဲ့သို့ ဗိုလ်ချုပ်သည် ရိုးသားဖြောင့်မတ်ခြင်း၊ ကိုယ်ကျင့်တရားခိုင်မာခြင်း၊ သတ္တိဗျတ္တိနှင့် မလျှော့သောဇွဲ လုံ့လအပြင် ပြဿနာများကို ဖြေရှင်းနိုင်စွမ်းရှိမှုနှင့် လူ့သဘာဝကို ကောင်းစွာနားလည်သူပင်ဖြစ်သည်။ ဤသည်မှာပင် ဗိုလ်ချုပ်သည် အယ်ဒီတာ၊ ကျောင်းသားခေါင်းဆောင်၊ လွတ်လပ်ရေးဗိသုကာ၊ တပ်မတော် ခေါင်းဆောင်အဖြစ်သာမက ထင်ရှားသော စာပေဝါသနာရှင် စာပေသမားစစ်စစ်တစ်ဦးဖြစ်လေသည်။ ဤကဲ့သို့ ကြီးမြတ်သောစာပေလေ့လာလိုက်စားမှုကပင် ဗိုလ်ချုပ်အား ဤကဲ့သို့ တင့်တယ်စေခဲ့ခြင်းပင် မဟုတ်ပါလော။ ။

> ဗိုလ်ချုပ်သည် နိုင်ငံရေးသမားဖြစ်သော်လည်း စာပေလေ့လာ ဖတ်ရှုမှု အားအလွန် ကောင်းသူဖြစ်ပါသည်။ ငယ်စဉ်ကပင် အင်္ဂလိပ်စာဝါသနာပါကာ လေ့လာမှု အားကောင်းသူဖြစ်၍ ဗိုလ်ချုပ်၏ အင်္ဂလိပ်စာအရေးအသားမှာ နိုင်ငံခြားသားများပင် အသိအမှတ်ပြု ရလေသည်။ စာပေလေ့လာဖတ်ရှုမှု အားကောင်းသူဖြစ်၍ ဗိုလ်ချုပ်၏ နိုင်ငံရေးလှုပ်ရှားမှုနှင့် ဦးဆောင်မှု အခန်းကဏ္ဍတွင် အထင်ကြီး လေးစားစရာများအဖြစ် တင်ကျန်ရစ်ခဲ့သည်သာဖြစ်သည်

☆ ကျောဖုံးမှ

ထိုမှတစ်ဆင့် လိုအပ်သော အကောင်အထည်ဖော်မှုများကို ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း။

### ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နိုင်မည်

ကြားကာလအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တိုးတက်အောင်မြင်စေရန် နောက်ကြောင်းပြန် စဉ်းစားသည်များမပြုလုပ်ဘဲ ရှေ့ဆက်ပြုလုပ်သွားရမည့် လမ်းကြောင်းများကို ဆောင်ရွက်မှသာလျှင် ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ လက်နက်ကိုင်အဖွဲ့အစည်းများအကြား လုပ်ဆောင်မှုများတွင် တိကျသော ရည်ရွယ်ချက်ကို တစ်ဖက်အဖွဲ့အစည်းက နားလည်သိရှိအောင်ပြောဆိုပြီး ညှိနှိုင်းဆောင်ရွက်နိုင်မည်ဆိုလျှင် ယခင်ထက် သဘောတူညီချက်များ ပိုမိုရရှိလာနိုင်မည်ဖြစ်ကြောင်း၊ တစ်ဖက်အဖွဲ့အစည်းများအနေဖြင့်လည်း အပြုသဘောနားလည်ကာ ညှိနှိုင်းသည့်အတိုင်း ဆောင်ရွက်သွားမည်ဆိုလျှင် အပြန်အလှန်ယုံကြည်မှုများ တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ ယုံကြည်မှု၏ အခြေခံသည် ပုဂ္ဂိုလ်ရေးရင်းနှီးမှုမှတစ်ဆင့် အပြန်အလှန်ယုံကြည်မှုကို တည်ဆောက်သွားလျှင် ပိုမိုလွယ်ကူနိုင်မည်ဟု ယူဆကြောင်း၊ ပဋိပက္ခကိစ္စများ ဖြေရှင်းရာတွင် JMC အဆင့်ဆင့်တွင်ရှိသော ကော်မတီဝင်များအနေဖြင့် ပုံမှန်အစည်းအဝေးများတွင် တွေ့ဆုံညှိနှိုင်း ဖြေရှင်းဆောင်ရွက်သကဲ့သို့ အလားတူ အောက်ခြေတပ်မှူးအချင်းချင်း ခင်မင်ရင်းနှီးမှုရရှိရန်တွေ့ဆုံမှုများကို အစည်းအဝေးပြီးတိုင်း ပြုလုပ်သွားရန်လိုကြောင်း၊ သို့မှသာ ပုဂ္ဂိုလ်ရေးရင်းနှီးမှုမှ အခြေခံကာ ပဋိပက္ခများ လျော့နည်းအောင် ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ကြားကာလအတွင်း ဆောင်ရွက်ရန်ရှိသော ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် JMC မှ ဝိုင်းဝန်းဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့၏ အစီအမံကြောင့် ဒေသခံပြည်သူများ ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန် လိုအပ်သလို ငြိမ်းချမ်းရေး၏အသီးအပွင့်ကို ဒေသခံပြည်သူများ ခံစားစေရန် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံ၏ နေရာအနှံ့အပြားတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ ရောယှက်ကာနေထိုင်နေကြသည့်အတွက် JMC ၏ လုပ်ဆောင်မှုများသည် တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်လုံခြုံရေးနှင့် ၎င်းတို့၏ ဘဝမြှင့်တင်ရေးကို ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်းကို ဒေသခံပြည်သူများ နားလည်နိုင်စေရန် JMC ကော်မတီဝင်အသီးသီးမှ ဆောင်ရွက်ပေးသွားရန်လိုအပ်ကြောင်း၊ JMC ၏ ရည်ရွယ်ချက်သည် နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် အထောက်အကူပြုပေးရန်ဖြစ်ကြောင်း၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြားတွင် ပစ်ခတ်တိုက်ခိုက်မှု လျော့နည်းအောင် အလေးအနက်ထားဆောင်ရွက်သွားရန်လိုကြောင်း။

### ယုံကြည်မှုတည်ဆောက်သွားရန်လို

လက်နက်ကိုင်လမ်းစဉ်ဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်ကိုအခြေခံသော ပြည်ထောင်စုကိုတည်ဆောက်ရန် ရရှိမည်မဟုတ်ကြောင်း၊ တိုင်းရင်းသားပြည်သူများအနေဖြင့် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားလျက်ရှိကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန် NCA သည် ငြိမ်းချမ်းရေးအတွက်တစ်ခုတည်းသော မဟာဗျူဟာဖြစ်သကဲ့သို့ NCA တွင် ပါဝင်သော ကတိကဝတ်များကို လိုက်နာစောင့်ထိန်းရန် လိုကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပွင့်ပွင့်လင်းလင်းရှိရန် လိုအပ်ကြောင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှု နည်းလမ်းများဖြင့် တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုတည်ဆောက်သွားရန်လိုကြောင်း။

တပ်မတော်အနေဖြင့် လက်ရှိအစိုးရကာလတွင် ခိုင်မြဲသော ထာဝရငြိမ်းချမ်းရေးကို ရရှိလိုသည့်ဆန္ဒရှိကြောင်း၊ တပ်မတော်အပြင် တပ်မတော်အကြီးအကဲအနေဖြင့်လည်း ထိုနည်းအတိုင်းဆန္ဒရှိကြောင်း၊ JMC အဆင့်ဆင့်၏ ကော်မတီဝင်များအနေဖြင့် JMC လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး စသည့် ဒို့တာဝန်အရေးသုံးပါးကို ရှေးရှုပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်များနှင့်အညီ တည်ဆောက်သွားနိုင်ရန် JMC ဆိုင်ရာပြဋ္ဌာန်းချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိတိကျကျ အကောင်အထည်ဖော် ဆောင်ရွက်သွားစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

### အာမခံ အကောင်အထည်ဖော်

ထို့နောက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းမှ JMC-U ဒုတိယဥက္ကဋ္ဌ(၁) စောအိုင်းဇက်ဖိုးက JMC ၏ စုဖွဲ့မှုသည် မတူညီသော အစုအဖွဲ့သုံးဖွဲ့ပါဝင်နေသည့်အတွက် မတူညီသော နောက်ခံသမိုင်း၊ မတူညီသောအမြင်၊ ကွဲပြားသောစဉ်းစားမှုနှင့် ဆောင်ရွက်မှုများတွင် ကွာဟမှုများရှိနေသည်မှာ မလွဲဧကန်ဖြစ်ကြောင်း၊ ယင်းသို့ ကွဲပြားခြားနားနေမှုကို တစ်ခုတည်းသော နည်းလမ်းဖြစ်သည့် ညှိနှိုင်းဖြေရှင်းခြင်းဖြင့် အနီးစပ်ဆုံး သဘောတူညီချက်မှ တစ်ဆင့် တိုးတက်ကာ JMC အကောင်အထည်ဖော်မှုများတွင် သဟဇာတကျသော အခင်းအကျင်းတစ်ခုကို ဖန်တီးနိုင်ရန်လိုအပ်ကြောင်း၊ NCA ပါအချက်များကို အာမခံ အကောင်အထည်ဖော်ရင်း လက်နက်ကိုင်အဖွဲ့အစည်းများကြားတွင် ယုံကြည်မှုတည်ဆောက်ခြင်းသည် အဓိကနေရာတွင် ပါဝင်နေကြောင်း။

လက်နက်ကိုင်ပဋိပက္ခများ ကြာမြင့်လာသည်နှင့်အမျှ ခါးသီးသောအတွေ့အကြုံ ဖြတ်သန်းမှုများကြောင့် တိုတောင်းသေးသော မြန်မာပြည်၏ ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်း သံသယစိတ်နှင့် စိုးရိမ်စိတ်များ ရှိနေကြသည်ကို ယုံမှားစရာမရှိကြောင်း၊ အချို့ဒေသများတွင် ယုံကြည်မှုအဆင့်သည် အလွန်နိမ့်ကျနေသေးကြောင်း၊ ယင်းကြောင့် JMC အကောင်အထည်ဖော်မှုများတွင် ယုံကြည်မှုပျက်ပြားစေနိုင်သော အပြုအမူများကို ရှောင်ရှားစေလိုကြောင်း၊ လက်နက်ကိုင်နှစ်ဖက်အကြား စိုးရိမ်ပူပန်မှုများကို လျှော့ချနိုင်ပြီး ယုံကြည်မှုများကို မြှင့်တင်နိုင်စေသည့် နည်းသစ် လမ်းသစ်များကို ညှိနှိုင်းရှာဖွေအကောင်အထည်ဖော်ရန်လိုအပ်ကြောင်း၊ အာဃာတ တရားများကို ဖယ်ရှားပြီး မြန်မာပြည်၏ ငြိမ်းချမ်းရေး တည်ဆောက်မှုဖြစ်စဉ်တွင် စိတ်ရင်းစေတနာအမှန်ဖြင့် မိမိကျရာတာဝန်ကို အကောင်အထည်ဖော်ခြင်းဖြင့် တွေ့ကြုံရင်ဆိုင်ရသော အခက်အခဲအားလုံးကို ကျော်လွှားနိုင်မည်ဟု ယုံကြည်ကြောင်း၊ စိတ်ရှည်သည်းခံကြရန်လည်းလိုကြောင်း။

တပ်မတော်အပါအဝင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ဝင်များအတွင်း JMC အကောင်အထည်ဖော်မှုတွင် အထောက်အကူဖြစ်စေမည့် JMC ဆိုင်ရာ အရည်အသွေးမြှင့်တင်မှုနှင့် နည်းပညာဆိုင်ရာ လိုအပ်သောအထောက်အကူပြုမှုများကို ပြည်တွင်း၊ ပြည်ပ အတွေ့အကြုံရှိ ကျွမ်းကျင်ပညာရှင်များထံမှတစ်ဆင့် ဆက်လက်ရယူရန်လိုအပ်ကြောင်း၊ JMC တွင် အရပ်သားပါဝင်မှုကို လိုအပ်လျှင် ထပ်မံဖြည့်စွက်ရန်လိုကြောင်း၊ ပဋိပက္ခဖြစ်ပွားလျှင် တိုက်ရိုက်ခံစားရသည်မှာ ဒေသခံအရပ်သားများဖြစ်သည့်အတွက် ဒေသခံအရပ်သားစောင့်ကြည့်သူ(LCM)များ ဖွဲ့စည်းသွားရန်လိုအပ်ကြောင်း၊ ပဋိပက္ခဖြစ်စဉ်တွင် ကိုယ်တိုင်ထိတွေ့ခံစားရသော အရပ်သားများအနေဖြင့် JMC တွင် ပါဝင်လာနိုင်သည့်အတွက် JMC ကို ပြည်သူလူထုက ယုံကြည်မှု ပိုမိုရရှိစေမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားညီအစ်ကိုများအကြား ဖြစ်ပွားသော လက်နက်ကိုင်ပဋိပက္ခများကြောင့် နှစ်ဖက်လုံး၏ ထိခိုက်သေကျေမှုသည် တိုင်းပြည်အတွက် နစ်နာမှုနှင့် အနုတ်လက္ခဏာဆောင်နေကြောင်း၊ ထို့ကြောင့် အနာဂတ်တွင် စစ်မှန်သော ပြည်ထောင်စုတည်ဆောက်ရေးတွင် တိုင်းပြည်ကို ကာကွယ်ရာ၌ လိုအပ်သောအင်အားများကို မဆုံးရှုံးစေရန် သက်ဆိုင်ရာခေါင်းဆောင်များအနေဖြင့် စဉ်းစားပေးစေလိုကြောင်း ပြောကြားသည်။

### နည်းလမ်းအသစ်များ ရှာဖွေဆွေးနွေး

ယင်းနောက်အရပ်သားကိုယ်စားလှယ် JMC-U ဒုတိယဥက္ကဋ္ဌ(၂) ဦးစိုင်းမျိုးသန့်က အရပ်သားကိုယ်စားလှယ်ကော်မတီဝင်များသည် NCA စာချုပ်၏ မူလပိုင်ရှင်များမဟုတ်သော်လည်း NCA စာချုပ် အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ ကျင့်ဝတ်စည်းကမ်းများ လိုက်နာမှုကို စောင့်ကြည့်ရေး၊ ချိုးဖောက်မှုကို စုံစမ်းစစ်ဆေးရေးနှင့် ပဋိပက္ခများကို ဖြေရှင်းရေးတွင် အစိုးရ၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်များဖြင့် မိမိတို့ အရပ်သားကိုယ်စားလှယ်များ ဆက်လက်ပူးတွဲအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုအစည်းအဝေးတွင် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကို မျှော်မှန်းပြီး စိတ်ရှည်သည်းခံကာ လေးစားယုံကြည်မှုများနှင့်အတူ ဂုဏ်သိက္ခာရှိရှိ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသွားရန်လိုအပ်ကြောင်း၊ ထိတွေ့ပစ်ခတ်မှုများနှင့်ပတ်သက်၍ ဆွေးနွေးကြရာတွင် အပြစ်ရှာရန် အခြေခံမဟုတ်ဘဲ နောင်တွင် အလားတူဖြစ်စဉ်မျိုးမဖြစ်ပွားစေရန် ဆွေးနွေးကြရန်လိုကြောင်း၊ ယခု ဆောင်ရွက်နေသော JMC လုပ်ငန်းများတွင် ပြည်သူလူထု နားလည်ပြီး ပူးပေါင်းပါဝင်လာစေရန်၊ အသိပညာပေး နည်းလမ်းအသစ်များ ရှာဖွေဆွေးနွေးကြရန်လိုကြောင်း ပြောကြားသည်။

### နှစ်ဖက်အပြန်အလှန် ဆွေးနွေးခဲ့ကြ

အဆိုပါ အစည်းအဝေးကို ဇူလိုင် ၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အစည်းအဝေးတွင် JMC-U ၏ (၁၆)ကြိမ်မြောက်နှင့် (၁၇)ကြိမ်မြောက် အစည်းအဝေးကြားကာလအတွင်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ အကောင်အထည်ဖော်မှုများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) နှင့် ဒေသဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-L) အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် ( NCA)တွင် ဝိဝါဒကွဲပြားနေသော ဝေါဟာရအချို့ကို JMC တစ်ခုအတွင်း၌ပင် ပဋိပက္ခဖြေရှင်းနိုင်ရန် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို နှစ်ဖက် အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အလားတူ JMC ၏ ၂၀၁၈ -၂၀၁၉ ဘဏ္ဍာရေးရန်ပုံငွေ အသုံးစရိတ်ရရှိထားမှုနှင့် ဆောင်ရွက်မှုအခြေအနေများ၊ ဒေသခံအရပ်သားစောင့်ကြည့်သူ (LCM)နှင့်ပတ်သက်၍ အကောင်အထည်ဖော်မှုအခြေအနေများ၊ တရုတ်နိုင်ငံမှ Volvo မော်တော်ယာဉ် ၁၀ စီး လှူဒါန်းခြင်းနှင့် ခွဲဝေသုံးစွဲမှုအခြေအနေများနှင့် ကုလသမဂ္ဂမှ နည်းပညာဆိုင်ရာ လိုအပ်ချက်များဆန်းစစ်ခြင်း(Technical Need Assessment - TNA)ကိစ္စများဆွေးနွေးခြင်း၊ နော်ဝေ၊ နီပေါ၊ တရုတ်နိုင်ငံများသို့ ငြိမ်းချမ်းရေးဆိုင်ရာ လေ့လာရေးခရီးစဉ်ကိစ္စရပ်များ ဆွေးနွေးခြင်း၊ စတုတ္ထအကြိမ် JMC အဆင့်ဆင့်တွင် ပါဝင်သော အရပ်သားကိုယ်စားလှယ်များ တွေ့ဆုံပွဲကို ဖာပွန်မြို့တွင် ကျင်းပနိုင်ရေးကိစ္စများ ၊ JMC မှ ချမှတ်ထားသော လုပ်ထုံးလုပ်နည်း( SOP )နှင့် လုပ်ငန်းလမ်းညွှန်(TOR) အကောင်အထည်ဖော်မှုများအား ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

### ရောနှောစုစည်းကာ နေရာချထား

အစည်းအဝေးသို့ တပ်မတော်သားကိုယ်စားလှယ်များဖြစ်သော ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး သန်းထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ငြိမ်း)၊ JMC-U ဒုတိယဥက္ကဋ္ဌ(၁) စောအိုင်းဇက်ဖိုးနှင့် တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့မှ ခေါင်းဆောင်များ၊ JMC-U ဒုတိယဥက္ကဋ္ဌ(၂) ဦးစိုင်းမျိုးသန့်နှင့် အရပ်သားကိုယ်စားလှယ်များ၊ JMC-S နှင့် JMC-L တို့မှ ကော်မတီဝင်များ၊ နည်းပညာအထောက်အကူပြုရုံးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ယနေ့အစည်းအဝေးတွင် JMC-U ခေါင်းဆောင်များ၏ ဆုံးဖြတ်ချက်အရ အစိုးရ၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အရပ်သားကိုယ်စားလှယ်များသည် ပိုမိုရင်းနှီးမှုရရှိစေရန် မတူညီသော အဖွဲ့အစည်းများမှ ခေါင်းဆောင်များ ရောနှောစုစည်းကာ နေရာချထား၍ ဆွေးနွေးခဲ့ကြသည်။

ထိုသို့ပြုလုပ်ခြင်းမှာ JMC အနေဖြင့် အပစ်အခတ်ရပ်စဲနိုင်စေရန်၊ ရင်းနှီးမှု၊ ယုံကြည်မှုပိုမိုရရှိစေရန် နည်းမျိုးစုံဖြင့် မတူညီသောအဖွဲ့အစည်းများအကြား ဖွဲ့စည်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း ယနေ့အစည်းအဝေးမှ သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

---

❍ လိုဏ်ဂူအတွင်းမှ

စိတ်လောစရာမလိုတော့ပါဘူး၊ ခေါ်ထုတ်လာဖို့အတွက်လည်း စီမံမှုမျိုးစုံနဲ့ ဆောင်ရွက်နေပါတယ်”ဟု ယနေ့နံနက်ပိုင်းက ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ချင်းရိုင်ခရိုင်အုပ်ချုပ်ရေးမှူး မစ္စတာနလုံးဆတ်အိုစတာနတ်ကွန်းနှင့် တာဝန်ရှိသူများက ပြောကြားသည်။

လူငယ်ဘောလုံးအသင်းဝင်များအား လိုဏ်ဂူအပြင်သို့ ခေါ်ထုတ်လာနိုင်ရေးအတွက် လိုဏ်ဂူအတွင်းမှ ရေငုပ်အဖွဲ့အပြင် လိုဏ်ဂူအပြင်မှ လိုဏ်ဂူလမ်းကြောင်းဖောက်နေမှုများ၊ ရေစုပ်ထုတ်မှုများကို ဆက်လက်လုပ်ဆောင်နေကြကြောင်း သိရသည်။

ထိုင်းနိုင်ငံ၏ ကယ်ဆယ်ရေးအဖွဲ့မှ ရဲဦးစီးဒါရိုက်တာက “ရေတွေဝပ်နေတော့ ကလေးတွေက ရေငုပ်ပြီး ပြန်လာလို့မရသေးဘူးလေ၊ ဒါကြောင့်မို့ ရေတွေကို စုပ်ထုတ်နေရပါတယ်၊ ဂူထဲကို စီးဝင်နေတဲ့ရေလမ်းကြောင်းကိုလည်း ပိတ်ဆို့ပြီး စုပ်ထုတ်နေရတာပါ၊ လိုဏ်ဂူထဲကို ဝင်လာတဲ့ ရေလမ်းကြောင်းကို ရပ်တန့်သွားအောင် လုပ်ဆောင်နေပြီး သုံးခွလမ်းခွဲကို စီးဝင်လာတဲ့ ဝက်ဝံခြေထောက်တောင်ကြောက ရေတွေကို ရပ်တန့်အောင်၊ နည်းသွားအောင် လုပ်ဆောင်နေရပါတယ်၊ အားလုံးစက်ဘီလူးကြီး အလုံးရေ ၃၀ ကို အသုံးပြုပြီး ရေတွေစုပ်ထုတ်မှုတွေ လုပ်ဆောင်နေပါတယ်။

“ဒီကာလအတွင်းမှာ ကလေးတွေကို Navy Seal နဲ့ ကျန်းမာရေးဝန်ထမ်းတွေက အနီးကပ်စောင့်ရှောက်ပေးနေပြီး အခုထိတော့ အားအင်ကုန်ခန်းနေတဲ့ ကလေးတွေရှိပေမယ့် အနာတရ ကြီးကြီးမားမားရရှိသူတွေ မရှိပါဘူး၊ ကလေးတွေအတွက် ကာကွယ်ဆေးတွေလည်း ထိုးပေးထားပြီး ကျန်းမာရေးစောင့်ရှောက်မှုတွေကို ဆောင်ရွက်နေပါတယ်၊ အရေးကြီးတာက မိုးတွေ ဆက်မရွာစေချင်တာပါဘဲ”ဟု ပြောသည်။

နည်းပြအပါအဝင် လူငယ်ဘောလုံးအသင်းဝင် ၁၃ ဦးမှာ ပြီးခဲ့သည့် ဇွန် ၂၃ ရက်က ထမ်လုံခွန်နမ့် လိုဏ်ဂူအတွင်း အလည်အပတ် သွားရောက်ရင်း ပျောက်ဆုံးခဲ့ကြခြင်းဖြစ်ပြီး လိုဏ်ဂူအတွင်း ပတ္တယားကမ်းခြေဟု အမည်ပေးထားသော နေရာ၌ ဇူလိုင် ၂ ရက် ဒေသစံတော်ချိန် ည ၁၀ နာရီခွဲ ဝန်းကျင်က နိုင်ငံတကာမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များ ရှာဖွေတွေ့ရှိခဲ့ကြခြင်းဖြစ်ကာ ယခုအခါ ၎င်းတို့၏မိသားစုဝင်များမှာ အထူးပျော်ရွှင်ဝမ်းမြောက်လျက်ရှိနေကြကြောင်း သိရသည်။

**ပွင့်သစ္စာ**



❖ မန္တလေးတိုင်းဒေသကြီးမှ

“မိုးစပါးစိုက်ပျိုးမယ့် တောင်သူတွေကို ပျိုးထောင်ရေက စပြီးတော့ အခက်အခဲမရှိဘဲ ရေကို ပြည့်ဝစွာ ပေးနိုင်ဖို့ ဆောင်ရွက်သွားမှာပါ၊ တောင်သူတွေအနေနဲ့ မိမိတို့စိုက်ကွက်ထဲ ရေမရောက်ရှိပါက လူကိုယ်တိုင်လာရောက်ပြောစရာမလိုဘဲ ဖုန်းဆက်ပြီးတော့ ပြောလို့ရပါတယ်၊ တာဝန်ခံက တောင်သူတွေအတွက် ရေရရှိဖို့ ချက်ချင်း ကူညီဆောင်ရွက်ပေးသွားမှာပါ၊ မိုးစပါးစိုက်ဧကတွေတင်မဟုတ်ဘဲနဲ့ အခြားသီးနှံ စိုက်ဧကတွေအတွက်ပါ စိုက်ပျိုးနိုင်ဖို့ ရေကို ပြည့်ဝစွာ ပေးဝေဆောင်ရွက်သွားမှာပါ” ဟု ၎င်းက ဆက်လက် ပြောသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မိုးစပါးစိုက်ဧကများအတွက် ဆည်ရေဖြင့် ၃၂၂၉၈၄ ဧက၊ မိုးရေဖြင့် ၁၃၀၀၈ ဧက စုစုပေါင်းစိုက်ပျိုးဧကမှာ ၃၃၅၉၉၂ ဧကတို့ကို တောင်သူများ စိုက်ပျိုးရေ ပြည့်ဝစွာပေးဝေနိုင်ခဲ့ကြောင်းနှင့် နွေစပါးစိုက်ဧက ၁၅၅၂၇၄ ဧကအတွက်လည်း စိုက်ပျိုးရေပေးဝေခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

---

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

# နေပြည်တော်တွင် တည်ထားကိုးကွယ်မည့် ထာဝရငြိမ်းချမ်းရေးစေတီတော်အတွက် အလှူငွေပေးအပ်

**နေပြည်တော် ဇူလိုင် ၃**

နေပြည်တော် ကံ့ကော်ပန်းအဝိုင်းအနီးတွင် တည်ထားကိုးကွယ်မည့် ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေးအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ယဉ်ကျေးမှု)၌ ယနေ့ မွန်းလွဲပိုင်းက ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ပါရမီဖြည့်ဘက် ညီအစ်မများအဖွဲ့က စေတီတော်တည်ဆောက်ရေးအတွက် အလှူတော်ငွေကျပ် သိန်း ၂၀ ကို ပေးအပ်လှူဒါန်းရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဗြိတိန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၃**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဒယ်နီရယ် ပတရစ် ဘရန်ဒန် ချဂ်နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးနှင့် ပြည်ပရောက် အလုပ်သမားများအား ကာကွယ်စောင့်ရှောက်ပေးရေးကိစ္စ၊ အလုပ်အကိုင်အခွင့်အလမ်းများတွင် အထည်ချုပ်လုပ်ငန်းများသည် အမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေနိုင်ရေးနှင့် ဗြိတိန်နိုင်ငံမှ အထည်ချုပ်လုပ်ငန်းရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေးကိစ္စ၊ ပြည်ပရောက် မြန်မာအလုပ်သမားများအရေး ဆောင်ရွက်နေမှုများ၊ ပြည်တွင်းရှိ လုပ်သားများ ကျွမ်းကျင်မှုအဆင့်မြှင့်တင်ရေး ဆောင်ရွက်နေမှုအခြေအနေများ၊ ဘူးသီးတောင်၊ မောင်တောဒေသရှိ ကျေးရွာများ၌ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်မည့် အစီအစဉ်များ၊ ပြန်လည်လက်ခံရေး ဆောင်ရွက်ထားရှိသည့် ကိစ္စရပ်များ၊ ၂၀၁၄ ခုနှစ်တွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူခဲ့သည့် အခြေအနေများ၊ မကြာမီ နှစ်လည်သန်းခေါင်စာရင်း ကောက်ယူမည့် အခြေအနေများ၊ လူမျိုးစု စာရင်းများ ထုတ်ပြန်နိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအကြိမ် အစည်းအဝေး ကျင်းပရေး လုပ်ငန်းကော်မတီအတွင်းရေးမှူးများ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၃**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအကြိမ် အစည်းအဝေးကျင်းပရေး လုပ်ငန်းကော်မတီအတွင်းရေးမှူးများ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်က အဖွင့်အမှာစကားပြောကြားရာတွင် ဇူလိုင် ၁၁ ရက်မှ ၁၆ ရက်အထိ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနတွင် ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေး အောင်မြင်ရေးအတွက် လုပ်ငန်းကော်မတီအသီးသီးက အဆင်သင့်ပြင်ဆင်ဆောင်ရွက်ထားပါကြောင်း၊ ယခင်ကလည်း ဗဟိုကော်မတီအစည်းအဝေးနှင့် လုပ်ငန်းကော်မတီ အတွင်းရေးမှူးများ အစည်းအဝေးကို ကျင်းပခဲ့ပြီး ဖြစ်ပါကြောင်း၊ ယခုအခါတွင် ကြိုတင်ပြင်ဆင်ထားသည်များကို ယခင်ညီလာခံ အစည်းအဝေး အတွေ့အကြုံများနှင့် နှိုင်းယှဉ်ပြီး ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ထားမည်ဟု ယုံကြည်ပါကြောင်း၊ အတွေ့အကြုံများလာသည်နှင့်အမျှ ပေါင်းစပ်ညှိနှိုင်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများသည်လည်း ပိုမိုကောင်းမွန်လာပါကြောင်း၊ ယနေ့အစည်းအဝေးတွင် လုပ်ငန်းကော်မတီအလိုက် မိမိတို့လိုအပ်ချက်များ၊ အခက်အခဲများကို ပွင့်ပွင့်လင်းလင်း ရှင်းလင်းတင်ပြပေးစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ငြိမ်းချမ်းရေးဖော်ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များ၊ နောက်ဆုံးပြင်ဆင်ဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဖိတ်ကြားရေးလုပ်ငန်းကော်မတီ၊ ကြိုဆိုနေရာချထားရေးနှင့် တည်းခိုနေထိုင်ရေးလုပ်ငန်းကော်မတီ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကော်မတီ၊ ခန်းမအတွင်း နေရာချထားရေးလုပ်ငန်းကော်မတီ၊ ဧည့်ခံကျွေးမွေးရေးလုပ်ငန်းကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးလုပ်ငန်းကော်မတီ၊ လုံခြုံရေးလုပ်ငန်းကော်မတီ၊ သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီ၊ ကျန်းမာရေးလုပ်ငန်းကော်မတီ၊ ဘဏ္ဍာရေးလုပ်ငန်းကော်မတီ၊ ပူးပေါင်းညှိနှိုင်းရေး လုပ်ငန်းကော်မတီတို့က အသီးသီး ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက အထွေထွေ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မိတ္ထီလာမြို့နယ်၌ စစ်ကျန်ဗုံးသီးဟောင်း ၁၁ လုံး တွေ့ရှိ

**မိတ္ထီလာ ဇူလိုင် ၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် တောမကျေးရွာအုပ်စု ချောက်ပင်ကျေးရွာ၌ ယနေ့နံနက် ၁၀ နာရီခွဲက မှိုရှာရန် မြေတူးရာမှ စစ်ကျန်ဗုံးသီးဟောင်း ၁၁ လုံး တွေ့ရှိခဲ့ကြောင်း သိရသည်။



တောမကျေးရွာအုပ်စု ချောက်ပင်ကျေးရွာနေ ကိုကျော်သူ ၃၉ နှစ်သည် နေအိမ်ခြံဝင်းအနောက်ဘက် ခြံစည်းရိုးအနီးတွင် မှိုရှာရန် မြေတူးစဉ် မြေအနက် တစ်ပေခန့်အရောက် အရှည် ၁၄ လက်မ၊ လုံးပတ် ငါးလက်မခန့်ရှိ ဒလက်ခြောက်ခုပါ စစ်ကျန်ဗုံးသီးဟောင်း ၁၁ လုံးကို တွေ့ရှိခဲ့သည်။

အဆိုပါ စစ်ကျန်ဗုံးသီးဟောင်း ၁၁ လုံးကို မိတ္ထီလာမြို့ နယ်မြေခံအင်ဂျင်နီယာတပ်သို့ အမှတ်(၂) နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ဇော်ဝင်းဦးစီးသောအဖွဲ့က စနစ်တကျ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်)တွင် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၃**

တက္ကသိုလ်ပဋိညာဉ်စာတမ်း၊ အဆင့်မြင့်ပညာရေးဥပဒေနှင့် တက္ကသိုလ်များကိုယ်ပိုင်စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Awareness Raising Workshop on University Charter, Higher Education Law and Autonomy)ကို ယနေ့နံနက် ၉ နာရီက သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်)၌ ကျင်းပရာ ယင်းတက္ကသိုလ်မှ ဆရာ ဆရာမ ၂၉ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**ကြေးမုံ**

# စဉ့်ကူးမြို့နယ်တွင် မိုးရာသီသစ်ပင်စိုက်ပျိုး

**မန္တလေး ဇူလိုင် ၃**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ကံတောင်ဒေသရှိ သတ္တုတူးဖော်ရေးလုပ်ကွက်အတွင်း၌မြောက်ကျွန်းသူ မမကုမ္ပဏီအုပ်စုက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သဘာဝရေမြေတောတောင်များ စိမ်းလန်းစိုပြည်ရေး၊ ပြုန်းတီးသစ်တောသစ်ပင်များ အစားထိုးစိုက်ပျိုးရေးအတွက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ စဉ့်ကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးစိုးနိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့မှ ဦးစီးအရာရှိများနှင့် ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲမှူးနှင့် တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်တရားသူကြီးနှင့် ဥပဒေအရာရှိများ၊ စဉ့်ကူးမြို့နယ် အမျိုးသမီးရေးရာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဌာနမှ ဆရာဝန်များနှင့် သူနာပြုများ၊ ဒေသအတွင်းရှိ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာတာဝန်ခံများ၊ မြောက်ကျွန်းသူမမကုမ္ပဏီအုပ်စုမှ ဒါရိုက်တာတို့က ကျွန်းပင် ၃၀၀၀ နှင့် မန်ကျည်းရှား ပျိုးပင် ၃၀၀၀ တို့ကို စဉ့်ကူးကြိုးဝိုင်း အကွက်အမှတ်(၂၈/၂၉) ရှိ SGU 11A, 11B လုပ်ကွက်များ၌ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# အမျိုးသမီး အခန်းကဏ္ဍနှင့်စပ်လျဉ်း၍ ပြောကြားချက်များ

**မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။ အဆိုပါ အခမ်းအနားသို့ တက်ရောက်ကြသူများ၏ အမျိုးသမီးအခန်းကဏ္ဍနှင့်စပ်လျဉ်း၍ ပြောကြားခဲ့သည်များကို ဖော်ပြအပ်ပါသည်-**



ဒေါ်လှဝတီ
(ဥက္ကဋ္ဌ)



ဒေါ်ထားထား
(ဒါရိုက်တာ)



ဒေါက်တာစန်းစန်းအေး
(ညွှန်ကြားရေးမှူးချုပ်)



ဦးသန့်စင်ထွန်း
(ရုံးအဖွဲ့မှူး)

### ဒေါ်လှဝတီ(ဥက္ကဋ္ဌ)
### မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း

ကျွန်မတို့ အသင်းရဲ့ ရည်ရွယ်ချက်ထဲမှာ မြန်မာအမျိုးသမီးတွေရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက ဆောင်ရွက်ဖို့ဆိုတာ ပါပါတယ်။ ဒါကြောင့်မို့ စီးပွားရေးလုပ်ငန်းတွေမှာ အောင်မြင်နေတဲ့ အမျိုးသမီးတွေကအစ ကျေးလက်ဒေသတွေမှာရှိတဲ့ အမျိုးသမီးတွေအဆုံး သူတို့ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုပြီးအောင်မြင်အောင် ကူညီဆောင်ရွက်ပေးနေပါတယ်။ ထက်မြက်တယ်ဆိုတဲ့နေရာမှာ အမျိုးသားက ပိုထက်မြက်တယ်ဆိုတာ ရှိနိုင်သလို၊ အမျိုးသမီးတွေက ပိုထက်မြက်တာလည်း ရှိပါတယ်။ ပိုပြီးတော်တဲ့ သူက ခေါင်းဆောင်နေရာကို ရောက်ရှိမှာဖြစ်ပါတယ်။ အမျိုးသမီးရယ်၊ အမျိုးသားရယ် ခွဲခြားပြောလို့မရပါဘူး။

ကျွန်မတို့နိုင်ငံမှာလည်း အရင်ကထက်စာရင် အမျိုးသမီးတွေရဲ့ အခန်းကဏ္ဍကို အလေးထားဦးစားပေးလာတယ်။ ကဏ္ဍအသီးသီးကနေ ဆောင်ရွက်နေတာကိုလည်း တွေ့ရပါတယ်။ စီးပွားရေးကဏ္ဍမှာလည်း အမျိုးသမီးတွေရဲ့ အခန်းကဏ္ဍကို ပိုပြီးဆောင်ရွက်လာကြတယ်။ ပိုပြီးဆောင်ရွက်ဖို့ အခွင့်အရေးတွေလည်း ရလာကြတယ်။ လက်ရှိကာလမှာ အမျိုးသမီးတွေဟာ အမျိုးသားတွေနဲ့ ရင်ပေါင်တန်းဆောင်ရွက်လာကြပြီ။ တချို့နေရာတွေမှာဆိုရင် အမျိုးသားတွေထက် အမျိုးသမီးတွေက ပိုပြီးဦးဆောင်နေတာကို တွေ့လာရပါတယ်။ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီမှာ ကျွန်မတို့အသင်းလည်း ပါဝင်ပါတယ်။ ပြီးတော့ ဒီနေ့လို အခမ်းအနားမျိုးကိုလည်း မျှော်လင့်တယ်။ ပြခန်းမှာလည်း ကျွန်မတို့အသင်းက လုပ်ဆောင်တဲ့ ထုတ်ကုန်အချို့ကို ပါဝင်ပြသထားပါတယ်။

ကျွန်မတို့အသင်းမှာ ပါဝင်တဲ့ အမျိုးသမီး စီးပွားရေးလုပ်ငန်းတွေက အများကြီးရှိပါတယ်။ အခုဆိုရင် အမျိုးသမီးစီးပွားရေးလုပ်ငန်းရှင် ၁၆၀၀ လောက်ရှိနေပြီ။ ဒီစီးပွားရေးလုပ်ငန်းတွေရဲ့ လုပ်ငန်းနေရာတွေမှာ အမျိုးသမီးတွေကို ဦးစားပေးခန့်ပေးဖို့ အချင်းချင်းတိုက်တွန်းနှိုးဆော်ထားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့နိုင်ငံမှာ အမျိုးသားဦးရေထက် အမျိုးသမီးဦးရေက ပိုများတယ်။ ဒါကြောင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးမှာ အမျိုးသမီးတွေရဲ့ အခန်းကဏ္ဍကနေ ကူညီပံ့ပိုးပေးနိုင်အောင်ပါ။ လက်ရှိမှာ ကျွန်မတို့နိုင်ငံက အမျိုးသမီးတွေဟာ SME လုပ်ငန်းတွေနဲ့ ပိုပြီးအလုပ်ဖြစ်ကြတယ်။

### ဒေါ်ထားထား(ဒါရိုက်တာ)
### Akhaya Women Myanmar

ကျွန်မတို့အဖွဲ့အနေနဲ့ အမျိုးသမီးတွေ အကြမ်းဖက်ခံရတာတွေကို ကူညီဆောင်ရွက်ပေးပါတယ်။ အကြမ်းဖက်မှု ကာကွယ်တားဆီးရေးနဲ့ ပတ်သက်တာတွေကို အသိပညာပေးတာ၊ ကူညီဆောင်ရွက်ပေးတာတွေကို လုပ်ဆောင်ပေးပါတယ်။ ရင်ခွင်မဲ့ ကလေးများလျှော့ချရေးနဲ့ပတ်သက်လို့ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်နေတာရှိပါတယ်။ ကျွန်မတို့ အဖွဲ့အနေနဲ့လည်း အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်နေတာရှိပါတယ်။ ကျွန်မတို့အသင်းတည်ထောင်စမှာ အမျိုးသမီးတွေနဲ့ သက်ဆိုင်တဲ့ Case တွေအတွက် ကူညီပေးဖို့ လိုအပ်တဲ့ လူအင်အား၊ နည်းပညာနဲ့ ငွေကြေးမပြည့်စုံဘူး။ ဒါပေမယ့် ကျွန်မတို့ဟာ ကူညီပေးချင်တဲ့ စိတ်နဲ့ အမျိုးသမီးတွေအတွက် ဘယ်လိုကူညီပေးရင် ရမလဲဆိုတာမျိုးနဲ့ တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးတယ်။

အခုဆိုရင် ကျွန်မတို့အဖွဲ့အနေနဲ့ နည်းပညာတွေနဲ့ အမျိုးသမီးတွေနဲ့ သက်ဆိုင်တဲ့ Case တွေကို မှတ်တမ်းတင်နိုင်ပြီ၊ အမျိုးသမီးတွေအတွက် လှုပ်ရှားဆောင်ရွက်နေတဲ့ အခြားအဖွဲ့တွေကိုလည်း နည်းပညာတွေ မျှဝေနိုင်ပြီ။ ကျွန်မတို့အဖွဲ့တွေအနေနဲ့ ကျွန်မတို့ရဲ့ အမျိုးသမီးတွေနဲ့ သက်ဆိုင်တဲ့ အသိပညာပေး သင်ရိုးညွှန်းတမ်းတွေကို ကျန်းမာရေးဝန်ထမ်းတွေ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန စတဲ့ ဌာနဆိုင်ရာက ဝန်ထမ်းတွေကိုလည်း မျှဝေပေးပါတယ်။ ဒီအတွက် အလုပ်ရုံဆွေးနွေးပွဲတွေကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ တခြား ပြည်တွင်းအဖွဲ့အစည်းတွေကိုလည်း နည်းပညာတွေ မျှဝေပေးပါတယ်။

အမျိုးသမီးတွေကို ခွဲခြားနှိမ့်ချထားတဲ့ ဥပဒေတွေမရှိဘူးဆိုပေမယ့် အမျိုးသမီးအခန်းကဏ္ဍ မြှင့်တင်ရေးအတွက် အရင်က ရေးဆွဲထားတဲ့ ဥပဒေတွေက အခုခေတ်နဲ့ မကိုက်ညီတာမျိုးရှိပါတယ်။ ဒါတွေကို ပြင်ဆင်ရမယ်။ ပြီးတော့ အမျိုးသမီးဆိုရင် အားနည်းတယ်၊ နိမ့်ကျတယ်လို့ထင်တဲ့ အယူအဆတွေလည်း ရှိနေသေးတယ်။ ဒါတွေကိုလည်း ပြောင်းရမယ်။ ဒီနေ့ဆွေးနွေးပွဲမှာလည်း ကျွန်မအနေနဲ့ အမျိုးသမီးတွေဟာ တခြားသူတွေကို မှီခိုတဲ့ မှီခိုမဟုတ်ဘူး။ အိမ်သူအိမ်သားတွေကသာ အမျိုးသမီးတွေကို မှီခိုနေတဲ့အကြောင်းကို Positive Way နဲ့ ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။

### ဒေါက်တာစန်းစန်းအေး (ညွှန်ကြားရေးမှူးချုပ်)
### လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာအမျိုးသမီးများနေ့ ကျင်းပရတဲ့ အကြောင်းအရင်းကို အရင်ဆုံးအနေနဲ့ ပြည်သူလူထုသိအောင်ပြောချင်ပါတယ်။ ၁၉၉၅ ခုနှစ်မှာ တရုတ်နိုင်ငံ ပေကျင်းမြို့မှာ နိုင်ငံပေါင်း ၁၈၉ နိုင်ငံက အမျိုးသမီးတွေ တက်ရောက်တဲ့ အမျိုးသမီးညီလာခံကနေ ဆုံးဖြတ်ချက် နှစ်ခု ချမှတ်နိုင်ခဲ့ပါတယ်။ ပထမတစ်ချက်က နိုင်ငံတော်အဆင့် အမျိုးသမီးအရေးကို ဆောင်ရွက်မယ့် ယန္တရားတစ်ရပ်ပေါ်ပေါက်လာဖို့ အမျိုးသမီး ကော်မတီပဲဖြစ်ဖြစ်၊ အမျိုးသမီးအဖွဲ့တွေပဲဖြစ်ဖြစ် နိုင်ငံတော်အဆင့် ပေါ်ပေါက်လာဖို့အတွက် ဆုံးဖြတ်ချက်ချခဲ့တယ်။

ဒုတိယဆုံးဖြတ်ချက်က အမျိုးသမီးတွေဘဝ ဖွံ့ဖြိုးတိုးတက်ဖို့ လုပ်ငန်းအစီအစဉ်တွေ ချမှတ်ရမယ်ဆိုပြီး ဆုံးဖြတ်ချက်နှစ်ခုကို ချမှတ်ခဲ့တယ်။ ဆုံးဖြတ်ချက်နှစ်ရပ်နဲ့အညီ ကျွန်မတို့ မြန်မာနိုင်ငံမှာ ၁၉၉၆ ခုနှစ် ဇူလိုင် ၃ ရက်မှာ ကော်မတီတစ်ခုကို နိုင်ငံတော်အဆင့် ယန္တရားတစ်ရပ်အနေနဲ့ တည်ထောင်နိုင်ခဲ့တယ်။ ဒီလို စတင်ဖွဲ့စည်းမှုအထိမ်းအမှတ်အနေနဲ့ မြန်မာအမျိုးသမီးများနေ့ဆိုပြီး ကျင်းပတာဖြစ်ပါတယ်။

နိုင်ငံတော်အဆင့် ယန္တရားမှာ ဥက္ကဋ္ဌအနေနဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအနေနဲ့ ဆောင်ရွက်ပါတယ်။ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီထဲမှာ ဘယ်သူတွေ ပါဝင်သလဲဆိုရင် အမျိုးသမီးအရေးကို တက်ကြွစွာ ဆောင်ရွက်နေတဲ့ လူမှုအဖွဲ့အစည်းတွေ၊ မြေပြင်မှာ လက်တွေ့ဆောင်ရွက်နေတဲ့ ကွန်ရက်တွေပါဝင်တယ်။

ပေကျင်းညီလာခံမှာချမှတ်ခဲ့တဲ့ အမျိုးသမီးတွေ ဖွံ့ဖြိုးတိုးတက်ဖို့ လုပ်ငန်းအစီအစဉ်တွေ ချမှတ်ရမယ်ဆိုပြီး ကျွန်မတို့နိုင်ငံကလည်း ၂၀၁၃-၂၀၂၂ ခုနှစ်ဆိုပြီး ဆယ်နှစ်တာ စီမံကိန်းနဲ့ ကျွန်မတို့ အမျိုးသမီးတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီအစဉ်တွေချမှတ်တယ်။ အကောင်အထည်ဖော်ဆောင်ရွက်တဲ့ အခါမှာ ယခုအစိုးရသက်တမ်းကာလက ဒုတိယသက်တမ်းကာလဖြစ်ပါတယ်။ ဒုတိယသက်တမ်းကာလ ငါးနှစ်အတွင်းမှာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီရဲ့ ဦးဆောင်မှုနဲ့ မူဝါဒပိုင်းဆိုင်ရာတွေ၊ ဆုံးဖြတ်ချက်ပေးမှုဆိုင်ရာတွေ ဆောင်ရွက်ပေးပါတယ်။ ဒီနှစ် ထူးခြားမှုက ရင်ခွင်မဲ့ကလေး လျှော့ချရေးနဲ့ ကာကွယ်စောင့်ရှောက်ရေး အသင်းဆိုပြီး ပေါ်ပေါက်လာပါတယ်။ တစ်နိုင်ငံလုံး အတိုင်းအတာအနေနဲ့ လှုပ်ရှားဆောင်ရွက်နေပါတယ်။ လူမှုဝန်ထမ်းဦးစီးဌာနရဲ့အောက်မှာ စွန့်ပစ်ကလေးတွေအတွက် ကလေးပြုစုရေးဌာန ခုနစ်ခု ဖွင့်လှစ်ဆောင်ရွက်နေတယ်။ ကလေးသူငယ်ဆိုင်ရာ ဥပဒေလည်း လွှတ်တော်မှာ ရောက်ရှိနေပါပြီ။ ကလေးသူငယ်တွေမှာ ရှင်သန်ခွင့်ရှိရမယ်၊ ကာကွယ်စောင့်ရှောက်ပိုင်ခွင့်ရှိရမယ်၊ ကြီးထွားဖွံ့ဖြိုးခွင့်ရှိရမယ်၊ ပါဝင်ခွင့် ရှိရမယ်ဆိုတဲ့ အခွင့်အရေး လေးရပ်ရှိပါတယ်။ ကလေးသူငယ်တွေ ဒီလိုအခွင့်အရေး ရရှိအောင် ဆောင်ရွက်ပေးနေပါတယ်။

အမျိုးသမီးအရေးတွေ ဆောင်ရွက်တယ်ဆိုတဲ့နေရာမှာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီရဲ့အောက်မှာ လုပ်ငန်းကော်မတီတွေ ဖွဲ့စည်းထားတယ်။ လုပ်ငန်းကော်မတီကို အထောက်အကူပြုပေးမယ့် နည်းပညာအထောက်အကူပြုအဖွဲ့လေးရပ် ဖွဲ့စည်းဆောင်ရွက်နေပါတယ်။

### ဦးသန့်စင်ထွန်း (ရုံးအဖွဲ့မှူး)
### မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း

ကျွန်တော်တို့အဖွဲ့အနေနဲ့ တစ်နိုင်ငံလုံးမှာရှိတဲ့ အမျိုးသမီးနဲ့ ကလေးတွေရဲ့ဘဝ မြှင့်တင်ရေးကို ဆောင်ရွက်ပေးနေပါတယ်။ ဘုန်းတော်ကြီးသင် စာသင်ကျောင်းနဲ့ သွားလာမှုခက်ခဲတဲ့ဒေသတွေက ရွာတွေအတွက် ကျေးလက်မီးလင်းရေးဆိုပြီး ဆိုလာနဲ့ မီးလင်းရေးကို ဆောင်ရွက်ပေးနေပါတယ်။ အခုဆိုရင် တိုင်းဒေသကြီးနဲ့ ပြည်နယ်ခုနစ်ခုအတွက် ဆောင်ရွက်ပြီးပါပြီ။ ပြီးတော့ အဲဒီဒေသက အမျိုးသမီးတွေကို အိန္ဒိယနိုင်ငံကို သင်တန်းလွှတ်ပြီး သင်တန်းဆင်းလာရင် အဲဒီဒေသအတွက် မီးလင်းရေး ပြန်လုပ်ပေးနေတာလည်း ရှိပါတယ်။

ပြီးတော့ ကလေးတွေအတွက်ဆိုရင် သွားရေးလာရေးခက်ခဲတဲ့ ကျေးလက်ဒေသတွေမှာ မူကြိုကျောင်းတွေ၊ စာသင်ကျောင်းတွေကို ဆောက်ပေးပါတယ်။ ဘုန်းတော်ကြီးသင်စာသင်ကျောင်းတွေမှာဆိုရင် အမျိုးသမီးအိပ်ဆောင်တွေကို အဓိက ကူညီဆောက်လုပ်ပေးနေတာရှိပါတယ်။ အမျိုးသမီးတွေအတွက် ဝင်ငွေရလုပ်ငန်းတွေ ဆောင်ရွက်ပေးနေတာလည်း ရှိပါတယ်။ ကရင်ပြည်နယ် ထော့ကော်ကိုး ဒေသမှာရှိတဲ့ အမျိုးသမီးတွေအတွက်ဆိုရင် ဝင်ငွေတိုးလုပ်ငန်းအဖြစ် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေကို အဓိကထား ဆောင်ရွက်ပေးပါတယ်။ ပြီးတော့ လာမယ့်နှစ်မှာဆိုရင်လည်း ကျေးလက်ဒေသက အမျိုးသမီးတွေကို အိန္ဒိယနိုင်ငံက ဆိုလာသင်တန်းတွေ တက်ရောက်ဖို့ စေလွှတ်သွားမှာ ဖြစ်ပါတယ်။

**သတင်း-ရှင်မင်း၊ မွေးကြူ**
**ဓာတ်ပုံ- ကျော်ရဲဆွေ**

## ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(ရန်ကုန်)ဝင်းအတွင်း၌ စုပေါင်းသစ်ပင်စိုက်ပျိုး

**ရန်ကုန် ဇူလိုင် ၃**

အင်းစိန်မြို့နယ် စဉ့်ငူရပ်ကွက်ရှိ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(ရန်ကုန်)ဝင်းအတွင်း၌ ဇူလိုင် ၃ ရက် နံနက် ၉ နာရီတွင် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(ရန်ကုန်)နှင့် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ ကျင်းပခဲ့သည်။

အင်းစိန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦးက မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ပြုလုပ်ရခြင်းနှင့်ပတ်သက်၍ အမှာစကား ပြောကြားပြီး ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (ရန်ကုန်)မှ ပါမောက္ခချုပ် ဒေါက်တာဒေါ်သီဂီလှိုင်က ဥတုရာသီတောကိုမှီ ဆိုသကဲ့သို့ အရိပ်ရအပင်စိုက်၊ သီးပင်စိုက် သစ်တောပြုန်းတီးမှုကာကွယ် သို့မှသာ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လာမည်ဖြစ်ကြောင်း ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(ရန်ကုန်)မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကျွန်း ၁၀၅ ပင်၊ မဟော်ဂနီ ၁၀၃ ပင်၊ ကံ့ကော် ၁၀၅ ပင်၊ ခရေ ၁၀၆ ပင်၊ ပျဉ်းကတိုးနှစ်ပင်၊ မည်စည်တစ်ပင်၊ ရေတမာတစ်ပင်၊ စုစုပေါင်း ၄၂၃ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**၆၈၄**

၁။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေနိုင်သည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”**ကို နိုင်ငံတော်သမ္မတရုံး၏ ၂၂-၆-၂၀၁၈ ရက်စွဲပါ ရုံးအမိန့်အမှတ် (၁၈၇/၂၀၁၈)ဖြင့် ဖွဲ့စည်းထားရှိပြီး ဖြစ်ပါသည်။

၂။ သို့ပါ၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေနိုင်သည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူများအနေဖြင့် တိုင်ကြားနိုင်ရန် ယင်းဌာနတွင် သီးသန့်တယ်လီဖုန်း၊ သီးသန့်ဖက်စ်ဖုန်း၊ သီးသန့်အီးမေးလ်လိပ်စာများ ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါသဖြင့် ရုံးချိန်အတွင်း အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇-၃၉၀၂၀၀ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇-၃၉၀၂၃၃ |
| အီးမေးလ်လိပ်စာ | - | antinarcotics@presidentoffice.gov.mm |

# ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း အာမခံမှုဖြင့် အီးယူသို့ အကောက်ခွန်ကင်းလွတ်ခွင့်ရရှိမည့် မှတ်ပုံတင်စနစ်သစ် စတင်

သတင်းဆောင်းပါး - ခင်ရတနာ၊ ဓာတ်ပုံ - အီးယူ၊ အဲလက်စ်

လက်နက်ခဲယမ်းမှလွဲလျှင် ကျန်ထုတ်ကုန်ပစ္စည်းများအားလုံးကို မြန်မာနိုင်ငံက ဥရောပဈေးကွက်သို့ အထူးအကောက်ခွန် ကင်းလွတ်ခွင့်အစီအစဉ်အရ အကောက်ခွန်လွတ်၊ ကိုတာလွတ်ဝင်ရောက်နိုင်ခွင့် ရရှိထားသည်။ အခြားနိုင်ငံများနည်းတူ မြန်မာနိုင်ငံသည် ဥရောပသမဂ္ဂသို့ ကုန်စည်များတင်ပို့သည့် နိုင်ငံတစ်ခုဖြစ်ပြီး ယခုအခါ ပို့ကုန်တင်ပို့သူမှတ်ပုံတင်စနစ်သစ်ဖြင့် ဇူလိုင် ၁ ရက်မှစတင်ကာ တင်ပို့နိုင်ပြီဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။





“အရင်က အီးယူရဲ့ သတ်မှတ်တဲ့စည်းကမ်းနဲ့ကိုက်ညီရင် အကောက်ခွန်သက်သာခွင့်၊ ကင်းလွတ်ခွင့်တွေကို ရနိုင်ပေမယ့် အဲဒီလိုရဖို့ အထောက်အထားကို ဝန်ကြီးဌာနက Copy GSP Form A ကို စိစစ်ထုတ်ပေးရပါတယ်၊ ၂၀၁၇ ခုနှစ်မှာ အီးယူအဖွဲ့ဝင်နိုင်ငံတွေနဲ့ နော်ဝေ၊ ဆွစ်ဇာလန်နဲ့ တူရကီနိုင်ငံတွေရဲ့ Generalized System of Preferences (GSP) အစီအစဉ်အရ ပို့ကုန်တင်ပို့သူမှတ်ပုံတင်စနစ် (Registered Exporter System) ကို စတင်ခဲ့ပြီး ကျွန်မတို့နိုင်ငံကလည်း ဒီစနစ်ကို စတင်ကျင့်သုံးတော့မှာဖြစ်ပါတယ်”ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရှင်စောသုက ပြောကြားသည်။

အထူးအကောက်ခွန်ကင်းလွတ်ခွင့်ပြုထားသည့် နိုင်ငံများကို ယခင်ကျင့်သုံးသည့်စနစ်အရ ပို့ကုန်တင်ပို့သူများသည် ကုန်တန်ဖိုး ယူရို ၆၀၀၀ ထက်ကျော်လွန်ပါက ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် ပုံစံအေ လိုအပ်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက စစ်ဆေးထုတ်ပေးခြင်းဖြစ်သည်။ နောက်ပိုင်းတွင် မှတ်ပုံတင်ထားသည့် ပို့ကုန်တင်ပို့သူများသည် ပင်ရင်းထုတ်ကုန် ကြေညာချက် ကိုယ်တိုင်ဖြည့်သွင်းခြင်းဖြင့် ကိုယ်တိုင်သက်သေခံရသည့်စနစ်သို့ ကူးပြောင်းခြင်းဖြစ်သည်။ စနစ်သစ်ကြောင့် ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်ရရှိမှုအတွက် လုပ်ထုံးလုပ်နည်းများ လျှော့ချပေးခြင်းဖြစ်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများက ပို့ကုန်များ ပိုမိုလွယ်ကူစွာ အီးယူသို့ တင်ပို့နိုင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ဥရောပသမဂ္ဂမှ သိရသည်။

“စနစ်သစ်နဲ့ တင်ပို့မယ့် ကုမ္ပဏီခြောက်ခု ပြင်ဆင်နေတာရှိပါတယ်၊ ဝန်ကြီးဌာနက စိစစ်ပေးနေပါတယ်၊ မကြာမီတင်ပို့နိုင်ပါတော့မယ်၊ မှတ်ပုံတင်ထားတာမရှိသေးတဲ့ ပို့ကုန်လုပ်ငန်းရှင်တွေကတော့ ပုံစံအေကို အသုံးပြုနိုင်ပြီး မှတ်ပုံတင်ထားတဲ့လုပ်ငန်းရှင်တွေကတော့ ပင်ရင်းထုတ်ကုန်ဆိုင်ရာ ဖော်ပြချက်ကို ကိုယ်တိုင်ဖြည့်သွင်းရမှာပါ၊ အီးယူနဲ့ ဆက်စပ်နိုင်ငံတွေကို ယူရို ၆၀၀၀ ထက်နည်းတဲ့ ပို့ကုန်တွေအတွက်ဆိုရင် ပင်ရင်းထုတ်ကုန်ဆိုင်ရာ ဖော်ပြချက်ဖြည့်သွင်းခွင့်ရှိပါတယ်”ဟု ဒေါ်ရှင်စောသုက ပြောကြားသည်။

**ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း ကြေညာမည့် ကုန်စည်သည် ပြည်ပက တင်သွင်းသည့် ကုန်ကြမ်းများ ပါဝင်ထုတ်လုပ်ထားပါက စက်မှုထုတ်ကုန် တစ်ယူနစ်တိုင်းအတွက် ထုတ်ကုန်ပစ္စည်း မှတ်ပုံတင်လက်မှတ်ကို ကြိုတင်လျှောက်ထားရန် လိုအပ်ပြီး ယင်းသက်တမ်းမှာ နှစ်နှစ်ဖြစ်ကြောင်း ဥရောပသမဂ္ဂမှ သိရသည်။**

မြန်မာနိုင်ငံသည် ၂၀၁၉ ခုနှစ် ဇွန်လအထိ ဖောင်အေဖြင့် ဆက်လက်တင်ပို့နိုင်သော်လည်း နောက်ပိုင်းတွင် ယူရို ၆၀၀၀ အထက် ပို့ကုန်ပစ္စည်းများအတွက် မှတ်ပုံတင်ထားပြီး ပို့ကုန်လုပ်ငန်းရှင်က ဖြည့်သွင်းထားသည့် ပင်ရင်းဒေသဆိုင်ရာဖော်ပြချက်နှင့် ပူးတွဲတင်ပြမှသာ GSP အထူးဦးစားပေး အကောက်ခွန်ကင်းလွတ်ခွင့်ရရှိမည်ဖြစ်သည်။

“ပို့ကုန်တင်ပို့မယ်ဆိုရင် လိုအပ်တာတွေဖြည့်စွက်ပြီး ဝန်ကြီးဌာနမှာ မှတ်ပုံတင်ပို့ကုန်တင်ပို့သူ (Registered Exporter)အဖြစ် တစ်ကြိမ်မှတ်ပုံတင်ထားဖို့လိုပြီး နောက်ပိုင်းမှာ ကုန်စည်နဲ့အတူ တင်ပို့တဲ့ အရောင်းအဝယ်စာရွက်ပေါ်မှာ ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း ကြေညာပေးလိုက်တာနဲ့ အကောက်ခွန်ကင်းလွတ်ခွင့်ရရှိမှာပါ၊ ဝန်ကြီးဌာနကလည်း အကောက်ခွန်သက်သာခွင့်ရရှိဖို့အတွက် စနစ်သစ်ကို ကုန်သည်/စက်မှုအသင်းချုပ်မှာလည်း လုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံပြီး မိတ်ဆက်ပေးဖို့ ရည်ရွယ်ထားတယ်”ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အီးယူသည် မြန်မာနိုင်ငံအပေါ် GSP စနစ်ဖြင့် အကောက်ခွန်သက်သာကင်းလွတ်ခွင့်ကို ၁၉၉၇ ခုနှစ်ကတည်းက စတင်ဆိုင်းငံ့ထားခဲ့ပြီး ၂၀၀၈ ခုနှစ်တွင်လည်း ထပ်မံသက်တမ်းတိုးမြှင့်ခဲ့သည်။ ၂၀၁၃ ခုနှစ် ဇူလိုင်လ ၁၉ ရက်မှစတင်ကာ လက်နက်ခဲယမ်းမှအပ ကျန်ကုန်စည်အားလုံးကို တင်သွင်းရာတွင် အခွန်ကင်းလွတ်ခွင့်နှင့် အရေအတွက် ကန့်သတ်ခြင်းမှကင်းလွတ်ခွင့် (Duty free and Quota Free) ကို ပြန်လည်ခွင့်ပြုထားခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံမှ အီးယူသို့ တင်ပို့လျက်ရှိသည့် လုပ်ငန်းရှင်ပေါင်း ၃၀၀ နီးပါးရှိပြီး ပို့ကုန်အများစုမှာ စက်မှုကုန်ချောပစ္စည်းများ၊ လယ်ယာထွက်ပစ္စည်းများ၊ သတ္တုတွင်းထွက်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများ၊ ချုပ်ပြီးသားအထည်အလိပ်များ စသည်တို့ဖြစ်ကြောင်း ကုန်သွယ်ရေးဌာနမှ သိရသည်။ ပြီးခဲ့သည့် ဘဏ္ဍာနှစ် ၂၀၁၇-၂၀၁၈ ဧပြီလမှ ဖေဖော်ဝါရီလအထိ အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပြန်သည့် ငွေကြေးအမျိုးအစားအလိုက် ပို့ကုန်သွင်းကုန်အစီရင်ခံစာအရ ယူရိုငွေကြေးဖြင့် ကုန်သွယ်ရာတွင် ပို့ကုန်စုစုပေါင်း သန်းပေါင်း ၃၁၇ သန်းကျော်ရှိပြီး စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၅ဘီလီယံရှိကြောင်း သိရသည်။

**အီးယူသို့ ကိုယ်တိုင်လျှောက်ထားနိုင်**

ပို့ကုန်တင်ပို့သူများသည် မှတ်ပုံတင်ပို့ကုန်တင်ပို့သူအဖြစ် လျှောက်ထားရန် အီးယူနိုင်ငံများ၏ဝက်ဘ်ဆိုက် **https://customs.ec.europa.eu/rex-pa-ui/#/create-preapplication/** သို့ ဝင်ရောက်လျှောက်ထားရမည်ဖြစ်ပြီး Tin Number ၌ ကုန်သွယ်ရေးဦးစီးဌာနက ကုမ္ပဏီအတွက် ထုတ်ပေးသည့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်နံပါတ်ရှေ့တွင် မြန်မာနိုင်ငံကုတ် MM ကို ထည့်သွင်းဖြည့်စွက်ရမည်ဖြစ်သည်။ တင်ပို့မည့် ကုန်စည်များ၏ HS ကုတ်ရှေ့ဂဏန်းလေးလုံးကို ဖြည့်စွက်နိုင်ပြီး ပို့ကုန်များသည် တူညီသော HS ဖြစ်ပါက HS ကုတ် 4 Digit အဆင့်ဖြင့် ကုန်စည်အုပ်စု ၂၀ ကျော်ပါက HS Chapter တစ်ခုလုံး ရွေးချယ်ဖြည့်စွက်ရန် လိုအပ်ကြောင်း ဝန်ကြီးဌာနက ညွှန်ကြားထားသည်။

အချက်အလက်များပြည့်စုံပါက ကုမ္ပဏီ၏ဒါရိုက်တာအမည်စာရင်းပါ ပုဂ္ဂိုလ်က လက်မှတ်ရေးထိုးကာ ကုန်သွယ်ရေးဦးစီးဌာနတွင် မှတ်ပုံတင်ပို့ကုန်တင်ပို့သူအဖြစ် လျှောက်ထားနိုင်မည်ဖြစ်ပြီး ဌာနမှစိစစ်ပြီးပါက သက်တမ်းနှစ်နှစ်ရှိ မှတ်ပုံတင်ပို့ကုန်တင်ပို့သူ မှတ်ပုံတင်နံပါတ် ထုတ်ပေးမည်ဖြစ်သည်။ ယင်းအချက်များကို ကုန်သွယ်ရေးဦးစီးဌာနမှ ဥရောသမဂ္ဂ၏ ဗဟိုအချက်အလက်ထိန်းချုပ်မှုစနစ် (Central Database)သို့ ထည့်သွင်းပေးမည်ဖြစ်သည်။ ယင်းမှတ်ပုံတင်သည် အီးယူ၊ နော်ဝေ၊ ဆွစ်ဇာလန်နှင့် တူရကီနိုင်ငံများသို့ တင်ပို့သော မြန်မာ့ပင်ရင်းထုတ်ကုန်များအားလုံး အကျုံးဝင်မည်ဖြစ်သည်။

တင်ပို့မည့်ကုန်စည်သည် ပင်ရင်းထုတ်ကုန်အဖြစ် ဆုံးဖြတ်ရာတွင် နိုင်ငံအလိုက်ပြဋ္ဌာန်းထားသည့် GSP များကို အသုံးပြုရပြီး ယင်းကို **www.unctad.org** တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်းနှင့် မှတ်ပုံတင်ပို့ကုန်တင်ပို့သူအဖြစ် လျှောက်ထားမှုများကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ သတ်မှတ်ထားကြောင်း ကုန်သွယ်ရေးဦးစီးဌာနမှ သိရသည်။

**ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း သက်သေပြပါ**

ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း ကြေညာမည့်ကုန်စည်သည် ပြည်ပက တင်သွင်းသည့် ကုန်ကြမ်းများ ပါဝင်ထုတ်လုပ်ထားပါက စက်မှုထုတ်ကုန် တစ်ယူနစ်တိုင်းအတွက် ထုတ်ကုန်ပစ္စည်းမှတ်ပုံတင်လက်မှတ်ကို ကြိုတင်လျှောက်ထားရန်လိုအပ်ပြီး ယင်းသက်တမ်းမှာ နှစ်နှစ်ဖြစ်ကြောင်း ဥရောပသမဂ္ဂမှ သိရသည်။ ထို့ပြင် မှတ်ပုံတင်ပို့ကုန်တင်ပို့သူ၏ ပင်ရင်းထုတ်ကုန်များနှင့်ပတ်သက်၍ ဝန်ကြီးဌာနက စစ်ဆေးနိုင်ပြီး ပင်ရင်းထုတ်ကုန် လိမ်ညာ၍ ကြေညာခြင်း၊ မမှန်ကန်သော အချက်အလက်များ ကြေညာခြင်းတို့ကို တွေ့ရှိပါက မှတ်ပုံတင်ခွင့်ပြုချက်ကို ပယ်ဖျက်မည်ဖြစ်ပြီး ဥပဒေအရ အရေးယူခြင်း ခံရမည်ဖြစ်သည်။

“အရင်ကတော့ ပင်ရင်းထုတ်ကုန် ဟုတ်၊ မဟုတ်ဆိုတာကို ဝန်ကြီးဌာနကနေ တာဝန်ခံခဲ့တာပါ၊ အခုစနစ်သစ်ကတော့ လုပ်ငန်းရှင်တွေကို ပြန်ပြီး တာဝန်ခံခိုင်းတာလို့ မြင်ပါတယ်၊ ကိုယ့်ရဲ့ ပို့ကုန်ဟာ ကိုယ့်နိုင်ငံကထွက်တဲ့ မိတ်အင်မြန်မာစစ်စစ် ဖြစ်တယ်ဆိုတာကို အာမခံခိုင်းတာပါ၊ ဘယ်လိုပဲဖြစ်ဖြစ် အီးယူကို တင်ပို့မယ့်သူတွေ အားလုံးသိထားသင့်တယ်၊ အကောက်ခွန်ကင်းလွတ်ဖို့အတွက် အရည်အချင်းနဲ့ပြည့်စုံတဲ့ ကုန်စည်တွေ ထုတ်လုပ်ရမယ်၊ ကူးသန်းရောင်းဝယ်မှုဆိုင်ရာ မှတ်တမ်းတွေ၊ စာရင်းတွေ စနစ်ကျရမယ်၊ ထုတ်လုပ်တဲ့အခါ အသုံးပြုတဲ့ ကုန်ကြမ်းအားလုံးနဲ့ ဆက်စပ်တဲ့သက်သေတွေ သိမ်းဆည်းတတ်လာမယ်၊ ကုန်ကြမ်းတွေအားလုံးနဲ့ ဆက်စပ်တဲ့ အကောက်ခွန်ဆိုင်ရာတွေအားလုံးလည်း စနစ်ကျလာမယ်၊ ဒီလိုဆိုရင် မြန်မာနိုင်ငံက ထွက်ကုန်တွေဟာလည်း အရည်အသွေးနဲ့ အာမခံနိုင်မှု မြင့်မားလာဖို့ရှိတယ်”ဟု ပို့ကုန်လုပ်ငန်းရှင် ဒေါက်တာစိန်မောင်က ပြောကြားသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးပုံစံသည် ကုန်သွယ်မှုအခြေခံစီးပွားရေးဖြစ်သည့်အားလျော်စွာ ကုန်သွယ်ရာတွင် မှန်ကန်မျှတသည့် ယှဉ်ပြိုင်ခြင်းနည်းလမ်းများ၊ ရိုးသားသန့်ရှင်းသည့် ကုန်သွယ်ရေးစနစ်များကို အသုံးပြုခြင်းဖြင့် ပိုမိုနေရာရရှိလာအောင် ကြိုးပမ်းသင့်ကြောင်း ဥရောပသမဂ္ဂ၏ သံအမတ်ကြီးမစ္စတာ Kristian Schmidt ကလည်း စီးပွားရေးလုပ်ငန်းရှင်များကို တိုက်တွန်းပြောကြားထားရာ မကြာမီ ပိုမိုလွယ်ကူစွာဖြင့် ဥရောပသမဂ္ဂနိုင်ငံများနှင့် ဆက်စပ်နိုင်ငံများသို့ ဈေးကွက်ဝေစု ပိုမိုရရှိအောင် ကုန်သွယ်မှုပြုလုပ်နိုင်တော့မည်ဟု ယူဆရပါသည်။ ။

# ၂၀၁၉ ခုနှစ် မတ်လ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် သင်္ချာဘာသာရပ် နမူနာမေးခွန်းပုံစံ-၂

၂၀၁၉ ခုနှစ် မတ်လတွင်ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် မေးခွန်းပုံစံသစ်နှင့်စပ်လျဉ်း၍ အသိပေးဖော်ပြချက်များကို သတင်းစာများတွင် ၂၀၁၈ ခုနှစ် မေ ၂ ရက်မှ မေ ၁၀ ရက်အထိ ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ယခု ထပ်မံ၍ ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် နမူနာမေးခွန်းပုံစံများကို သတင်းစာများတွင် ထုတ်ပြန်သွားမည်ဖြစ်ပါသည်။
(နမူနာမေးခွန်းပုံစံများကို ပညာရေးဝန်ကြီးဌာန၏ Website ဖြစ်သော www.moe.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။)

**2019 SAMPLE QUESTION**
**MATRICULATION EXAMINATION**
**DEPARTMENT OF MYANMAR EXAMINATION**

**MATHEMATICS** **Time Allowed: (3) Hours**

**WRITE YOUR ANSWERS IN THE ANSWER BOOKLET.**

**SECTION (A)**
(Answer **ALL** questions)

1.(a) Functions $f : R \to R$ and $g : R \to R$ are defined by $f(x) = 2x - 14$ and $g(x) = x^2 + 3$. Find the values of x if $(f \circ g)(x) = 42$. (3 marks)

(b) When the polynomial $x^3 - 3x^2 + kx + 7$ is divided by $x + 3$, the remainder is 1. Find the value of k. (3 marks)


2.(a) Find the coefficient of $x^4$ in the expansion of $(\frac{x}{3} - 3)^7$. (3 marks)

(b) The first term of an A.P. is 2 and its nth term is 20. If the sum of the first n terms of that A.P. is 110, find the value of n. (3 marks)

3.(a) Let $A = \begin{pmatrix} 2 & 4 \\ 6 & a \end{pmatrix}$. If $\det(2A) = 2 \det A$, find a. (3 marks)

(b) When a die is rolled k times, the expected frequency of getting a factor of 4 is 240. Find k. (3 marks)

4.(a) Given ⊙O with diameter CI, CM // ON, prove that arc MN = arc NI.




(3 marks)

(b) Referred to a fixed origin O, the position vectors of the points A and B are $4\hat{i} - 6\hat{j}$ and $8\hat{i} - p\hat{j}$ respectively. Given that O, A and B are collinear, find the value of p. (3 marks)

5.(a) Show that $\frac{\sin 2\theta}{1 + \cos 2\theta} = \tan\theta$. (3 marks)

(b) Find the gradient of the curve $y = 3x^2 - 4x + 3$ at the point where $x = 2$. (3 marks)

**SECTION (B)**
(Answer any **FOUR** questions)

6.(a) Let $f : R \to R$ and $g : R \to R$ be defined by $f(x) = x + 7$ and $g(x) = 3x - 1$. Find $(f^{-1} \circ g)(x)$ and what is the value of $b \in R$ for which $(f^{-1} \circ g)(b) = 4$. (5 marks)

(b) Given that $f(x) = x^{2n} - (p+1)x^2 + p$, where n and p are positive integers. Show that $x - 1$ is a factor of f(x), for all values of p. When $p = 4$, find the value of n for which $x - 2$ is a factor of f(x) and hence factorize f(x) completely. (5 marks)

7.(a) Let R be the set of real numbers and a binary operation ⊙ on R be defined by $x \odot y = xy - x - y$ for $x, y \in R$. Find the value of $3 \odot 4$ and $(3 \odot 4) \odot 5$. Find the values of x if $x \odot (x \odot 3) = 23$. (5 marks)

(b) Find, in ascending powers of x, the first three terms of $(1 + kx)^5(1 - 4x)$. If the coefficient of x is 16, find the value of k and the coefficient of $x^2$. (5 marks)

8.(a) Find the solution set in R of the inequation $(2x - 1)^2 \geq 9$ by graphical method and illustrate it on the number line. (5 marks)

(b) Find the sum of all two-digit natural numbers which are divisible by 8. (5 marks)

9.(a) If m is a positive integer, show that the sum of the A.P. $2m + 1, 2m + 3, 2m + 5, \ldots, 4m - 1$ is divisible by 3. (5 marks)

(b) Solve the matrix equation $P\begin{pmatrix} -3 & 2 \\ 1 & 6 \end{pmatrix} + 2\begin{pmatrix} -6 & 0 \\ 5 & 7 \end{pmatrix} = \begin{pmatrix} -17 & 10 \\ 5 & 44 \end{pmatrix}$ for the $2 \times 2$ matrix P. (5 marks)

10.(a) Find the solution set of the system of equations
$3x + 2y = 7$
$5x - y = 3$ by matrix method. (5 marks)

(b) Construct the table of outcomes for rolling two dice. Find the probability that the score on the second die is greater than that on the first. Find also the probability that the score on one die is prime and the score on the other is even. (5 marks)

**SECTION (C)**
(Answer any **THREE** questions)

11.(a) PQR is a triangle inscribed in a circle. The tangent at P meets RQ produced at T, and PC bisecting $\angle RPQ$ meets RQ at C. Prove that $\Delta TPC$ is isosceles. (5 marks)

(b) In the acute $\Delta ABC$, AD and BE are altitudes. If $\alpha(\Delta DEC) = \frac{1}{3}\alpha(ABDE)$, prove that $\angle C = 60^\circ$. (5 marks)

12.(a) ABC is a triangle in which AB = AC. P is a point inside the triangle such that $\angle PAB = \angle PBC$. Given that Q is a point on BP produced such that ABCQ is a cyclic quadrilateral, prove that AQ = AP. (5 marks)

(b) Without using tables calculate the exact values of $\sin 75^\circ$, $\cos 195^\circ$ and $\tan 255^\circ$. (5 marks)

13.(a) Solve $\Delta ABC$ if $BC = 9$, $AB = 13$ and $\angle B = 108^\circ$. (5 marks)

(b) If $y \cos x = e^x$, show that $\frac{d^2y}{dx^2} - 2\tan x \frac{dy}{dx} - 2y = 0$. (5 marks)

14.(a) What is the smallest perimeter possible for a rectangle of area $81 \text{ in}^2$? (5 marks)

(b) Find the matrix which will reflect in the line OY followed by a rotation through $60^\circ$. What is the map of the point $(-1, 0)$? (5 marks)

# ဒို့ကျေးရွာဂျာနယ် အတွဲ(၁၅)၊ အမှတ်(၁၃) ထုတ်ဝေဖြန့်ချိ

**နေပြည်တော် ဇူလိုင် ၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နှစ်ပတ်တစ်ကြိမ် ထုတ်ဝေလျက်ရှိသည့် ဒို့ကျေးရွာဂျာနယ်ကို အသွင်သဏ္ဌာန် အနှစ်သာရ ပြောင်းလဲကာ ရောင်စုံစာမျက်နှာများဖြင့် ဝေဝေဆာဆာ ထုတ်ဝေဖြန့်ချိလျက်ရှိရာ အတွဲ(၁၅)၊ အမှတ်(၁၃)ကို ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

၁-၇-၂၀၁၈ ရက်နေ့ထုတ် ဒို့ကျေးရွာဂျာနယ် အတွဲ(၁၅)၊ အမှတ်(၁၃)တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် ဒို့ကျေးရွာပေးစာများ၊ နိုင်ငံတကာ မျက်မှောက်ရေးရာ သတင်းများ၊ အင်တာဗျူး၊ ဝတ္ထု၊ ကျေးလက်ရသ ကဗျာ၊ ကာတွန်း၊ ဟာသ၊ အနုပညာကဏ္ဍ၊ အားကစား၊ ဗေဒင်၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိုးလေဝသ ခန့်မှန်းချက် စသည့် ဗဟုသုတရရှိစေမည့် အကြောင်းအရာများကို သုတရသ စုံလင်စွာဖြင့် ဖတ်ရှုရမည်ဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**

ဇူလိုင်လ ၁ ရက်နေ့တွင် ထွက်ရှိမည့် ဒို့ကျေးရွာ ဂျာနယ်တွင်

- ဖိတ်ခေါ်ပါသည် တို့လယ်ယာမြေဆီ
- ကျေးလက်ဒေသလူမှုစီးပွားဘဝဖွံ့ဖြိုးမှုအစီအစဉ်အတွက် အခြေခံအချက်အလက်များ တည်ဆောက်ထားရန်လို
- ပဲစေးကွက် ပျောက်ဆုံးရတဲ့အကြောင်းရင်းနှင့် ကုထုံး
- ကျောင်းသူကျောင်းသားများ၊ ဆရာဆရာမများနှင့် ဝန်ထမ်းများအတွက် အသက်ကယ်အကျီများ စီစဉ်ဆောင်ရွက်
- အနာဂတ်ဘဝ သာယာလှပစေဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းကြစို့
- ဒုရင်းအစေ့ကို စီးပွားဖြစ် ဝယ်ယူလျက်ရှိ
- ပြည်တွင်းပြည်ပခရီးသွားများလေ့လာနိုင်ရန် ပလင်းကမ်းသာယာ ဆင်စခန်းတွင် ဆင်အရိုးစုပြတိုက် တည်ဆောက်လျက်ရှိ
- ဒုတိယအရွယ် အစမ်းဆက်ဝတ္ထု
- အုံ့ဖွယ်ရေတွင်း ပုံပြင်
- ဝင်ငွေတိုးဖို့ ဘဲမွေးစို့
- အအေးမိ တုပ်ကွေး နှာစေး ချောင်းဆိုးခြင်းအတွက် ကာကွယ်နည်း အသွယ်သွယ်
- မိုတက်သောအစားအစာများမှ ဖြစ်ပွားရသည့်ရောဂါများ အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် ဒို့ကျေးရွာပေးစာများ၊ နိုင်ငံတကာ မျက်မှောက် ရေးရာသတင်းများ၊ အင်တာဗျူး၊ ဝတ္ထု၊ ကျေးလက်ရသ ကဗျာ၊ ကာတွန်း၊ ဟာသ၊ အနုပညာကဏ္ဍ၊ အားကစား၊ ဗေဒင်၊ အလုပ်အကိုင် အခွင့် အလမ်း နှင့် မိုးလေဝသခန့်မှန်းချက် စသည်တို့ကို စုံစုံလင်လင် ဖတ်ရှုရမည် ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

# ဖျာပုံတွင် လက်သမားနှင့်ပန်းရန်သင်တန်းဆင်း

**ဖျာပုံ ဇူလိုင် ၃**

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေဖြင့် ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လက်သမား၊ ပန်းရန်သင်တန်းအမှတ်စဉ် (၂/၂၀၁၈) ဆင်းပွဲအခမ်းအနားကို ဇွန် ၂ ရက် နံနက်က ဖျာပုံမြို့နယ် ကျေးလက်ဒေသဖွံ့ ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပရာ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်လင်းက အမှာစကားပြောကြား၍ သင်တန်းဆင်း လက်မှတ်များနှင့် ထူးချွန်သင်တန်းသားဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ သင်တန်းအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ၂၀၁၈ခုနှစ် ပထမ ခြောက်လဘတ်ဂျက်ကာလအတွင်း စီမံချက်အကောင်အထည်ဖော်၍ ဇွန် ၄ ရက်မှ ၂၅ ရက်အထိ ၁၅ရက်ကြာ ဖွင့်လှစ်ခဲ့ရာ ဖျာပုံမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝဓဆ**






ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကော့ဘိန်းတိုက်နယ်ကျေးရွာ အထကကျောင်း စိန်ရတနာခန်းမ၌ ဇူလိုင် ၃ ရက်က မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကို ကျင်းပရာ နယ်မြေရဲစခန်းမှူး ရဲအုပ်သောင်းထွန်းက ကျောင်းသား ကျောင်းသူများကို မူးယစ်ဆေးဝါး၏ ဆိုးကျိုးများ၊ ဖမ်းဆီးရမိမှုများ၊ ပြစ်မှု ပြစ်ဒဏ်များ၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝ ထိခိုက်မှု များသာ ဖြစ်စေသော မူးယစ်ဆေးဝါး ဆိုးကျိုးများကို ပညာပေးဟောပြောစဉ်။

**မြို့နယ်ရဲတပ်ဖွဲ့**

# စွမ်းပကားအလွန်မြင့်မားသော ဒုံးပျံယာဉ် တရုတ်နိုင်ငံ သုတေသနပြု တည်ဆောက်နေ



**ပေကျင်း ဇူလိုင် ၃**
တရုတ်နိုင်ငံသည် စွမ်းပကားအလွန်မြင့်မားသော ရော့ကက်ဒုံးပျံတစ်စင်းကို သုတေသနပြုတည်ဆောက်လျက်ရှိကြောင်း၊ ယင်းဒုံးပျံသည် အနိမ့်ပိုင်း ကမ္ဘာပတ်လမ်းများ ရှိရာသို့ အလွန်လေးလံသော ဝန်စည်များကို တင်ဆောင်ကာ ပို့ဆောင်ပေးနိုင်စွမ်းရှိမည်ဖြစ်ကြောင်း အာကာသရေးရာ ကျွမ်းကျင်သူပညာရှင်တစ်ဦး၏ပြောကြားချက်ကို ကိုးကားလျက် အေအက်ဖ်ပီသတင်းဌာနက ဇူလိုင် ၃ ရက်တွင် သတင်းထုတ်ပြန်သည်။

သုတေသနပြု တည်ဆောက်နေဆဲ ဒုံးပျံကို လောင်းမတ်ချ်-၉ဟု အမည်ပေးထားပြီး ၂၀၃၀ ပြည့်နှစ် နောက်ဆုံးထား၍ တည်ဆောက်မှု ပြီးစီးရန် လျာထားသည်။ အဆိုပါ ဒုံးပျံယာဉ်ကိုအသုံးပြု၍ အနိမ့်ပိုင်း ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ တန်ချိန် ၁၄၀ အလေးချိန်ရှိ ဝန်စည်ကို တင်ဆောင်ကာ လွှတ်တင်နိုင်မည်ဖြစ်ကြောင်း တရုတ်အင်ဂျင်နီယာ တက္ကသိုလ်မှ အထက်တန်းသုတေသီ လျောင်လဲဟောင်က ပြောကြားသည်။

ဥရောပ အာကာသ အေဂျင်စီက တည်ဆောက်သော အာရီယာန်-၅ ဒုံးပျံယာဉ်က အလေးချိန်တန် ၂၀၊ အမေရိကန် စပေ့စ်အိပ်စ်ကုမ္ပဏီက ထုတ်လုပ်သော ဖယ်လ်ကွန်ဟဲဗီး ဒုံးပျံယာဉ်က ၆၄တန်၊ အမေရိကန် အာကာသအေဂျင်စီ၏ အာကာသယာဉ် လွှတ်တင်ရေးစနစ်ဒုံးပျံယာဉ်က တန်ချိန် ၁၃၀ရှိ ဝန်စည်ကိုသာ တင်ဆောင်နိုင်ရာ တရုတ်နိုင်ငံလုပ်ဒုံးပျံက ကုန်စည်တင်ဆောင်နိုင်စွမ်း ပိုမိုသာလွန်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

စပေ့စ်အိပ်စ်ကုမ္ပဏီသည် ဖယ်လ်ကွန်ဟဲဗီး ဒုံးပျံယာဉ်ကို အသုံးပြု၍ အင်္ဂါဂြိုဟ်၏ ဂြိုဟ်ပတ်လမ်း တည်ရှိရာသို့ ဖေဖော်ဝါရီလအတွင်း လွှတ်တင်ခဲ့ပြီးဖြစ်သည်။

နာဆာ၏အာကာသယာဉ် လွှတ်တင်ရေးစနစ် ဒုံးပျံယာဉ်ကို ၂၀၂၀ ပြည့်နှစ်တွင် စတင်အသုံးပြုနိုင်မည်ဟု မျှော်လင့်ရသည်။

တရုတ်နိုင်ငံလုပ် လောင်းမတ်ချ်-၉ ဒုံးပျံယာဉ်၏ပင်မအူတိုင် လုံးပတ်မှာ အချင်း ၁၀ မီတာ (၃၃ ပေ) ရှိပြီး စွမ်းပကားမြင့် အဟုန်မြင့် ဒုံးပျံစက်(ဘူစတာ)လေးလုံးပါဝင်မည်ဖြစ်ကြောင်း လျောင်လဲဟောင်က ပြောကြားသည်။

အာကာသယာဉ်မှူး လိုက်ပါမည့် လဆင်းယာဉ်လွှတ်တင်ရာတွင် လောင်းမတ်ချ်ဒုံးပျံယာဉ်ကို အသုံးပြုနိုင်မည့်အပြင် အာကာသအနက်ပိုင်း စူးစမ်းရှာဖွေရေးလုပ်ငန်း သို့မဟုတ် အာကာသအခြေစိုက် နေရောင်ခြည်စွမ်းအင်ထုတ်လုပ်ရေးစခန်း တည်ဆောက်ရေးလုပ်ငန်းတွင်လည်း ယင်းဒုံးပျံယာဉ်ကို အသုံးပြုနိုင်ရန် ရည်မှန်းကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**အေအက်ဖ်ပီ**

## မလေးရှား ဝန်ကြီးချုပ်ဟောင်း နာဂျစ်အား အဂတိလိုက်စားမှုဖြင့် ထိန်းသိမ်းပြီ

**ကွာလာလမ်ပူ ဇူလိုင် ၃**
မလေးရှားဝန်ကြီးချုပ်ဟောင်း နာဂျစ်ရာဇတ်ကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ စုံစမ်း စစ်ဆေးရေးမှူးများက ဇူလိုင် ၃ ရက်တွင် ထိန်းသိမ်းလိုက်ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

ဝန်ကြီးချုပ်ဟောင်း နာဂျစ်ကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ အထူးလုပ်ငန်းအဖွဲ့တစ်ဖွဲ့က ဇူလိုင် ၃ ရက်တွင် စွဲချက်တင်ရန် စီစဉ်ထားကြောင်း သတင်းဖော်ပြသည်။

နိုင်ငံပိုင် ရန်ပုံငွေတစ်ရပ်နှင့် ပတ်သက်နေသော အဂတိလိုက်စားမှု အရှုပ်တော်ပုံတစ်ရပ်အရ နာဂျစ်အား ၎င်း၏ နေအိမ်တွင် ဖမ်းဆီးလိုက်ကြောင်း ကော်မရှင်က ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားသည်။ နာဂျစ်နှင့်အတူ ၎င်း၏ မိသားစုဝင်များ၊ နိုင်ငံရေးနှင့် စီးပွားရေးအရ မိတ်ဖက်များကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

အဂတိလိုက်စားမှုဆိုင်ရာ စွပ်စွဲချက်များ ပေါ်ထွက်ခဲ့ခြင်းနှင့်အတူ နာဂျစ်၏ အာဏာရညွန့်ပေါင်းအဖွဲ့မှာ မေလရွေးကောက်ပွဲတွင် ရှုံးနိမ့်ခဲ့ရပြီး သူ၏ ဆရာဟောင်းဖြစ်သူ မဟာသီမိုဟာမက်ဦးဆောင်သော ပြုပြင်ပြောင်းလဲရေးဝါဒီ မဟာမိတ်အဖွဲ့တစ်ဖွဲ့က အာဏာရရှိလာခဲ့သည်။

နိုင်ငံပိုင် ရင်းနှီးမြှုပ်နှံရေး ရန်ပုံငွေတစ်ရပ်မှ ငွေကြေး ဘီလီယံပေါင်းများစွာကို နာဂျစ်နှင့် ၎င်း၏မိတ်ဖက် ခရိုနီများက ခိုးယူခဲ့ကြသည်ဟု စွပ်စွဲချက်များ ပေါ်ထွက်ခဲ့သည်။ သို့ရာတွင် မိမိသည် အမှားတစ်စုံတစ်ရာမလုပ်ခဲ့ပါဟု နာဂျစ်က ငြင်းဆိုခဲ့သည်။

ရွေးကောက်ပွဲရှုံးနိမ့်ခဲ့ချိန်မှစ၍ နာဂျစ်ကို နိုင်ငံပြင်ပသို့ ထွက်ခွာခြင်းမပြုရန် အာဏာပိုင်များက တားမြစ်ပိတ်ပင်ခဲ့သည်။

**အေအက်ဖ်ပီ**

# လစ်ဗျား ကမ်းလွန်ပင်လယ်ပြင်အတွင်း ရွှေ့ပြောင်းအခြေစိုက်သူ ၆၃ ဦး ပျောက်ဆုံးနေ

**ထရီပိုလီ ဇူလိုင် ၃**
ရွှေ့ပြောင်းအခြေစိုက်မည့် လူပေါင်း ၁၀၄ ဦး လိုက်ပါလာသော ရော်ဘာလှေတစ်စင်းသည် လစ်ဗျားနိုင်ငံ ပင်လယ်ကမ်းရိုးတန်းကမ်းလွန်၌ နစ်မြုပ်ခဲ့ရာ ၆၃ ဦး ပျောက်ဆုံးလျက်ရှိကြောင်း လစ်ဗျားရေတပ် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

### နစ်မြုပ်မှုဖြစ်ပွား

အသက်ကယ်အင်္ကျီ ဝတ်ဆင်ထားသူ ၄၁ ဦးကို ကယ်ဆယ်ပေးနိုင်ခဲ့ပြီး ၆၃ ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း၊ လစ်ဗျားနိုင်ငံ မြို့တော်ထရီပိုလီ အရှေ့ဘက် ဂါရာဆူလီမြို့ ကမ်းလွန်ပင်လယ်ပြင်အတွင်း ရော်ဘာလှေနစ်မြုပ်မှုဖြစ်ပွားခဲ့ကြောင်း ရေတပ်ဗိုလ်ချုပ် အယွတ်ကာဆင်က ပြောကြားသည်။

ရော်ဘာလှေနစ်မြုပ်မှု ဖြစ်ပွားခဲ့သည့်ဧရိယာအတွင်းမှာပင် အခြားကယ်ဆယ်ရေး လုပ်ငန်းနှစ်ခုကို လုပ်ဆောင်ပေးခဲ့ရသည်။ လစ်ဗျားကမ်းရိုးတန်းစောင့်တပ်ဖွဲ့မှ မော်တော်ဘုတ်တစ်စင်းသည် ကယ်ဆယ်ရေးလုပ်ငန်းနှစ်ခုတွင် ကယ်ဆယ်ပေးခဲ့သော လူပေါင်း ၂၇၅ ဦးနှင့် ရော်ဘာလှေနစ်မြုပ်မှုအတွင်း ကယ်ဆယ်ပေးခဲ့သော ၄၁ ဦးတို့ကို တင်ဆောင်ကာ မြို့တော်ထရီပိုလီသို့ ပြန်လည်ထွက်ခွာသွားပြီဖြစ်သည်။

မြေထဲပင်လယ်ဒေသအတွင်း ဇွန် ၂၉ ရက်မှ ဇူလိုင် ၁ ရက်အထိ ခိုးဝင်လာသူများ၏ရေယာဉ်များ နစ်မြုပ်သည့်ဖြစ်စဉ်များတွင် လူပေါင်း ၁၇၀ ခန့်အထိ ပျောက်ဆုံးနေဆဲဖြစ်သည်။

မြေထဲပင်လယ်အတွင်း ရေယာဉ်နစ်မြုပ်ရာမှ သေဆုံးရသူများတွင် ကလေးများနှင့်အမျိုးသမီးများ အများအပြား ပါဝင်သည်။

ဥပဒေမဲ့ ခိုးဝင်လာသူ လူရာပေါင်းများစွာသည် အီတလီနိုင်ငံသို့ ရောက်ရှိရန် ကြိုးပမ်းကြရင်း မြေထဲပင်လယ်အတွင်း ရေယာဉ်နစ်မြုပ်မှု ဖြစ်ရပ်များကြောင့် နှစ်စဉ်သေဆုံးရလေ့ရှိသည်။ အာဖရိကဒေသ မြောက်ပိုင်းရှိ လစ်ဗျားနိုင်ငံ၌ နိုင်ငံရေးမတည်မငြိမ်ဖြစ်မှုကို အသုံးချကာ ခိုးဝင်လာသူများက လစ်ဗျားနိုင်ငံ၏ပင်လယ်ကမ်းရိုးတန်းဒေသများမှတစ်ဆင့် ဥရောပသို့ ဝင်ရောက်နိုင်ရန် ကြိုးပမ်းကြလေ့ရှိသည်။

**အေအက်ဖ်ပီ**





# မွမ်ဘိုင်းမြို့ လူကူးခုံးကျော်တံတား ပြိုကျ ငါးဦးထက်မနည်း ဒဏ်ရာရရှိ

**နယူးဒေလီ ဇူလိုင် ၃**
အိန္ဒိယနိုင်ငံ၏ ဘဏ္ဍာရေးမြို့တော် မွမ်ဘိုင်း၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူကူးခုံးကျော်တံတားတစ်စင်း ပြိုကျမှုဖြစ်ပွားခဲ့ရာ ငါးဦးထက်မနည်း ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ဇူလိုင် ၃ ရက်တွင် ပြောကြားသည်။

မွမ်ဘိုင်းမြို့ရှိ အင်ဒရာရီဘူတာရုံအနီး၌ တံတား၏ အစိတ်အပိုင်းတစ်ခု ပြိုကျမှု ဇူလိုင် ၃ ရက် နံနက်ပိုင်းတွင် ဖြစ်ပွားခဲ့ရာ လော်ကယ်ရထားခရီးစဉ်များကို ရပ်ဆိုင်းထားလိုက်ရပြီး ခရီးသည်ထောင်ပေါင်းများစွာတို့ ခရီးဆက်ရန် နှောင့်နှေးကြန့်ကြာမှု ဖြစ်ပေါ်ခဲ့ရသည်။

အဆိုပါမတော်တဆမှုအတွင်း ထိခိုက်ဒဏ်ရာရသူ ငါးဦးအနက် နှစ်ဦးမှာ ဒဏ်ရာပြင်းထန်သည်။

အင်ဒရာရီဘူတာရုံ၏ အရှေ့ဘက်ခြမ်းနှင့်အနောက်ဘက်ခြမ်းတို့ကို ဆက်သွယ်ထားသော တံတား၏ တစ်စိတ်တစ်ဒေသ ပြိုကျမှုဖြစ်ပွားခဲ့ပြီးနောက် ကယ်ဆယ်ရေး လုပ်ငန်းနှင့်အပျက်အစီးအပိုင်းအစများအား ရှင်းလင်းသည့်လုပ်ငန်းတို့ကို အပူတပြင်း ဆောင်ရွက်ပေးခဲ့သည်။ ရထားသံလမ်းအပေါ် ပုံကျနေသော အပျက်အစီးများကို ရှင်းလင်းနိုင်ခြင်းမရှိမီ ဒေသတွင်း ရထားခရီးစဉ်များကို ဖျက်သိမ်းခဲ့ရကြောင်း ရထားလုပ်ငန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရထားလုပ်ငန်း ဘေးအန္တရာယ်ကင်းရှင်းရေး မဟာမင်းကြီးက စုံစမ်းစစ်ဆေးမှု အစီရင်ခံစာကို ၁၅ ရက်အတွင်း တင်သွင်းရမည်ဖြစ်ကြောင်း ရထားလုပ်ငန်းဝန်ကြီး ပီယွတ်ဂိုယယ်က ပြောကြားသည်။

ရထားခရီးစဉ်များ ပြန်လည်ပြေးဆွဲနိုင်ရေးအတွက် အပျက်အစီးအပိုင်းအစများ ရှင်းလင်းရေးလုပ်ငန်းကို ကျွမ်းကျင်သူများ၏ ကြီးကြပ်မှုနှင့်အတူ အလုပ်သမား ၇၀၀ ခန့်က လုပ်ကိုင်ပေးခဲ့ကြသည်။

**ဆင်ဟွာ**

# ကမ္ဘာ့ဖလားအားကစားသတင်းများ

## ဂျပန်အသင်းကို အနိုင်ရပြီး ဘယ်လ်ဂျီယံ ကွာတားဖိုင်နယ်တက်



ဘယ်လ်ဂျီယံအသင်းဟာ ၁၆ သင်းအဆင့်မှာ ဂျပန်အသင်းကို သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းသွားခဲ့ပြီဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ ဘယ်လ်ဂျီယံအသင်းနဲ့ ဂျပန်အသင်းတို့ဟာ လူစုံထုတ်ကစားခဲ့ကြပြီး ပထမပိုင်းမှာ ဘယ်အသင်းကမှ ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ပါဘူး။

ဒါပေမယ့် ဒုတိယပိုင်းပွဲကစားချိန် ၄၈ မိနစ်မှာ ဂျပန်အသင်းက ဟာရာဂူချိရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး ပွဲကစားချိန် ၅၂ မိနစ်မှာ အီနျူအီရဲ့သွင်းဂိုးနဲ့ ဂျပန်အသင်းက နှစ်ဂိုးအသာနဲ့ ကစားနိုင်ခဲ့တာပါ။ ဒါပေမယ့် ကမ္ဘာ့ဖလားအတွေ့အကြုံအားနည်းပြီး တစ်ဦးချင်းခြေစွမ်းပိုင်းနဲ့ အသင်းလိုက်စုဖွဲ့မှုအားနည်းချက်တွေကြောင့် ဂျပန်အသင်းဟာ ပွဲကစားချိန် ၆၉ မိနစ်မှာ ဗာတွန်ဂန်ရဲ့သွင်းဂိုးကို ခွင့်ပြုပေးလိုက်ရပါတယ်။

ဘယ်လ်ဂျီယံအသင်းဟာ ချေပဂိုးတစ်ဂိုးရရှိခဲ့ပြီးချိန်မှာတော့ ကစားသမားအားလုံးဟာ စိတ်ဓာတ်ပိုင်းဆိုင်ရာပြန်လည်မြင့်တက်လာခဲ့ပြီး ပွဲကစားချိန် ၇၄ မိနစ်မှာ ဖယ်လိုင်နီရဲ့ ခေါင်းတိုက်သွင်းဂိုးနဲ့ ချေပဂိုးတစ်ဂိုးထပ်မံရရှိခဲ့ပါတယ်။ အဲဒီအချိန်မှာ ဘယ်လ်ဂျီယံအသင်းနဲ့ ဂျပန်အသင်းတို့ဟာ ပြိုင်ဆိုင်မှုပိုမိုပြင်းထန်လာခဲ့ပြီး နာကျင်အချိန်ပိုအတွင်းမှာ ဘယ်လ်ဂျီယံအသင်းက လူစားဝင်ကစားသမား ချက်ဒ်လီရဲ့ သွင်းဂိုးထပ်မံရရှိခဲ့တာကြောင့် ဘယ်လ်ဂျီယံအသင်းက ဂျပန်အသင်းကို သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး ကွာတားဖိုင်နယ်အဆင့်မှာ ဘရာဇီးအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။




## ဂျာမနီ ကမ္ဘာ့ဖလားပြိုင်ပွဲမှ ထွက်ခဲ့ရသော်လည်း ဂျိုအာချင်လို ဂျာမနီနည်းပြအဖြစ် ဆက်ရှိနေမည်

၂၀၁၄ ကမ္ဘာ့ဖလားချန်ပီယံ ဂျာမနီအသင်းသည် အုပ်စုအဆင့် နောက်ဆုံးပွဲစဉ်တွင် တောင်ကိုရီးယားအသင်းကို ရှုံးနိမ့်ခဲ့ရခြင်းကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲမှ ထွက်ခဲ့ရသည်။ ထိုသို့ထွက်ခဲ့ရသော်လည်း နည်းပြ ဂျိုအာချင်လိုမှာ ဂျာမနီအသင်းနည်းပြအဖြစ် ဆက်ရှိနေမည်ဖြစ်ကြောင်းသိရသည်။

ဂျာမနီအသင်းသည် အုပ်စုအဆင့်တွင် မက္ကဆီကိုအသင်းနှင့် တောင်ကိုရီးယားအသင်းတို့ကို ရှုံးနိမ့်ကာ အုပ်စုအဆင့်တွင် အောက်ဆုံး၌ ရပ်တည်ခဲ့ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲမှ ထွက်ခဲ့ရခြင်းဖြစ်ကာ ယခုတစ်ကြိမ်ကမ္ဘာ့ဖလားပြိုင်ပွဲ၏ အုပ်စုအဆင့်မှာပင် ထွက်ခဲ့ရခြင်းသည် ဂျာမနီအသင်းအတွက် ၁၉၃၈ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်လည်း ဖြစ်လာခဲ့သည်။

နည်းပြဂျိုအာချင်လိုသည် ဂျာမနီအသင်းနည်းပြအဖြစ် ၂၀၀၆ ခုနှစ်တွင် စတင်တာဝန်ယူခဲ့ခြင်းဖြစ်ပြီး လွန်ခဲ့သည့်တစ်လက သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့ခြင်းကြောင့် ၂၀၂၂ ခုနှစ်အထိ ဂျာမနီအသင်းနည်းပြအဖြစ်ဆက်ရှိနေမည်ဖြစ်ကြောင်း သိရသည်။

ဂျာမနီအသင်းသည် ပြီးခဲ့သည့် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ချန်ပီယံအသင်းဖြစ်ခဲ့သည့်အပြင် ကမ္ဘာ့ဖလားနောက်ဆုံးလေးကြိမ်တွင် အနိမ့်ဆုံးဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့သည့်အသင်းဖြစ်သော်လည်း ၂၀၁၈ ကမ္ဘာ့ဖလားတွင်မူ အုပ်စုအဆင့်မှပင် လှည့်ပြန်ခဲ့ရသည်။ ယင်းသို့လှည့်ပြန်ခဲ့ရခြင်းမှာ ကမ္ဘာ့ဖလားနောက်ဆုံးသုံးကြိမ်တွင် ချန်ပီယံအသင်းများ အုပ်စုအဆင့်မှ လှည့်ပြန်ခဲ့ရသည့် အဖြစ်မျိုးဖြစ်ပြီး အီတလီအသင်းသည် ၂၀၀၆ ချန်ပီယံဖြစ်ခဲ့သော်လည်း ၂၀၁၀ တွင် အုပ်စုအဆင့်မှ လှည့်ပြန်ခဲ့ရသည့်အပြင် စပိန်အသင်းသည်လည်း ၂၀၁၀ ချန်ပီယံဖြစ်ခဲ့သော်လည်း ၂၀၁၄ တွင် အုပ်စုအဆင့်မှ လှည့်ပြန်ခဲ့ရခြင်းဖြစ်သည်။

လက်ရှိတွင် နည်းပြဂျိုအာချင်လိုသည် အသက် ၅၈ နှစ်အရွယ်ရှိနေပြီဖြစ်ပြီး ဂျိုအာချင်လိုသည် တောင်အာဖရိကတွင် ကျင်းပခဲ့သည့် ၂၀၁၀ ကမ္ဘာ့ဖလားတွင် တတိယနေရာ၊ ၂၀၁၄ ကမ္ဘာ့ဖလားတွင် ချန်ပီယံဖြစ်ခဲ့သည်အထိ စွမ်းဆောင်နိုင်ခဲ့သည့် နည်းပြတစ်ဦးဖြစ်သည်။

ဂျိုအာချင်လိုသည် ယူရိုပြိုင်ပွဲတွင်လည်း အောင်မြင်မှုရရှိထားပြီး ယူရို ၂၀၀၈ ပြိုင်ပွဲတွင် ဒုတိယနေရာ၊ ယူရို ၂၀၁၂ နှင့် ယူရို ၂၀၁၆ တို့တွင် ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်အောင် စွမ်းဆောင်ပေးခဲ့သူဖြစ်သည်။ သို့ရာတွင် ယခုကမ္ဘာ့ဖလားပြိုင်ပွဲတွင် အုပ်စု အဆင့်မှပင် ထွက်ခဲ့ရသော်လည်း လက်ရှိနည်းပြဂျိုအာချင်လိုအား အသင်းနည်းပြအဖြစ် ဆက်လက်ထားရှိရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

## ဆွီဒင်အသင်း ဆွစ်ဇာလန်ကိုနိုင်ပြီး ကွာတားဖိုင်နယ်သို့ တက်လှမ်း

ဆွီဒင်အသင်းသည် ကမ္ဘာ့ဖလား ၁၆ သင်းအဆင့်တွင် ဆွစ်ဇာလန်အသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းသွားခဲ့ပြီဖြစ်သည်။ အဆိုပါပွဲစဉ်တွင် ဆွီဒင်အသင်းနှင့် ဆွစ်ဇာလန်အသင်းတို့သည် အနိုင်ရရှိရေးအတွက် လူစုံထုတ်ကစားလာခဲ့သော်လည်း ကစားသမားနှစ်ဦးအထိ ပွဲပယ်ပြစ်ဒဏ်ကျခံထားရသည့် အတွက် ဆွီဒင်အသင်းက အသာစီးရယူနိုင်ခဲ့ကာ ပွဲကစားချိန် ၆၆ မိနစ်တွင် သွင်းယူခဲ့သည့် ဖောစဘာ့၏ တစ်လုံးတည်းသောသွင်းဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဆွစ်ဇာလန်အသင်းသည် တစ်ဂိုးအသွင်းခံထားရပြီးနောက် တိုက်စစ်ပိုင်းအပြောင်းအလဲအဖြစ် ဒီဇီမိုင်လီ၏ နေရာတွင် ဆီဖာရိုဗစ်ကိုလည်းကောင်း၊ စတီဗင်ဇူးဘာနေရာတွင် အမ်ဘိုလိုကိုလည်းကောင်း လူစားလဲကစားစေခဲ့သည်။ ထို့နောက် ဆွစ်ဇာလန်အသင်း၏ ကစားဟန်သည် ပိုမိုကောင်းမွန်လာခဲ့သော်လည်း ချေပဂိုးပြန်လည်မသွင်းယူနိုင်ခဲ့သည့်အပြင် နာကျင်အချိန်ပိုတွင် မိုက်ကယ်လန်းမှာ ကြမ်းတမ်းစွာကစားခဲ့ခြင်းကြောင့် တိုက်ရိုက်အနီကတ်ပြထုတ်ပယ်ခံခဲ့ရသည်။

ဆွီဒင်အသင်းမှာ ဆွစ်ဇာလန်အသင်းကို အနိုင်ရရှိခဲ့ခြင်းကြောင့် ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းသွားခဲ့ပြီဖြစ်ရာ ကွာတားဖိုင်နယ်အဆင့်တွင် ကိုလံဘီယာအသင်း သို့မဟုတ် အင်္ဂလန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။



## ကမ္ဘာ့ဖလားပွဲပြီးရလဒ်များ

| | | | | |
|---|---|---|---|---|
| ဘယ်လ်ဂျီယံ | ၃ | - | ၂ | ဂျပန် |
| ဆွီဒင် | ၁ | - | ဝ | ဆွစ်ဇာလန် |

ငွေကြယ် - ရေးသားသည်

# တာချီလိတ်တွင် သေနတ်ပစ်ခတ်မှုကြောင့် တစ်ဦးသေဆုံးပြီး ကျူးလွန်သူ ခြောက်ဦးအား ဖမ်းမိ




**တာချီလိတ် ဇူလိုင် ၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့၌ ဇူလိုင် ၂ ရက်က ကားအရောင်းပြခန်းတစ်ခုအား သေနတ်ဖြင့် ပစ်ခတ်မှုနှင့် ယာဉ်မောင်းတစ်ဦး သေဆုံးသည့် သေနတ်ပစ်ခတ်မှု ကျူးလွန်သူ ခြောက်ဦးကို ယနေ့နံနက် ၁ နာရီဝန်းကျင်က ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂ ရက် ည ၇ နာရီကျော်က တာချီလိတ်မြို့ အာခါဈေးလမ်းတွင် လူနှစ်ဦး လိုက်ပါလာသည့် မော်တော်ယာဉ်တစ်စီးအား ကားလမ်းဘေး၌ ရပ်နေသူတစ်ဦးက သေနတ်ဖြင့် ပစ်ခတ်သဖြင့် ယာဉ်မောင်းရန်ကျားချိန်ဆိုသူမှာ သေနတ်ဒဏ်ရာ သုံးချက်ရရှိကာ သေဆုံးသွားခဲ့သည်။ ယင်းဖြစ်စဉ်အား မြန်မာနိုင်ငံရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးနေစဉ် ပါဆတ်ရပ်ကွက်မှ ကားအရောင်းပြခန်းတစ်ခုကိုလည်း လမ်းပေါ်မှ ပစ်ခတ်သွားကြောင်း သတင်းထပ်မံရရှိသဖြင့် ကားအရောင်းပြခန်းအား ရဲတပ်ဖွဲ့က ဆက်လက်စစ်ဆေးနေစဉ် ဗိုလ်ချုပ်လမ်းမပေါ်တွင် ဆိုင်ကယ်တစ်စီးဖြင့် လူနှစ်ဦး ရောက်လာပြီး မိုးပေါ်ထောင်၍ သေနတ်သုံးချက် ပစ်ခတ်ထွက်ပြေးရာ ရဲတပ်ဖွဲ့က လိုက်လံဖမ်းဆီးစဉ် ဟောင်လိတ်လမ်းဆုံ မီးပွိုင့်တွင်လည်း သေနတ်ကို မိုးပေါ်ထောင်၍ သုံးချက် ထပ်မံပစ်ခတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သေနတ်ပစ်ခတ်မှု ကျူးလွန်သူများအား တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့၊ တာချီလိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့က စုံစမ်းဖမ်းဆီးရာ ဇူလိုင် ၃ ရက်တွင် ပဏ္ဍိတဆိုသူကို စတင်ဖမ်းဆီးရမိပြီး ကျန်အဖွဲ့ဝင်များကို ဖန်မင်ကျေးရွာ အုပ်စု ဒေဝင်ကျေးရွာမှ စိုင်းသိန်းကျော်(ခ) နွတ်ခမ်းမွှေး၏ နေအိမ်အတွင်းတွင် ထပ်မံဖမ်းဆီးရမိခြင်းဖြစ်ကြောင်း သိရသည်။

သေနတ်ပစ်ခတ်ရာတွင် ပါဝင်သည့် စိုင်းသိန်းကျော်(ခ) နွတ်ခမ်းမွှေး(၄၀)နှစ်၊ စိုင်းလုဝင်း(၂၀)နှစ်၊ စိုင်းရှန်မိန်း(၃၄)နှစ်၊ စိုင်းအောင်(ခ) စိုင်းဆန်းအောင်(၂၀)နှစ်၊ စိုင်းအောင်ထူး(၄၅)နှစ်၊ ပဏ္ဍိတ (၃၁)နှစ် တို့ကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယင်းခြံဝင်းအတွင်း ဝင်ရောက်ဖမ်းဆီးရာတွင် ပြစ်မှုကျူးလွန်သူများက ပစ်ခတ်သည့်အတွက် အဖွဲ့ဝင်အဖြစ် ပူးပေါင်းပါဝင်သော တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာ ရရှိခဲ့သော်လည်း စိုးရိမ်စရာမရှိကြောင်း သိရသည်။

ဖြစ်စဉ်တွင် ကနဦး စစ်ဆေးမှု ထွက်ဆိုချက်များအရ ၎င်းတို့က အဆိုပါ မော်တော်ယာဉ် အရောင်းပြခန်းတွင် မော်တော်ယာဉ်တစ်စီး ရောင်းထားသည့်အတွက် မော်တော်ယာဉ်ဖိုး တောင်းခံတိုင်း ဖုန်းစက်ပိတ်ထားသဖြင့် ဆိုင်ပိတ်ချိန်တွင် သေနတ်ဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်ပြီး ၎င်းတို့ ပစ်ခတ်ထွက်ပြေးချိန်တွင် နောက်မှ ကားတစ်စီးပါလာရာ ကားပြခန်းပိုင်ရှင်၏ တပည့်များလိုက်လာသည်ဟု ယူဆသဖြင့် လမ်းဘေးအမှောင်ရိပ်တွင် သေနတ်ဖြင့် စောင့်နေပြီး ကားဖြတ်သွားချိန်တွင် ပစ်ခတ်လိုက်ခြင်းဖြစ်သည်ဟု ထွက်ဆိုခဲ့ကြောင်း သိရသည်။

သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေးရာတွင် ဆိုင်ကယ်မောင်းနှင်သူမှာ စိုင်းအောင်(ခ) စိုင်းဆန်းအောင်ဖြစ်ပြီး သေနတ်ပစ်သူမှာ စိုင်းသိန်းကျော်(ခ)နွတ်ခမ်းမွှေးဖြစ်ကြောင်း သိရသည်။

၎င်းတို့အဖွဲ့အား တာချီလိတ်မြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားပြီး ဆက်လက်စစ်ဆေးမှုများ ဆောင်ရွက်နေကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# မြန်မာ့ရုပ်မြင်သံကြား

**၄-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၇း၃၅ | မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း |
| ၈း၄၅ | နိုင်ငံတော်ဖွံ့ဖြိုးရေး အခွန်မှန်မှန်ပေးဆောင်ပေး "ဝင်ငွေခွန်ဥပဒေနှင့်ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့်စပ်လျဉ်း၍ ပြင်ဆင်မှုလျှောက်ထားခြင်း အကြောင်းသိကောင်းစရာ" |
| ၉း၁၀ | စိုက်ပျိုးရေးရာအဖြေရှာ "လက်ဖက်ခင်းနှင့် လက်ဖက်ခြောက်" |
| ၉း၃၀ | ရှန်းကန်လှုပ်ရှားဘဝများ "တံငါသည်တို့ရဲ့ ရှန်းကန်လှုပ်ရှားနေရတဲ့ဘဝ" |
| ၉း၄၅ | ကြယ်ပွင့်များရဲ့ရင်ခုန်သံ (သရုပ်ဆောင်-ဇေရဲထက်) |
| ၁၀း၃၀ | Catch Asia News |
| ၁၀း၄၅ | ပြည်သူ့နီတိ"ဝက်ဒ္ဒမေတ္တာ" (သူရဇ္ဇ၊ ဆုမြတ်နိုးဦး၊နွဲ့နွဲ့စန်း) (ဒါရိုက်တာ-မိုးဇော်ကို) |
| ၁၁း၂၅ | ရှုဖွယ်စုံလင် အာဆီယံအစီအစဉ် |
| ၁၁း၄၀ | သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "တိုးကျော်မန်းနဲ့နန်းဆန်တဲ့ရွာ" |
| ၁၂း၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ" (အပိုင်း- ၂၂) |
| ၁၃း၁၅ | ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-III)(ပွဲစဉ်-၄) (ရန်ကုန်မြို့)(ပထမပိုင်း) |
| ၁၅း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၅၄) |

**ညပိုင်း**

| | |
|---|---|
| ၁၆း၃၅ | "လွတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သောမိန့်ခွန်းများ" |
| ၁၇း၀၅ | အနုပညာခန်းရိပ်သာ "အဆိုတော်အကော်ဒီယံ အုန်းကျော်အကြောင်း တွေ့ဆုံမေးမြန်းခြင်း" |
| ၁၇း၂၅ | သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "ရာဇဝင်ရိုင်းခဲ့သည်" |
| ၁၇း၃၅ | MRTV Travelogue |
| ၁၈း၂၀ | Football Magazine |
| ၁၈း၃၅ | ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "ကျွန်မသာလျှင်မယားစစ်ဖြစ်ပါကြောင်း"(ကောင်းဟိန်း၊ ဝေမိုးယံ၊ ပန်သုမြင့်မိုရ်၊ ဒေါ်ခင်ခင်ကြီး၊ မကြည်ဌေး၊ သက်တံ့၊ ချမ်းငြိမ်း၊ ဒေါ်နီနီဝင်း) (ဒါရိုက်တာ-သိမ်းစိုး (သီဟရတနာ)) |
| ၁၉း၁၅ | မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ရက်" (အပိုင်း -၁၀) (ဖိုးသောကြာ၊ မေဘရဏီသော်၊ စိုးပြည့်သဇင်၊ ကျော်ကျော်၊ မြနှင်းရည်လွင်၊ ခင်သဇင်၊ နေယံ၊ ဇေယျ) (ဒါရိုက်တာ-အောင်ဩဘာ) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | "Micro Level တတိယဆုရ Mr Teak ပရိဘောဂလုပ်ငန်း" -သုခမရင်ခွင်အငြိမ့်သဘင် "အာရှညီနောင်အငြိမ့်" (မင်းသမီး-ကြည်နူးထက်၊ လူရွှင်တော်-ဆန်းသစ်၊ တိုးကျော်၊ ဒေါ်လာ၊ ဒဂ်ါး၊ ကြယ်မင်း) (ဒါရိုက်တာ-ဖုန်းမြင့်အောင်) - နိုင်ငံခြားဇာတ်လမ်းတွဲ "မျဉ်းဖြောင့်တစ်ကြောင်းရဲ့ မှတ်တမ်း" (အပိုင်း -၃၂) - အစီအစဉ်ပြီး၏။ |

# မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တရားမဝင်ကုန်စည်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၃**

မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ဇူလိုင် ၂ ရက်တွင် ခရီးသည်တင်ယာဉ်တစ်စီးကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Oyster Sauce(660)g (1 x 12)25Pkgs၊ Fish Sauce (700)Ml (1x12)25Pkgs၊ Canned Fish (1 x 24)75Pkgs၊ Spy Wine (275)ml (1x24)(125)Pkgs နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄ ဒသမ ၂၈၇ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းရမိခဲ့သည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့ဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇူလိုင် ၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၆၄ စီး၊ သွင်းကုန် ၉၅၈ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၂ စီး၊ သွင်းကုန် ၁၁၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၆၀၀ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇ ဒသမ ၃၂၇ သန်းခန့်) စုစုပေါင်း တားဆီးမှု ကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉ ဒသမ ၉၂၇ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ဇော်ဖန်အား သိမ်းဆည်းရမိ ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

# ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၃**

ကန်ပိုက်တီနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁ ရက် နံနက် ၉ နာရီက ဝိုင်းမော်မြို့နယ် ကန်ပိုက်တီမြို့အဝင် ဆီပန့်အနီးတွင် ဇော်ဖန် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၁၀ ခွက်(ဘိန်းဖြူအလေးချိန် ၁၀၀ ဂရမ်) ကိုလည်းကောင်း။

အလားတူ ဇူလိုင် ၂ ရက် နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တပ်ကုန်းမြို့နယ် ခရမ်းစပ်ကုန်းကျေးရွာသွားလမ်းဘေးတွင် ဉာဏ်ခ(ခ) နေလင်းအောင်နှင့် ကျော်ဌေးတို့အား မော်တော်ဆိုင်ကယ်တစ်စီးနှင့်အတူ တွေ့ရှိရှာဖွေရာ ဉာဏ်ခ၏ ပုဆိုးခါးပုံစအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၆ ပြားနှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့မွန်းလွဲ ၂ နာရီက မောတောင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တနင်္သာရီမြို့နယ် မောတောင်မြို့ ပြည်ထောင်စု(၁)လမ်း မြို့မရပ်ကွက်တွင် ဇော်မင်းသိန်းကို ရှာဖွေရာ ၎င်းလွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၉၂၇ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ အလားတူ ဇူလိုင် ၃ ရက် မွန်းလွဲ ၂ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၃၅)မြိတ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျွန်းစုမြို့နယ် ရှော်တောမော်ကျေးရွာနေ ဦးနီကို၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၈၀ ကို လည်းကောင်း။

အလားတူ ဇူလိုင် ၂ ရက် ညနေ ၃ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့အထွက် ရေယားကျေးရွာအနီး ကလော-သာစည် သွားကားလမ်း၌ နေဖြိုးအောင် (ခ) ဖြူဖွေး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၊ ဘိန်းဆီခဲ ၄၀၀ ဂရမ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သုံးစွဲရန်မသင့်သော အလှကုန်ပစ္စည်းများကို အများပြည်သူသိရှိရန် အသိပေးကြေညာ

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသော အလှကုန်ပစ္စည်းများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲလျက်ရှိပါသည်။

၂။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်တွင်း၌ရောင်းချနေသည့် အလှကုန်ပစ္စည်းများကို ပုံမှန်စစ်ဆေးခဲ့ရာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၌ မှတ်တမ်းတင်ထားခြင်းမရှိသည့်အပြင် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော တားမြစ်ဓာတုပစ္စည်းများ ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အများပြည်သူလူထု သုံးစွဲရန်မသင့်တော်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

| စဉ် | အလှကုန်ပစ္စည်းအမည် | ထုတ်လုပ်သည့်ကုမ္ပဏီ | တွေ့ရှိချက် |
|---|---|---|---|
| ၁။ | Karite' Cosmetics Sweet Cream Matte Lip Gloss-4 | ဖော်ပြမထားပါ။ | Rhodamine B (CI 45170) (+) |
| ၂။ | Qeziger Luminesse Whitening Recharging Spot Day Cream | Taiwan Qeziger Cosmetics Co., Ltd., Taiwan | Mercury (+) |
| ၃။ | Qeziger Lumimesse Whitening/ Recharging Spot Night Cream | Taiwan Qeziger Cosmetics Co., Ltd., Taiwan | Mercury (+) |

၃။ မာကျူရီ(ပြဒါး)သည် အရေပြားယားယံခြင်း၊ ရောင်ရမ်းခြင်း၊ အဖြူအနီ ကွက်များဖြစ်ခြင်း၊ အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့ စုပ်ယူ၍ ထုံကျဉ်ခြင်း၊ ကြွက်သားတုန်ခါခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့် စိတ်ကျရောဂါများအပြင် ရေရှည်သုံးစွဲပါက ကျောက်ကပ်ပျက်စီးခြင်းနှင့် အခြားရောဂါများ ဖြစ်ပွားနိုင်ပါသည်။ Rhodamine B အရောင်ဆိုးဆေးသည် အဝတ်အထည်များ အရောင်ဆိုးရာတွင် အသုံးပြုသော ဓာတုပစ္စည်းဖြစ်၍ ရေရှည်သုံးစွဲပါက နှုတ်ခမ်းကင်ဆာ၊ အစာအိမ် အူလမ်းကြောင်းကင်ဆာနှင့် ကျောက်ကပ်ရောဂါများ ဖြစ်ပွားနိုင်ပါသည်။

၄။ အလှကုန်ပစ္စည်း တင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချသည့် ကုမ္ပဏီနှင့် လက်လီလက်ကားဆိုင်များသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် မှတ်တမ်းတင်ထားခြင်းမရှိသော အများပြည်သူသုံးစွဲရန် မသင့်ကြောင်း ကြေညာထားသည့် အလှကုန်ပစ္စည်းများ တင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချခြင်းများကို ကျင့်ဝတ်(Ethic) အရ လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေပုဒ်မ ၃၊ အပိုဒ် (၃)(ဃ)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ကျန်းမာသက်ရှည်ခြင်း၏လျှို့ဝှက်ချက်များ(၂)

ဒေါက်တာဇော်ထွန်းလင်း (ဆေးပညာမဟာသိပ္ပံ)

**နှလုံးနှင့် ဦးနှောက်ကျန်းမာရေး**

နှလုံးကျန်းမာရေးသည် အရေးကြီးဆုံးဖြစ်ပေသည်။ မွေးသည်မှ သေဆုံးသည့်အချိန်ထိ နားချိန်မရဘဲ အမြဲတမ်းနှလုံးခုန်လျက် သူ၏လုပ်ငန်းများကို လုပ်ဆောင်နေရသောကြောင့် ဖြစ်ပါသည်။ ခန္ဓာကိုယ်အရပ်ရပ်မှ စီးဝင်လာသော သွေးညစ်များကို နှလုံးတွင်လက်ခံ၍ အဆုတ်သို့ ညှစ်ပို့သည်။ အဆုတ်တွင် လေထဲမှ အောက်ဆီဂျင်ကို စိမ့်ဝင်စေခြင်းဖြင့် သွေးသစ်များဖြစ်လာသည်။ သွေးသစ်များသည် နှလုံးသို့ တစ်ဖန်ပြန်ရောက်၍ နှလုံးမှတစ်ဆင့် ခန္ဓာကိုယ်တစ်ခုလုံးသို့ ပို့ဆောင်ပေးသည်။

ထိုကဲ့သို့ အချိန်တိုင်း နှလုံး၏လုပ်ငန်းဆောင်တာများ ကောင်းမွန်မှန်ကန်ဖို့အတွက် နှလုံးကြွက်သားများ သန်မာဖို့လိုသည်။ နှလုံးကြွက်သားများ အလုပ်လုပ်နိုင်ရန် ထိုနှလုံးကြွက်သားများအတွက် လိုအပ်သော သွေးနှင့် အာဟာရများပေးပို့သော နှလုံးသွေးကြောများ ကောင်းမွန်ရန်လည်း အရေးကြီးသည်။

သွေးထဲ အဆီများခြင်း၊ အဝလွန်ခြင်း၊ သွေးတိုးရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ ဆေးလိပ်သောက်ခြင်း၊ အရက်အလွန်အကျွံသောက်ခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ အသက်ကြီးခြင်းတို့သည် နှလုံးသွေးကြောများကို ကျဉ်းစေသည်။ ကျန်းမာရေးနှင့်ညီညွတ်သော နေထိုင်မှုပုံစံမရှိခြင်း၊ ကိုယ်လက်လှုပ်ရှားမှုမရှိဘဲ အထိုင်များခြင်းတို့သည်လည်း နှလုံးအားကို နည်းစေသည်။ တီဗွီရှေ့တွင် တစ်နေကုန်ထိုင်ပြီး နှလုံးအားကောင်းအောင် အင်္ဂလိပ်ဆေး၊ တိုင်းရင်းဆေး၊ ဟိုဆေး၊ သည်ဆေး သောက်နေရုံနှင့်မရ၊ အနည်းဆုံး လမ်းမှန်မှန်လျှောက်မှသာ၊ ကိုယ်လက်လှုပ်ရှားမှုရှိမှသာ နှလုံးအားကောင်းမည်။

အသက်ကြီးလာလျှင် တစ်ကိုယ်လုံးအိုလာသည်။ ဆံပင်အို၍ ဆံပင်ဖြူသည်။ ဆံပင်ဖြူတာထက် နှလုံးအိုလာတာ အရေးကြီးသည်။ နှလုံးအိုလာတာကို သေချာသိရှိ နားလည်သဘောပေါက်ဖို့ အရေးကြီး၏။

နှလုံးမအိုခင်ကတည်းက နှလုံး အအိုမစောအောင် လေ့ကျင့်ခန်းမှန်မှန်လုပ်သင့်သည်။ ၃၀-၂၀-၁၀ လေ့ကျင့်ခန်းဖြစ်သည်။ ပထမ ၃၀ စက္ကန့်တွင် လမ်းမှန်မှန်လျှောက်ရမည်၊ ဒုတိယ ၂၀ စက္ကန့်တွင် မှန်မှန်ပြေးရမည်၊ တတိယ ၁၀ စက္ကန့်တွင် အားကုန်ပြေးရမည်။ သို့မှသာ နှလုံးကြွက်သားသန်မာ၊ နှလုံးသွေးကြောမကျဉ်းဘဲ ကျန်းမာရေးကောင်းမည်ဖြစ်၏။

**နှလုံးအားနည်းစေသော အကြောင်းတရားများ**

(၁) သွေးတိုးလျှင်နှလုံးက ပိုညှစ်ရသည်၊ ညှစ်ရဖန်များသောအခါ နှလုံးကြွက်သား ကြီးလာသည်၊ နှလုံးကြွက်သား ကြီးလာသော် ရေရှည်တွင် နှလုံးခြေကုန်လက်ပန်းကျ၍ နှလုံးအမောဆို့၊ နှလုံးဖောက်လာသည်။ အချိန်မီမကုလျှင် သေနိုင်သည်။ သွေးတိုးရောဂါကြောင့် နှလုံးသွေးကြောနံရံများ ပျက်စီးသည်။ နှလုံးသွေးကြောကျဉ်းလာသည်၊ နှလုံးသွေးကြောပိတ်လျှင် နှလုံးကြွက်သားပုပ်၍ ရုတ်တရက် နှလုံးခုန်ရပ်ပြီး သေဆုံးနိုင်သည်။

(၂) သွေးထဲအဆီဓာတ်မြင့်မားလျှင် နှလုံးသွေးကြောတွင် အဆီဓာတ်စုပုံခြင်း၊ နှလုံသွေးကြောကျဉ်းခြင်း၊ နှလုံးသွေးကြောပိတ်၍ နှလုံးခုန် ရုတ်တရက်ရပ်၍ သေဆုံးနိုင်သည်။

(၃) ဆေးလိပ်သောက်လျှင် ဆေးလိပ်ငွေ့တွင်ပါသော နီကိုတင်းသည် နှလုံးသွေးကြောများကို ကျဉ်းစေသည်။ အဆုတ်တွင်ရှိသော လေအိတ်ငယ်များ၊ လေပြွန်များကို ပျက်စီးစေသောကြောင့် နှလုံးကိုဝန်ပိစေသည်။ အဆုတ်ကြောင့်ဖြစ်သော နှလုံးရောဂါ (Corpulmonalae)ဖြစ်၍ အမောဖောက်ကာ သေဆုံးနိုင်သည်။

(၄) နှလုံးသွေးကြောကျဉ်းရောဂါသည် မျိုးရိုးလိုက်တတ်သဖြင့် မျိုးရိုးရှိသောသူများ ပို၍သတိထားသင့်သည်။

(၅) ဆီးချိုသွေးချိုတက်လျှင် ခန္ဓာကိုယ်ရှိသွေးကြောများကို ပျက်စီးစေသဖြင့် နှလုံးသွေးကြောများလည်း အပါအဝင်ဖြစ်သည်။ ဆီးချိုသွေးချို ရောဂါရှင်များ၏ တစ်ဝက်ခန့်သည် နှလုံးသွေးကြောကျဉ်းရောဂါကြောင့် သေဆုံးကြရသည်။

(၆) အဝလွန်ခြင်းသည် နှလုံးသွေးကြောကျဉ်းရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ သွေးတိုးရောဂါများကိုဖြစ်စေသည်။ အဝလွန်ခြင်းသည် သကြား (အချို) အလွန်အကျွံစားသုံးခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှု နည်းခြင်းကြောင့် အဓိက ဖြစ်ရသည်။



❝ ခန္ဓာကိုယ်တစ်ခုလုံး၏ လှုပ်ရှားမှု၊ အသိဉာဏ်၊ အသက် ရှူခြင်း၊ နှလုံးခုန်ခြင်း၊ အစာချေခြင်း စသည့် များပြားစွာသော လုပ်ငန်းဆောင်တာများကို ထိန်းချုပ်သည့် ဇဟိုဌာနများသည် ဦးနှောက်တွင်ရှိသည်။ ဦးနှောက်လုပ်ငန်းများ မှန်မှန်လုပ်ဆောင်နိုင်ရန် အတွက် ဦးနှောက် သွေးကြောများသည် အရေးကြီး . . . ❞

နှလုံးသွေးကြောကျဉ်းရောဂါသည် သေဆုံးရသည့်ရောဂါများတွင် ကမ္ဘာ့နံပါတ်တစ်ဖြစ်သည်။ ၁၅ ဒသမ ၅ ရာခိုင်နှုန်းရှိသည်။ ၂၀၁၅ ခုနှစ်တွင် နှလုံးသွေးကြောကျဉ်းရောဂါကြောင့် လူပေါင်း ၈ ဒသမ ၈ သန်း သေဆုံးခဲ့ရသည်။

**နှလုံးရောဂါကြောင့်**
**ကျန်းမာသက်ရှည်ရေးကို မထိခိုက်စေရန်**

(က) ကိုယ်လက်လှုပ်ရှားမှုမှန်မှန်ပြုလုပ်ခြင်း၊
(ခ) ကိုယ်အလေးချိန်ကိုပုံမှန်ဖြစ်အောင်ထိန်းခြင်း၊
(ဂ) ကျန်းမာရေးနှင့် ညီညွတ်မျှတသော အစားအသောက်များစားသုံးခြင်း (ဆိုဒီယမ်နည်းသော အစားအစာ၊ သစ်သီးများ၊ ဟင်းသီးဟင်းရွက်များ)
(ဃ) ဆေးလိပ်၊ ကွမ်းယာများ ရှောင်ကြဉ်ခြင်း၊
(င) အရက်အလွန်အကျွံသောက်ခြင်းကို ရှောင်ကြဉ်ခြင်း၊
(စ) နှလုံးသွေးကြောကျဉ်းရောဂါ ရှိ-မရှိ၊ ECG ဖြင့် စစ်ဆေးရုံသာမက လေ့ကျင့်ခန်းလုပ်ပြီး တိုင်းသော ECG (Tredmill ECG) ကိုပါ လုပ်၍ လိုအပ်ပါက နှလုံးအထူးကုဆရာဝန်၏ လမ်းညွှန်ချက်နှင့်အညီ နှလုံးသွေးကြောကို တယ်လီဗွီးရှင်းဓာတ်မှန်ရိုက်ခြင်း (Coronary angiogram) လုပ်ဆောင်ရပေမည်။ အကယ်၍ ၇၀ ရာခိုင်နှုန်းနှင့် အထက်နှလုံးသွေးကြောကျဉ်းပါက နှလုံးသွေးကြောချဲ့ခြင်း (Ballon Catherization) စသည်များ လုပ်ဆောင်ခြင်းဖြင့် နှလုံးရောဂါကြောင့် ကျန်းမာရေးချို့တဲ့ခြင်း၊ သေဆုံးခြင်းများကိုကာကွယ်နိုင်ပြီး ကျန်းမာသက်ရှည်ကြမည်ဖြစ်ပါသည်။

၂၀၁၅ ခုနှစ်တွင် လူသန်း ၁၁၀ နှလုံးရောဂါဖြစ်ပွားခဲ့ပြီး ၈ ဒသမ ၉ သန်း သေဆုံးခဲ့ရသည်။ အမေရိကန်နိုင်ငံတွင် လေ့လာချက်အရ အသက် ၆၅ နှစ် အထက် ၂၀ ရာခိုင်နှုန်း၊ ၄၅ နှစ်မှ ၆၅ နှစ်အထိ ခုနစ်ရာခိုင်နှုန်း၊ ၁၈ နှစ်မှ ၄၅ နှစ် အထိ ၁ ဒသမ ၃ ရာခိုင်နှုန်း နှလုံးရောဂါဖြစ်ပွားသည်ကို တွေ့ရပါသည်။ ထို့ကြောင့် အသက် ၆၀ ကျော်လျှင် နှလုံးရောဂါလက္ခဏာမရှိသူများလည်း နှလုံးကျန်းမာရေး စစ်ဆေးသင့်ပါသည်။

**ဦးနှောက်ကျန်းမာရေး**

ခန္ဓာကိုယ်တစ်ခုလုံး၏ လှုပ်ရှားမှု၊ အသိဉာဏ်၊ အသက်ရှူခြင်း၊ နှလုံးခုန်ခြင်း၊ အစာချေခြင်းစသည့် များပြားစွာသော လုပ်ငန်းဆောင်တာများကို ထိန်းချုပ်သည့် ဇဟိုဌာနများသည် ဦးနှောက်တွင်ရှိသည်။ ဦးနှောက်လုပ်ငန်းများ မှန်မှန်လုပ်ဆောင်နိုင်ရန် အတွက် ဦးနှောက်သွေးကြောများသည် အရေးကြီးသည်။

ဦးနှောက်သွေးကြောပိတ်လျှင်သော်လည်းကောင်း၊ ဦးနှောက်သွေးကြော သွေးစိမ့်ထွက်လျှင်သော်လည်းကောင်း၊ ဦးနှောက်သို့ အောက်ဆီဂျင်မပို့နိုင်သဖြင့် ဦးနှောက်ကလာပ်စည်းများ မိနစ်ပိုင်းအတွင်း သေဆုံးရသည်။၎င်းသည်ကို လေဖြတ်(Stroke)ဟု ခေါ်ကြသည်။ ၃ နာရီအတွင်း ထိရောက်စွာ မကုသပါက သက်ဆိုင်ရာ အကြောသေခြင်း (ဥပမာ-ကိုယ်တစ်ခြမ်းသေခြင်း) ဖြစ်၍ရေရှည် ဒုက္ခိတဘဝကို ရောက်စေနိုင်သည်။

လေမဖြတ်မီ ရုတ်တရက် ကိုယ်တစ်ခြမ်းထုံခြင်းကို ၉၃ ရာခိုင်နှုန်းက သိရှိသော်လည်း၊ ၃၈ ရာခိုင်နှုန်းကမူ အခြားလက္ခဏာများ (စဉ်းစားဉာဏ်ဝေဝါးခြင်း၊ လမ်းလျှောက်ရခက်ခဲခြင်း၊ မျက်စိကြည့်ရခက်ခဲခြင်း) ကိုသာ သိရှိကြသည်။ ထိုလက္ခဏာများဖြစ်လာပါက အမြန်ဆုံးဆေးကုသမှု ခံယူမှသာလျှင် ကျန်းမာသက်ရှည်နိုင်မည်ဖြစ်ပါသည်။

လေဖြတ်ခြင်းသည် ကမ္ဘာ၌ သေဆုံးရသည့် ရောဂါများတွင် (၁၁ ဒသမ ၁ ရာခိုင်နှုန်းဖြစ်၍) နံပါတ် (၂) နေရာတွင်ရှိသည်။ ၂၀၁၅ ခုနှစ်တွင် လေဖြတ်ခြင်းကြောင့် ၆ ဒသမ ၂ သန်း သေဆုံးခဲ့ရသည်။ သွေးတိုးနှင့် ဆီးချိုသွေးချိုရောဂါရှိလျှင် ဦးနှောက်သွေးကြောပျက်စီး၍ လေဖြတ်နိုင်သည်။

ဦးနှောက်ကျန်းမာရေးမကောင်းလျှင် အသက်ကြီးလာသောအခါ မှတ်ဉာဏ်ချွတ်ယွင်းလာသည်။ အသက်ကြီး၍ မှတ်ဉာဏ်သိသိသာသာ ချွတ်ယွင်းသော ရောဂါကို အယ်လ်ဇိုင်းမားရောဂါ (Alzheimer’s disease) ဟု ခေါ်သည်။ ၆၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းသည် အသက်ကြီး မှတ်ဉာဏ်ချွတ်ယွင်းမှု (Senile Dementia) ကြောင့်ဖြစ်သည်။ အယ်ဇိုင်း မားဖြစ်ခါစတွင် အသက်ကြီး၍ဖြစ်သည်ဟု ထင်ရသည်။ လတ်တလောအဖြစ်အပျက်များကို မမှတ်မိခြင်းမှစ၍ နောက်ပိုင်းတွင် စကားပြောရာတွင်ပါခက်ခဲလာသည်။ နေရာ၊ အချိန်မသိခြင်း၊ အမူအကျင့်မငြိမ်ခြင်း၊ အရာရာ စိတ်ပါဝင်စားမှုမရှိခြင်း၊ ကိုယ့်ကိုယ်ကိုယ်ဂရုမစိုက်နိုင်ခြင်း၊ အမူအရာပြောင်းလဲခြင်းများဖြစ်လာသည်။ နောက်ဆုံးတွင် ကိုယ်ခန္ဓာလုပ်ငန်းဆောင်တာများပါ ချွတ်ယွင်း၍ သေဆုံးသည်အထိဖြစ်နိုင်သည်။ အယ်လ်ဇိုင်းမားရောဂါဖြစ်ရသည့်အကြောင်းရင်းကို သေချာမသိသော်လည်း ၇၀ ရာခိုင်နှုန်း က မျိုးရိုးဗီဇ၊ ဦးခေါင်းထိခိုက် ဒဏ်ရာရခြင်း၊ စိတ်ကျရောဂါနှင့် သွေးတိုးရောဂါတို့နှင့် ဆက်နွယ်နေသည်ဟု ယူဆကြသည်။

အယ်လ်ဇိုင်းမားရောဂါဖြစ်လျှင် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာလေ့ကျင့်ခန်းများ ပြုလုပ်ခြင်း၊ သွေးတိုးနှင့် ကိုယ်အလေးချိန်ကိုထိန်းခြင်းများသည် အကျိုးရှိသည်။ ဦးနှောက်ကို ပုံရိပ်ဖော်ခြင်း (Brain Imaging) ပြုလုပ်ခြင်းသည်လည်း ကုသရာတွင် အထောက်အကူပြုသည်။ ၂၀၁၅ ခုနှစ်တွင် အယ်လ်ဇိုင်းမားရောဂါ ၂၉ ဒသမ ၈ သန်းဖြစ်ပွားခဲ့သည်။ ကမ္ဘာ့သေဆုံးမှု အများဆုံး ထိပ်တန်းရောဂါ ၁၀ မျိုးမှာ သတ္တမလိုက်ပြီး ၂၀၁၅ ခုနှစ်တွင် အယ်လ်ဇိုင်းမားရောဂါကြောင့် လူပေါင်း ၁ ဒသမ ၅ သန်းသေဆုံးခဲ့ရသည်။ ။



## အာဇာနည်နေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**မကွေး ဇူလိုင် ၃**

၂၀၁၈ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် (၇၁) နှစ်မြောက် အာဇာနည်နေ့အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂ ရက် နံနက် ၁၀ နာရီက မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် အသက်ပေးခဲ့သည့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ကျဆုံးခဲ့သည့်ခေါင်းဆောင်ကြီးများကို အမြဲတမ်း အမှတ်ရစေရန်၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားကို မမေ့လျော့စေရန်၊ နောင်လာနောက်သားများ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရန် ရည်ရွယ်၍ (၇၁) နှစ်မြောက် အာဇာနည်နေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသွားမည်ဖြစ်ကြောင်း ပြောသည်။

တက်ရောက်လာသည့် ဆပ်ကော်မတီအသီးသီးက လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လွှမ်းသူ့ပန်းခွေချရန် စီစဉ်ရေးဆပ်ကော်မတီအနေဖြင့် (၇၁) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လွှတ်တော်၊ တရားလွှတ်တော်၊ ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများ၊ NGO၊ INGO၊ ပြည်သူများ လာရောက်အလေးပြုခြင်းနှင့် လွှမ်းသူ့ပန်းခွေချခြင်းတို့ကို စနစ်တကျ ဖြစ်စေရေး အတွက် စီမံချက်ပါလုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်သွားကြရန် မှာကြားသည်။

(၇၁)နှစ်မြောက် အာဇာနည်နေ့တွင် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ ဆွမ်းဆက်ကပ်အမျှပေးဝေခြင်းကို ဇူလိုင် ၁၉ ရက် နံနက် ၅ နာရီခွဲတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(အောက်ထပ်) ၌ ကျင်းပမည်ဖြစ်ပြီး လွှမ်းသူ့ပန်းခွေချ အလေးပြုမည့်အစီအစဉ်ကို ဇူလိုင် ၁၉ ရက် နံနက် ၈ နာရီတွင် မကွေးမြို့ လွတ်လပ်ရေးပန်းခြံ (ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးကြေးရုပ်ရှေ့) တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် မြန်မာအမျိုးသမီးများနေ့အခမ်းအနားတက်ရောက်

**မကွေး ဇူလိုင် ၃**

မန္တလေးတိုင်းဒေသကြီး အမျိုးသမီးကော်မတီက ကြီးမှူးကျင်းပသော မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ မြို့တော်ခန်းမတွင် ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး အမျိုးသမီးကော်မတီဝင် ဒေါ်လှိုင်ယဉ်နွယ်က မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ပေါ်ပေါက်လာပုံအကြောင်း စာတမ်းဖတ်ကြားသည်။ ထို့နောက် တိုင်းဒေသကြီးဂုဏ်ဆောင် ထူးချွန်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် Women Actirist Group မှ သံချပ်ဖြင့် ဖျော်ဖြေခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ပြခန်းကို လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**



## လူထုဗဟိုပြုလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**စေတုတ္တရာ ဇူလိုင် ၃**

စေတုတ္တရာမြို့နယ် စီမံကိန်းထောက်ပံ့ငွေဖြင့် လူထုဗဟိုပြုစီမံကိန်းက လေးနှစ်တာကာလအတွင်း အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် စေတုတ္တရာမြို့နယ် မဏ္ဍပ်ကိုင်းကျေးရွာတွင် ကျေးရွာချင်းဆက်လမ်း ကျောက်ခင်းခြင်း (၅၉၀၀ပေ x ၁၄ ပေ x ၉ လက်မ) လုပ်ငန်းကို စီမံကိန်းထောက်ပံ့ငွေ ကျပ် ၁၅၃၀၀၀၀၀ ဖြင့်လည်းကောင်း၊ ထယ်ဇားကျေးရွာ စာသင်ဆောင် ဆောက်လုပ်ခြင်း (၆၀ပေx ၃၀ပေ x၁၂ပေ) ထောက်ပံ့ငွေ ၂၀၄၁၄၅၀၅ ကျပ်ဖြင့် လည်းကောင်း၊ ထယ်ဇားကျေးရွာ စီမံကိန်း(တတိယနှစ်) ရေပေးဝေရေးလုပ်ငန်းအား စီမံကိန်း ထောက်ပံ့ငွေ ၂၁၃၈၈၅၅၆ ကျပ်နှင့် လူထုထည့်ဝင်ငွေ ကျပ် ၆၄၅၀၀ စုစုပေါင်း ၂၁၄၅၃၀၅၆ ကျပ်ဖြင့် ရေရရှိရေးအတွက် ရေပိုက်လိုင်း ပေ ၁၈၇၀၀၊ ဂါလန် ၁၀၀၀၀ ဆံ့ ရေကန်ကိုလည်းကောင်း ဆောင်ရွက်ခဲ့မှုများအား မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးအောင်၊ မင်းဘူးခရိုင် ကျေးလက်မှ ဒုတိယ ညွှန်ကြားရေးမှူးဦးတင့်လွင်ဦး၊ စေတုတ္တရာကျေးလက်မှ မြို့နယ်ဦးစီးမှူး ဦးစိုးလင်းထွဋ်၊ လူထုဗဟိုပြုစီမံကိန်းမှ နည်းပညာအကြံပေးအဖွဲ့ ခေါင်းဆောင် ဦးကျော်မျိုးထိုက်နှင့် အဖွဲ့တို့က ကွင်းဆင်းစစ်ဆေးခဲ့ပြီး ကျေးရွာလူထုနှင့် ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီဝင်များနှင့်တွေ့ဆုံ၍ စီမံကိန်းလုပ်ငန်းခွဲများ ရေရှည်အသုံးပြုနိုင်ရန်နှင့် လုပ်ငန်းလည်ပတ် ပြုပြင်ထိန်းသိမ်းရေးစနစ်ကို စနစ်တကျဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ လူထုဗဟိုပြုစီမံကိန်းမှ ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

**မေသူလွင်(မကွေး-ကိုယ်ပွား)**



## မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့က ကြီးမှူး၍ အခြေခံကရာတေးသင်တန်းဖွင့်

**မန္တလေး ဇူလိုင် ၃**

မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့က ကြီးမှူး၍ အခြေခံကရာတေးသင်တန်း အမှတ်စဉ် ၁/၂၀၁၈ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂ ရက် မွန်းလွဲ ၂ နာရီက တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး ရဲသူရိန်ခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်ဦးက သင်တန်းဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးလက်ရွေးစင်ကရာတေးဒိုအားကစားသမားများက သရုပ်ပြကြသည်။

သင်တန်းတွင် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ရဲတပ်ဖွဲ့ဝင်များအား ဇူလိုင် ၂ ရက်မှ ၂၆ ရက်ထိ အခြေခံကရာတေးကစားနည်းများကို အားကစားနှင့်ကာယပညာသိပ္ပံမှ နည်းပြများက သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဝေဇင်၊ မန္တလေးတိုင်းဒေသကြီး ကရာတေးဆပ်ကော်မတီဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့ ဦးစီးမှူး(ပထမတန်း)နှင့် အရာရှိများ၊ မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူးဒုတိယ ရဲမှူးကြီးမျိုးအောင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ မြို့မနှင့်နယ်မြေရဲစခန်းမှူးများ တက်ရောက်ကြသည်။

**မောင်ပြည်သူ(မန္တလေး)**

## မကွေးမြို့၌ ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းများဆောင်ရွက်



**မကွေး ဇူလိုင် ၃**

မကွေးမြို့၌ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများတွင် ငွေကျပ် ၂၆၂၉ ဒသမ ၂၆၄ သန်း အသုံးပြုဆောင်ရွက်ထားကြောင်း သိရသည်။

ငွေကျပ်သန်း ၂၆၀၀ ကျော်ဖြင့် နှစ်နှစ်ကျော်ကာလအတွင်း တံတား ၁၃၄ စင်း၊ မြေသားရေမြောင်း ပေ ၁၁၆၀၀၊ ကျောက်ရိုးစီရေမြောင်း ပေ ၁၀၆၀၊ အုတ်ရေမြောင်း ၄၄၂၄၉ ပေ၊ ကွန်ကရစ်လမ်းပခုံး အရှည် ၆၁၂၂၆ ပေ၊ ရေထုတ်ပေါက်တစ်ခုတို့ကို ထပ်မံတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်မြတ်က အတည်ပြုပြောသည်။

မကွေးမြို့တွင် ရပ်ကွက် ၁၅ ခု၊ အဓိကလမ်းမကြီး ခုနစ်လမ်း၊ အဓိကလမ်းသွယ် ၂၃ လမ်းရှိပြီး မြို့တွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၈၅၉ ဒသမ ၅၃၈ သန်း အသုံးပြုဆောင်ရွက်နေရာမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၁၃၅၁ ဒသမ ၈၂၂ သန်းထိ အသုံးပြုဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၈ မီနီဘတ်ဂျက်ကာလတွင် ငွေကျပ် ၄၁၇ ဒသမ ၉၀၄ သန်း အသုံးပြုဆောင်ရွက်ထားကြောင်း မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မှတ်တမ်းများအရ သိရသည်။

**ဇေယျာတု(မကွေး)**

## စက်သုံးဆီဈေးနှုန်းများတည်ငြိမ်ရေး ပြည်တွင်းထုတ်ဓာတ်ဆီများရောင်းချ

**မန္တလေး ဇူလိုင် ၃**

နိုင်ငံခြားငွေလဲလှယ်နှုန်း မြင့်တက်လာနေခြင်းကြောင့် ပြည်ပမှတင်သွင်းသော စက်သုံးဆီဈေးနှုန်းများမြင့်တက်လာသဖြင့် စက်သုံးဆီဈေးနှုန်းများ တည်ငြိမ်ကျဆင်းစေရန် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းက ဇူလိုင် ၁ ရက်မှစတင်ပြီး ပြည်တွင်းထုတ်ဓာတ်ဆီများအား နိုင်ငံပိုင်ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးဆိုင်များတွင် ရောင်းချပေးလျက်ရှိသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုလုပ်ငန်း ရေနံဓာတုဗေဒစက်ရုံစု (သံပရာကန်) ရေနံချက်စက်ရုံမှထုတ်လုပ်သည့် ပြည်တွင်းထုတ်ဓာတ်ဆီများအား တစ်ဂါလန်ကျပ် ၃၈၀၀ ဈေးနှုန်းဖြင့် မန္တလေးမြို့အပါအဝင် မြို့ကြီးများရှိ နိုင်ငံပိုင်စက်သုံးဆီအရောင်းဆိုင်များတွင် ရောင်းချပေးလျက်ရှိသည်။

**သီဟကိုကို(မန္တလေး)**



## ကြားဖြတ်ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်းစည်းဝေး

**ရန်ကုန် ဇူလိုင် ၃**

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်တွင် ကြားဖြတ်ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂ ရက် မွန်းလွဲ ၁ နာရီခွဲက ရန်ကုန်အရှေ့ပိုင်းခရိုင် ရွေးကောက်ပွဲကျင်းပရေးကော်မရှင် အဖွဲ့ခွဲရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းခြင်းဆိုင်ရာကိစ္စရပ်များ၊ တာမွေမြို့နယ်တွင် ကြားဖြတ်ရွေးကောက်ပွဲ အတွက် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာရန်ကိစ္စရပ်များနှင့် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးလုပ်ငန်းများကို အသေးစိတ်ညှိနှိုင်း စည်းဝေးခဲ့သည်။

အစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဦး၊ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကြည်မြင့်၊ အတွင်းရေးမှူး ဦးတင်မောင်အေးနှင့်အဖွဲ့ဝင်များ၊ အရှေ့ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

**ရဲမင်းထွန်း (ပြန်/ဆက်)**

## ဆေးကုသမှုခံယူနေသည့် လူနာများအား စားသောက်ဖွယ်ရာများလှူဒါန်း

**ရန်ကုန် ဇူလိုင် ၂**

အရိပ်စစ်ပရဟိတအင်အားစု (သန်လျင်)က သန်လျင်ဆေးရုံကြီး၌ ဆေးကုသမှုခံယူနေကြသော လူနာများအပါအဝင် လူဦးရေ ၃၀၀ တို့အား ဇူလိုင် ၂ ရက် နံနက်ပိုင်းက ထမင်း၊ ဟင်းနှင့် 100 plus အချိုရည်၊ ကော်ဖီမစ်၊ ကွေကာအုပ်များကို စုပေါင်းလှူဒါန်းခဲ့ကြသည်။

အဆိုပါ လှူဒါန်းမှုအား သန်လျင်အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာတိုးတိုးက အလှူရှင် အရိပ်စစ်ပရဟိတအဖွဲ့ အင်အားစု(သန်လျင်) အား လှူဒါန်းမှုအတွက် ကျေးဇူးတင်စကားပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့ကာ ဆေးရုံအတွင်းလူနာများအား ထမင်း၊ ဟင်းနှင့် စားသောက်ဖွယ်ရာများ လှူဒါန်းနေမှုတို့ကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များအား ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သက်နိုင် (သန်လျင်)**

## အထည်အလိပ်ကျွမ်းကျင်မှု၊ ရိုးရာလက်ရက်ကန်း သင်တန်းဆင်းပွဲနှင့် ရိုးရာဂျပ်ခုတ်သင်တန်းဖွင့်

**ဘားအံ ဇူလိုင် ၃**

အထည်အလိပ်ကျွမ်းကျင်မှု တစ်နှစ်သင်တန်း၊ ရိုးရာလက်ရက်ကန်း ခြောက်လသင်တန်း ဆင်းပွဲ၊ ဖွင့်ပွဲနှင့် ရိုးရာဂျပ်ခုတ် တစ်လ သင်တန်းဖွင့်ပွဲကို ဇူလိုင် ၃ ရက် နံနက် ၁၀ နာရီခွဲက ဘားအံမြို့ ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်း၌ ပြုလုပ်သည်။

သင်တန်းဆင်းပွဲတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် တက်ရောက် အမှာစကားပြောကြားပြီး အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇင်လတ်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သင်တန်းအခြေအနေကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အထည်အလိပ်ကျွမ်းကျင်မှု တစ်နှစ်သင်တန်း၊ ရိုးရာလက်ရက်ကန်း ခြောက်လ သင်တန်းဆင်းသူများမှ ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးတို့က လည်းကောင်း၊ သင်တန်းဆင်းပြီး တစ်ဦးချင်း လုပ်ကိုင်စားသောက်နိုင်ရေး အဆင်ပြေစေရန်အတွက် ကရင်ပြည်နယ် အစိုးရအဖွဲ့က ထောက်ပံ့သော ချည်မျှင် ၁၀ ပေါင်နှင့် ရက်ကန်းစင်တစ်စင်အား ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးက လည်းကောင်း၊ သင်တန်းဆင်း အောင်လက်မှတ်များကို အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ကလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် သင်တန်းဆင်းပွဲတွင် ကရင်ပြည်နယ်အတွင်းရှိ အမျိုးသမီးငယ် သင်တန်းသူများအား ချည်မျှင်နှင့် အထည်အလိပ်ကျွမ်းကျင်မှု တစ်နှစ်သင်တန်းတွင် ခုနစ်ဦး၊ ရိုးရာလက်ရက်ကန်း ခြောက်လသင်တန်းတွင် ၁၀ ဦးအား အထည်သချာနှင့် ဒီဇိုင်း၊ ချည်ထည်အဖြူမျှင်ဆေးဆိုးခြင်း၊ ချည်မျှင်ဆွဲဘာသာရပ်များနှင့် ရိုးရာအထည်များအား စက်ရက်ကန်းဖြင့်လည်းကောင်း၊ လက်ရက်ကန်းဖြင့်လည်းကောင်း ရက်လုပ်နည်းများကို သင်ကြားပို့ချပေးခဲ့ပြီး ထပ်မံ၍ ချည်မျှင်နှင့် အထည်အလိပ် ကျွမ်းကျင်မှု တစ်နှစ်သင်တန်းတွင် ၂၀၊ ရိုးရာလက်ရက်ကန်း ခြောက်လသင်တန်းတွင် ၁၅ ဦးနှင့် ရိုးရာဂျပ်ခုတ်သင်တန်း တစ်လ သင်တန်းတွင် ၁၅ ဦးကို ဆက်လက် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဘားအံမြို့ ရက်ကန်းကျောင်းအနေဖြင့် ၁၉၅၃ ခုနှစ်မှစတင်ကာ ဖွင့်လှစ်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ထပ်မံ၍ ကရင်တိုင်းရင်းသားများအနေဖြင့် ကရင်ရိုးရာ အဝတ်အထည်များကို ယဉ်ကျေးမှုအမွေအနှစ်များ လက်ရက်ကမ်းပညာရပ်ဖြင့် ဖော်ထုတ်နိုင်စေရေး၊ ခေတ်နှင့်အညီ ရိုးရာအဆင်ဒီဇိုင်းများ ဖော်ထုတ်နိုင်စေရေးအတွက် ပြန်လည် အသက်ဝင်ခဲ့ခြင်းဖြစ်ကြောင်း ကျောင်းအုပ် ဒေါ်ဧကရီအောင်အောင်ထံမှ သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



## မြန်မာအမျိုးသမီးများနေ့အခမ်းအနားပဲခူး၌ကျင်းပ

**ပဲခူး ဇူလိုင် ၃**

ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနက ကြီးမှူး၍ ၂၀၁၈ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ပဲခူးမြို့ မြို့တော်ခန်းမ၌ ဇူလိုင် ၃ ရက် နံက် ၉ နာရီက ကျင်းပခဲ့သည်။

ပဲခူးတိုင်းဒေသကြီး အမျိုးသမီးကော်မတီဥက္ကဋ္ဌ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ဌေးက အမျိုးသမီးများအနေဖြင့် မိမိကိုယ်မိမိကာကွယ်ပေးထားသော ဥပဒေများနားလည်လာစေရန်နှင့် ဗဟုသုတများ ပြည့်စုံစေရေးအတွက် ဆောင်ရွက်ပေးရန်၊ ကမ္ဘာ့အမျိုးသမီးညီလာခံနှင့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းပါပြဋ္ဌာန်းချက်များ၊ လုပ်ငန်း အစီအစဉ်များသည် နိုင်ငံတော်၏မူဝါဒနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရန် ချမှတ်ထားသည့်မူဝါဒများဖြစ်သောကြောင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဦးဆောင်မှု၊ သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုနှင့်အတူ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းသွားကြရန် အမှာစကား ပြောကြားသည်။

ထို့နောက် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ခြောက်ဘာသာ ဂုဏ်ထူးရရှိသူများ၊ သိပ္ပံဘာသာတွဲ အမှတ်အများဆုံးရရှိသူ၊ နိုင်ငံတော်အဆင့်ပြိုင်ပွဲ အသီးသီးတွင်ရွှေတံဆိပ်ရရှိသူများနှင့် ပထမဆုရရှိကြသည့် ထူးချွန်အမျိုးသမီးများအား လွှတ်တော်ဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ်နှင့် ဝန်ကြီးများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်သည့် Video Clip ကို ပြသသည်။

အခမ်းအနားသို့ လွှတ်တော်ဥက္ကဋ္ဌ၊ ဝန်ကြီးများ၊ စာရင်းစစ်ချုပ်နှင့် ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာကော်မတီဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ တက်ရောက်ကြသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ (ယခင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ) ကို ၁၉၉၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ ပေါ်ပေါက်လာသော ၁၉၉၆ ခုနှစ် ဇူလိုင် ၃ ရက်ကို အစွဲပြု၍ ဇူလိုင် ၃ ရက်ကို မြန်မာအမျိုးသမီးများနေ့အဖြစ် သတ်မှတ်ထားရှိသည့်အပြင် အမျိုးသမီးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုများမှာ မြန်မာအမျိုးသမီးထုကြီး တစ်ရပ်လုံး တစ်စိတ်တစ်ဝမ်းတည်း စုစည်းညီညွတ်စွာ လှုပ်ရှားဆောင်ရွက်သွားမည့် ဦးဆောင်အဖွဲ့ကြီးအဖြစ် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် အစိုးရဝန်ထမ်းများအပြင် အရပ်ဘက်လူမှုအဖွဲ့အစည်းများဖြင့် ပြန်လည်ဖွဲ့စည်းခဲ့ပြီး ၂၀၁၈ ခုနှစ် ဇွန် ၂၀ ရက်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ အမည်ကို မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအမည်ဖြင့် ပြောင်းလဲပြင်ဆင်ဖွဲ့စည်းထားကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အပ်ချုပ်သင်တန်းဖွင့်

**လှည်းကူး ဇူလိုင် ၃**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံအပ်ချုပ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂ ရက် နံနက် ၁၀ နာရီက လှည်းကူးမြို့နယ် ဝါးရုံစွန်းကျေးရွာ မေတ္တာကျောင်း၌ ကျင်းပခဲ့သည်။

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းတန်က အဖွင့်အမှာစကားပြောကြားပြီး လှည်းကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမျိုးအောင်က ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်အတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်း ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လှည်းကူးမြို့နယ်အတွင်း အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံအပ်ချုပ်သင်တန်းကို ဇူလိုင် ၂ ရက်မှ ဩဂုတ် ၁၅ ရက်ထိ ဖွင့်လှစ်ပေးမည်ဖြစ်ပြီး GET အထည်ချုပ်စက်ရုံမှ ဒေါ်ထက်ဟေဇင်အေးနှင့် ဒေါ်ကေသီထွန်းတို့က သင်တန်းသား သင်တန်းသူ ၃၀ အား သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**နိုင်လင်း(ပြန်/ဆက်)**

## ဒုစရိုက်မှုများပပျောက်စေရေး ရှောင်တခင်စစ်ဆေး

**မြိတ် ဇူလိုင် ၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့အတွင်း၌ မူးယစ်ဆေးဝါးများ ရောင်းချသုံးစွဲခြင်းများ၊ လိုင်စင်မဲ့ မော်တော်ယာဉ်၊ ဆိုင်ကယ်၊ မူးယစ်သောက်စား၍ ရမ်းကားမှုများ၊ အသံကျယ်လောင်စွာဖြင့် ပါဝါအိတ်ဇောတပ်၍ မောင်းနှင်သည့် ဆိုင်ကယ်များမရှိစေရေး၊ မှုခင်းများ၊ ဒုစရိုက်မှုများ ပပျောက်စေရေး ရည်ရွယ်၍ ဇူလိုင် ၂ ရက် ညပိုင်းတွင် ကလွင်ကျေးရွာ အဝေးပြေးကားဝင်းအဟောင်း လမ်းဆုံတွင် ပူးပေါင်းအဖွဲ့က ရှောင်တခင် ရှာဖွေစစ်ဆေးရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့အတူ ပူးပေါင်းအဖွဲ့က တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် လှည့်ကင်းများ ဆက်လက် ဆောင်ရွက်ခဲ့ရာ ကန်ကြီးရပ် သဲကွင်းရှိ စားသောက်ဆိုင်များ၊ အရက်၊ ဘီယာ အရောင်းဆိုင်များအား ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့ရာ Super King စားသောက်ဆိုင်တွင် ယစ်မျိုးလိုင်စင်မရှိဘဲ အရက်၊ ဘီယာများ ရောင်းချနေကြောင်း တွေ့ရှိရ၍ အဆိုပါ စားသောက်ဆိုင်ပိုင်ရှင်အား ဥပဒေအရ အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရှောင်တခင် ရှာဖွေစစ်ဆေးရေးလုပ်ငန်းများကို မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝင်းသူအောင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးမင်းတို့ဦးဆောင်၍ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ အပတ်စဉ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နိုင်ထူး (ပြန်/ဆက်)**

# ရေတာရှည်မြို့နယ်၌ မြေကျင်းတူးရာမှတွေ့ရှိသော ဗုဒ္ဓကြေးဆင်းတုတော်အား လာရောက်ဖူးမြော်သူများပြား

**ရေတာရှည် ဇူလိုင် ၃**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရေနီစက္ကူစက်ရုံဝန်ထမ်းလိုင်းတွင် နေထိုင်သည့်မိသားစုက ခြံဝန်းအတွင်း၌ စားပင်များ စိုက်ပျိုးရန် မြေကျင်းတူးရာမှ တွေ့ရှိသော ဗုဒ္ဓကြေးဆင်းတုတော်အား လာရောက်ဖူးမြော်ကြည်ညိုသူများပြားလျက်ရှိကြောင်း သိရသည်။ ဝန်းထမ်းလိုင်းနေ ဒေါ်ခလေးမသည် ဇွန် ၃ ရက် နံနက် ၉ နာရီခွဲခန့်က နေအိမ်အရှေ့မြောက်ထောင့်ရှိ မြေကွက်လပ်၌ စားပင်များ စိုက်ပျိုးရန် မြေးဖြစ်သူ မောင်ရဲနိုင်အား ပေါက်ပြားဖြင့်တူးရာ အနက်တစ်ပေခန့်အရောက်တွင် မာကြောသော အရာတစ်ခုကို ပေါက်မိသဖြင့် လက်ဖြင့် မြေကြီးကို ယက်ပြီးကြည့်ရာ ဗုဒ္ဓကြေးဆင်းတုတော်ကို တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း ဒေါ်ကလေးမက ပြောပြသည်။

"ပထမတော့ ကလေးက ကျောက်ခဲကို ပေါက်မိတယ်ထင်တာ၊ မြေကြီးကို လက်နဲ့ယက်ပြီးကြည့်တော့မှ ကြေးဆင်းတုတော်ကို တွေ့ရတာ။ အဒေါ်တို့ကလဲ သိတ်ပြေပြေလည်လည်မဟုတ်တော့ ဆင်းတုတော်ထားဖို့ ဘုရားကျောင်းဆောင်တွေ ဘာတွေ ရုတ်တရက် မဝယ်နိုင်ဘူးလေ။ တွေ့တဲ့နေ့က နို့ဆီဘူးခွံကို မှောက်ထားပြီး အပေါ်ကတင်ပြီး ပူဇော်ထားတာ။ မြေကြီးထဲက ကြေးဆင်းတုတော်တွေ့တယ်ဆိုတဲ့ သတင်းက ပြန့်သွားတော့မှ လာဖူးတဲ့သူတွေ လှူဒါန်းတဲ့ အလှူငွေလေးနဲ့ ဘုရားကျောင်းဆောင်လေး ဝယ်ပြီး ပူဇော်ထားတာ"ဟု ၎င်းက ဆက်လက်ပြောသည်။ ဗုဒ္ဓကြေးဆင်းတုတော်မှာ ယာဘက်လက်ဖဝါး ပက်လက်အနေအထားဖြင့် ပြဒါးရှင်လုံးကို ကိုင်ထားကာ ဝဲဘက်လက်ဖဝါးပေါ်၌ ကြားဖူးကို ကိုင်ထားသည်ကို တွေ့ရှိရသည်။ အောက်ခံပလ္လင်မှ ဥဿျောင်အထိ ညဏ်တော်အမြင့် ခုနစ်လက်မရှိပြီး ဆင်သုံးကောင်နှင့် မြင်းနှစ်ကောင်ရံထားသော ပလ္လင်မှာ နှစ်လက်မနှင့် လေးစင်တီမီတာရှိသည်။ နေ့စဉ် လာရောက်ဖူးမြော်သူများ၏ လှူဒါန်းငွေနှင့် မိမိတို့ တတ်အားသရွေ့ ဇူလိုင် ၈ ရက်တွင် ဘုရားအနေကဇာတင်လှူကာ ပင့်သံဃာတို့အား ဆွမ်းကပ်လှူသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

■



# မွန်ပြည်နယ် ယာဉ်လုပ်ငန်းများထိန်းသိမ်းကြီးကြပ်ရေးကော်မတီ တွေ့ဆုံပွဲကျင်းပ

**မော်လမြိုင် ဇူလိုင် ၃**
မွန်ပြည်နယ် ယာဉ်လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီ တွေ့ဆုံပွဲ အခမ်းအနားကို ဇူလိုင် ၁ ရက် နံနက် ၁၀ နာရီတွင် မော်လမြိုင်မြို့ တော်ဝင်ဟာသ်ာဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ မွန်ပြည်နယ်ယာဉ်လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဝင်းမောင်က လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ၂၀၁၇-၂၀၁၈ ကာလတွင် ယာဉ်လိုင်းထူးချွန်ဆုရရှိသူများအား လည်းကောင်း၊ ၂၀၁၇-၂၀၁၈ လုပ်ငန်းတိုးတက်အောင်မြင်ရေး ကြိုးပမ်းဆောင်ရွက်ဆုရရှိသော မြို့နယ်ယာဉ်လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့အား ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် ဝန်ကြီးများက ဆုများ အသီးသီး ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**၃၀၇**

# မြစ်ကြီးနားမြို့၌မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကျင်းပ

**မြစ်ကြီးနား ဇူလိုင် ၃**
မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီက ကြီးမှူး၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်အတွင်းရှိအမျိုးသမီးများအရေး တက်ကြွစွာဆောင်ရွက်လျက်ရှိကြသည့် အဖွဲ့အစည်းများ ပူးပေါင်းကျင်းပသည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး ဆမားဒူးဝါးဆင်ဝါးနောင်ခန်းမ၌ ကျင်းပခဲ့ကြသည်။

အခမ်းအနားတွင် ပြည်နယ်လူမှုရေးဝန်ကြီးဒေါက်တာသင်းလွင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်လူမှုဝန်ထမ်းရုံး ဒုတိယညွှန်ကြားရေးမှူး ဦးဇော်အောင်ဝင်းက အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်နေမှုများနှင့် ပြည်နယ်အတွင်း IDPs စခန်းများအတွင်းရှိ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ အသိပညာပေးအစီအစဉ်များ၊ ရေရှည်ဖွံ့ဖြိုးတိုးတက်သော အသက်မွေးဝမ်းကျောင်းသင်တန်းများနှင့် အကြမ်းဖက်ခံရသည့် အမျိုးသမီးများနှင့် အမျိုးသမီးငယ်များအတွက် နှစ်သိမ့်ဆွေးနွေးပေးခြင်း၊ ကူညီထောက်ပံ့ခြင်း၊ ကိုယ်ဝန်ဆောင် အမျိုးသမီးများနှင့် အမျိုးသမီးဦးဆောင်သည့် မိသားစုများအတွက် ငွေကြေးထောက်ပံ့ခြင်းလုပ်ငန်းများကို ကုလသမဂ္ဂအဖွဲ့အစည်းများ၊ NGO၊ INGO များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီး ဒေါက်တာဂျေကော့ဘူ၊ ပြည်နယ်တရား လွှတ်တော်တရားသူကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့်ဇနီး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့၊ ပြည်နယ်အတွင်းရှိကုလသမဂ္ဂအဖွဲ့အစည်းဝင်များ၊ အမျိုးသမီးများအရေး တက်ကြွလှုပ်ရှားလျက်ရှိသည့် အရပ်ဘက်အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

**ပြည်နယ် (ပြန်/ဆက်)**

## တိုတိုထွာထွာဖတ်စရာ

### အရေးပေါ်ထောက်ပံ့ပို့ဆောင်ရေးသင်တန်းဖွင့်

**ရန်ကုန် ဇူလိုင် ၃**
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် WFP တို့ ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် စက်မှုဇုန်နယ်မြေ ရွှေလင်ပန်းရှိ WFP သိုလှောင်ရုံခန်းမ၌ အရေးပေါ်ထောက်ပံ့ပို့ဆောင်ရေးလက်တွေ့သင်တန်းကို ဇူလိုင် ၁ ရက် နံနက် ၉ နာရီက ဖွင့်လှစ်သည်။

ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် WFP (Myanmar) မှ Head of Supply Chain Management, Mr. Jeanluc Kohler တို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ ဦးစီးအရာရှိ ၂၆ ဦး တက်ရောက်ခဲ့ကြသည်။ **မျိုးမင်းသိန်း (မရမ်းကုန်း)**

### လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဓာတ်ကြိုးများလဲလှယ်

**ရန်ကုန် ဇူလိုင် ၃**
ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာများမှ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးနှင့် လျှပ်စစ်ဓာတ်အား အပြည့်အဝသုံးစွဲနိုင်ရေးအတွက် ဇူလိုင် ၃ ရက်က ရပ်ကွက်၊ ကျေးရွာများအတွင်း ဓာတ်ကြိုးများလဲလှယ်ခြင်းကို မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ ဝန်ထမ်းများက ဆောင်ရွက်နေကြကြောင်း သိရသည်။ **ကျော်သူရ (ကော့မှူး)**

### သက်ငယ်မုဒိမ်းမှုပပျောက်ရေးပညာပေး ဆွေးနွေး

**ရန်ကုန် ဇူလိုင် ၃**
ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းထွန်းဦးသည် ဇူလိုင် ၁ ရက် ည ၇ နာရီခွဲက ဘုရားကုန်းကျေးရွာ ၁၅ ပေ ကွက်သစ် ဆေးရိုးပင်ဓမ္မာရုံ၌ သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် မှုခင်းကျဆင်းရေး ပညာပေးဟောပြောရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ပြည်သူ ၈၅ ဦးခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **အောင်ဆွေ (ရွှေတံတား)**

**ရန်ကုန် ဇူလိုင် ၃**
ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးခိုင်ဝင်းက (၉) ရပ်ကွက် သာသနာ့ရက္ခိတဓမ္မာရုံ၌ ဇူလိုင် ၂ ရက်က ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များနှင့် ပြည်သူများအား သက်ငယ်မုဒိမ်းမှုပပျောက်ရေး မှုခင်းပညာပေးဆွေးနွေးခဲ့ရာ ပြည်သူ ၇၀ ကျော်တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

# မယ်စဲ့မြို့နယ်တွင်မြန်မာအမျိုးသမီးများနေ့အခမ်းအနားကျင်းပ

**မယ်စဲ့ ဇူလိုင် ၃**
ကယားပြည်နယ် ဘော်လခဲခရိုင် မယ်စဲ့မြို့နယ်၌ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၉ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်အေးခန့်က အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌကိုယ်စား အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်မျိုးမြမြသွင်က အမျိုးသမီးရေးရာအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စောဝတ်ရည်က အမျိုးသမီးများ၏အခန်းကဏ္ဍနှင့် ထိန်းသိမ်းရမည့် အစဉ်အလာကောင်းများ အကြောင်းကိုလည်းကောင်း ဆွေးနွေးပြောကြားခဲ့သည်။



ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်အတွက် ဦးစိုင်းစံသိန်း (သစ်တောဦးစီးဌာန၊ ရွှေကျင်မြို့) က လှူဒါန်းသော သုတ၊ ရသစာအုပ်များကို အလှူရှင်ကိုယ်စား ဒေါ်အေးအေးထွန်းက ပေးအပ်လှူဒါန်းပြီး မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်အေးခန့်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများ၊ ဆုရကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသော အမျိုးသမီးကိုယ်စားလှယ်များ စုစုပေါင်း ၁၂၀ ခန့်တက်ရောက်ကာ ပြန်/ဆက်ဦးစီးဌာနမှ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲပြသခဲ့သည်။

**ဝတ်ရည်(ပြန်/ဆက်)**

# ကျေးရွာဆင်းရဲမှုလျှော့ချရေး စံပြစီမံကိန်းအား တရုတ်ကိုယ်စားလှယ်အဖွဲ့ ကွင်းဆင်းကြည့်ရှု

**တပ်ကုန်း ဇူလိုင် ၃**
စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ဆင်းရဲမှုလျှော့ချရေးဗဟိုဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် နေပြည်တော် တပ်ကုန်းမြို့နယ် အေးချမ်းသာစံပြကျေးရွာအုပ်စု အေးချမ်းသာစံပြကျေးရွာတွင် ကျေးရွာအဆင့်ဆင်းရဲမှုလျှော့ချရေး စံပြစီမံကိန်းလုပ်ငန်းနေရာများကို နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး၊ ခရိုင်မှ တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်နှင့် ဌာနဆိုင်ရာများနှင့်အတူ တရုတ်နိုင်ငံမှ ဒုတိယဝန်ကြီး Mr.Chen Zhigang ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် ဇူလိုင် ၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာတွင် ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ကွင်းဆင်းကြည့်ရှုသည်။

တွေ့ဆုံရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်နှင့် တရုတ်မှ ဒုတိယဝန်ကြီး Mr.Chen Zhigangတို့က ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေး စံပြစီမံကိန်းလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများက ကျေးရွာအတွင်း လိုအပ်သည့် စီမံကိန်းလုပ်ငန်းများရှင်းလင်းတင်ပြကြရာ တာဝန်ရှိသူများများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး စက်ရေတွင်း၊ ရွာတွင်းလမ်း၊ စာသင်ဆောင်၊ 200KVA Transformer၊ ဆေးပေးခန်း၊ လူထုဖွံ့ဖြိုးတိုးတက်ရေးစင်တာ၊ စိုက်ပျိုးရေးအတွက် ရေပေးဝေရေးနှင့် ကျေးရွာအတွင်း လိုအပ်သည့်စီမံကိန်းလုပ်ငန်းနေရာများကို လိုက်လံကြည့်ရှုကြသည်။

အေးချမ်းသာစံပြကျေးရွာသည် တပ်ကုန်းမြို့နှင့် ၄/၄မိုင်အကွာ၌ တည်ရှိပြီး ဆင်သေရေလှောင်တမံတည်ဆောက်ရာတွင် ရေဝပ်ဧရိယာနှင့် မလွတ်သောကျေးရွာ ၁၀ ရွာကို ၁၉၉၈ ခုနှစ်က နိုင်ငံတော်၏ အစီအမံဖြင့် စုပေါင်းရွှေ့ပြောင်းပေးထားသည့် ကျေးရွာတစ်ရွာဖြစ်သည်။ ရွှေ့ပြောင်းပေးထားသော ကျေးရွာတစ်ရွာဖြစ်သောကြောင့် ကျေးရွာသူ ကျေးရွာသား အများစုမှာ လယ်မဲ့ယာမဲ့များဖြစ်ပြီး တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်အခြားအလုပ်အကိုင်များဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်သောကျေးရွာဖြစ်သည်။

**တင်စိုးလွင်(ပြန်/ဆက်)**



# ကြည့်ရှုသူ သန်း ၂၀၀ ကျော်သွားခဲ့ပြီဖြစ်တဲ့ BTS ရဲ့ Fake Love

တောင်ကိုရီးယားရဲ့ ကမ္ဘာကျော်ပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BTS"ရဲ့ နောက်ဆုံးထွက်ရှိထားတဲ့ တေးသီချင်း "Fake Love"ရဲ့ တေးဗီဒီယိုဟာ လတ်တလောမှာတော့ ယူကျူ့ပေါ်ကနေတစ်ဆင့် ကြည့်ရှုခဲ့တဲ့ ပရိသတ် သန်း ၂၀၀ ကျော်သွားခဲ့ပြီဖြစ်ကြောင်း အောလ်ကေပေါ့ပ်ဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

"Fake Love" ဟာ စတင်ထုတ်လွှင့်ခဲ့သည်မှ ရက်ပေါင်း ၄၄ ရက်အကြာ ဇူလိုင် ၁ ရက်မှာတော့ ယခုလို မှတ်တိုင်သစ်တစ်ခုအဖြစ် ပရိသတ် သန်း ၂၀၀ ကို ပိုင်ဆိုင်ခွင့်ရခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အဆိုပါတေးသီချင်းဟာ ကေပေါ့ပ်တေးသီချင်းတွေအနက် အချိန်အတိုဆုံးနဲ့ ပရိသတ် သန်း ၂၀၀ ပိုင်ဆိုင်နိုင်ခဲ့တဲ့ တေးသီချင်း ဖြစ်လာခဲ့ပြီး ယခင်က စံချိန်တင်ထားခဲ့တဲ့ အဖွဲ့ရဲ့ စံချိန်ကိုလည်း ကျော်လွန်နိုင်ခဲ့တာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ တစ်လခန့်ကလည်း "Fake Love" ဟာ ကြည့်ရှုသူပရိသတ် သန်း ၁၀၀ ပြည့်ခဲ့တာဖြစ်ပါတယ်။ အဲဒီအချိန်တုန်းကလည်း အချိန်အတိုဆုံးနဲ့ ရယူနိုင်ခဲ့တဲ့ တေးဗီဒီယိုအဖြစ် စံချိန်တင်နိုင်ခဲ့ပြီး ယခင် "DNA" တေးသီချင်းနဲ့ ရယူထားခဲ့တဲ့ စံချိန်ကို ချိုးဖြတ်ခဲ့ပါတယ်။ "DNA"ကတော့ စတင်ထုတ်လွှင့်ခဲ့သည်မှ ၂၄ ရက်အတွင်း ကြည့်ရှုသူပရိသတ် သန်း ၁၀၀ ပြည့်ခဲ့ပြီး သုံးလအတွင်း ပရိသတ် သန်း ၂၀၀ ပြည့်ခဲ့တာလည်း ဖြစ်ပါတယ်။

# ဘရာဇီးက ချစ်သူရဲ့ ဖျော်ဖြေပွဲကို ချိုပရာ သွားရောက်အားပေး

လတ်တလော ဘရာဇီးမှာ ကျင်းပခဲ့တဲ့ တေးသံရှင် နစ်ခ်ဂျိုးနက်စ်ရဲ့ ဖျော်ဖြေပွဲမှာတော့ သူ့ရဲ့ ချစ်သူဖြစ်တဲ့ မင်းသမီး ပရီယင်ကာချိုပရာက တစ်ကယ့်ကို အမာခံ ပရိသတ်တစ်ဦးအဖြစ် အားပေးခဲ့တာကို တွေ့ရပါတယ်။ ဘောလိဝုဒ်သရုပ်ဆောင်တစ်ဦးအဖြစ်မှ ဟောလိဝုဒ် အနုပညာအသိုင်းအဝိုင်းမှာ အောင်မြင်လာခဲ့တဲ့ ချိုပရာက ချစ်သူရဲ့ ဖျော်ဖြေနေတဲ့ ပုံရိပ်တွေကို သူ့ရဲ့မိုဘိုင်းဖုန်းနဲ့ ရိုက်ယူနေတာကိုလည်း တွေ့ခဲ့ရကြောင်း အီးအွန်လိုင်း ဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ စနေနေ့က ပြုလုပ်ခဲ့တဲ့ ဖျော်ဖြေပွဲမှာ ရိုက်ကူးခဲ့တဲ့ ဗီဒီယိုကို ချိုပရာက သူ့ရဲ့ လူမှုကွန်ရက်မီဒီယာပေါ်မှာ ပြန်လည်ဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒီလိုဖော်ပြရာမှာတော့ မင်းသမီးက သူလို့ အဓိပ္ပာယ်ရတဲ့ စာသားနဲ့အတူ အသည်းပုံအီမိုဂျီလေးတွေကို တွဲဖက်ဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

အသက် ၃၅ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ပရီယင်ကာချိုပရာနဲ့ ၂၅ နှစ်အရွယ် နစ်တို့ဟာ မကြာသေးမီကမှ ချိုပရာရဲ့ ဇာတိဖြစ်တဲ့ အိန္ဒိယမှ ပြန်လာခဲ့ကြတာ ဖြစ်ပါတယ်။ အဲဒီအရင်ကလည်း နစ်က သူ့ဆွေမျိုးရဲ့ မင်္ဂလာအခမ်းအနားကို ချိုပရာကို ခေါ်ဆောင်သွားကာ မိသားစုတွေနဲ့ မိတ်ဆက်ပေးခဲ့တာကိုလည်း တွေ့ရပါတယ်။



# ချီကာဂိုမှာ ဖျော်ဖြေပွဲ တိတ်တဆိတ်ကျင်းပခဲ့တဲ့ တေလာဆွစ်

အမေရိကန်တေးသံရှင် တေလာဆွစ်ဟာ လတ်တလောမှာတော့ ချီကာဂိုမှာ ဖျော်ဖြေပွဲတစ်ခုကို တိတ်တဆိတ်ကျင်းပခဲ့တာ ဖြစ်ပါတယ်။ နယ်လှည့်ဖျော်ဖြေပွဲတွေကနေ ခေတ္တအနားယူစဉ်မှာ တေလာဆွစ်က ချီကာဂိုမှာရှိတဲ့ ပရိသတ် ၂၀၀ ရဲ့ ရှေ့မှာ ကန်းထရီးတေးသီချင်း ငါးပုဒ် သီဆိုဖျော်ဖြေပေးခဲ့တာဖြစ်တယ်လို့ အေ့စ်ရှိုးဘစ်ဇ်ဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဇွန် ၂၈ ရက်မှာ တေလာဆွစ်က အဆိုပါဖျော်ဖြေပွဲကို ပြုလုပ်ခဲ့တာဖြစ်ပြီး ကန်းထရီးတေးသံရှင်တစ်ဦးအဖြစ် တေးဂီတလောကအတွင်း စတင်ခြေချခဲ့တဲ့ တေးသံရှင်က သူ့ရဲ့အောင်မြင်ခဲ့တဲ့ ကန်းထရီးတေးသီချင်းတွေအပါအဝင် တေးသီချင်းငါးပုဒ် သီဆိုဖျော်ဖြေခဲ့တာဖြစ်ပါတယ်။

ဒီလိုဖျော်ဖြေခဲ့ကြောင်းကိုတော့ တေလာဆွစ်ရဲ့ ဖျော်ဖြေပွဲတက်ရောက်ခဲ့သူ ပရိသတ်တစ်ဦးက သူ့ရဲ့တွစ်တာစာမျက်နှာပေါ်မှာ ဖော်ပြခဲ့တာဖြစ်ပါတယ်။ တေလာဆွစ်နဲ့အတူ ဖျော်ဖြေပွဲလာရောက်ခဲ့သူတွေ စုပေါင်းရိုက်ကူးထားတဲ့ အမှတ်တရဓာတ်ပုံကို သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်မှာ ဖော်ပြခဲ့တာဖြစ်ပါတယ်။

တေလာဆွစ်ဟာ လက်ရှိမှာ သူ့ရဲ့ နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ်သစ် "Reputation"အတွက် နယ်လှည့်ဖျော်ဖြေပွဲတွေကို ပြုလုပ်နေတာလည်း ဖြစ်ပါတယ်။ မြောက်အမေရိကားက နယ်လှည့်ဖျော်ဖြေပွဲတွေကို ကျင်းပပေးနေရင်း အားတဲ့အချိန်အတန့် ယခုလို ချီကာဂိုမှာ ဖျော်ဖြေပွဲပြုလုပ်ခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။





# ဆန်းရီရဲ့ ပထမဆုံး တစ်ကိုယ်တော်တေးအယ်လ်ဘမ် ထုတ်လွှင့်မည့်ရက်ကြေညာ

နာမည်ကျော် ကေပေါ့ပ်အဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BIGBANG"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဆန်းရီဟာ ဂီတသက်တမ်းတစ်လျှောက် ပထမဆုံးဖြစ်တဲ့ သူ့ရဲ့ တစ်ကိုယ်တော်တေးအယ်လ်ဘမ် စတင်ထုတ်လွှင့်ပေးသွားမယ့် ရက်ကို လတ်တလောမှာတော့ ထုတ်ပြန်ကြေညာပေးခဲ့ပြီ ဖြစ်ကြောင်း အောလ်ကေပေါ့ပ်ဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဇူလိုင် ၃ ရက်မှာတော့ ဆန်းရီက သူ့ရဲ့ တစ်ကိုယ်တော်တေးအယ်လ်ဘမ်အတွက် ပထမဆုံးသော ဓာတ်ပုံကို ထုတ်ဖော်ပြခဲ့ပြီး ယင်းဓာတ်ပုံနဲ့အတူ တေးအယ်လ်ဘမ် ထွက်ရှိမယ့်ရက်ကိုလည်း တစ်ပါတည်း ဖော်ပြခဲ့တာဖြစ်ပါတယ်။ ဆန်းရီရဲ့ ပထမဆုံး ဆိုလိုတေးအယ်လ်ဘမ်ကိုတော့ "The Great Seungri"လို့ အမည်ပေးထားပြီး ဇူလိုင် ၂၀ ရက်မှာ စတင်ထုတ်လွှင့်သွားမှာဖြစ်ကြောင်း သိရပါတယ်။

တစ်ကိုယ်တော်တေးအယ်လ်ဘမ်ကို ယခုမှ ပထမဆုံးအကြိမ် ထုတ်လွှင့်သွားဖို့ရာ စီစဉ်ခဲ့ပေမယ့် ဆန်းရီရဲ့ တစ်ကိုယ်တော်တေးသီချင်းကတော့ ယခင်ကတည်းက ထွက်ရှိခဲ့ဖူးတာဖြစ်ပါတယ်။ သူ့ရဲ့ ပထမဆုံးသော တစ်ကိုယ်တော်တေးသီချင်း "Strong Baby" ဟာ "BIGBANG"ရဲ့ တေးအယ်လ်ဘမ် "Remember"မှာ ပါဝင်ပြီး ၂၀၀၈ ခုနှစ်အတွင်း ထွက်ရှိခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် သူဟာ ၂၀၁၁ ခုနှစ်အတွင်းမှာတော့ မီနီတေးအယ်လ်ဘမ်တစ်ခု ထုတ်လွှင့်ခဲ့ပါတယ်။ "V. V. I. P"လို့ အမည်ပေးထားတဲ့ ယင်းအယ်လ်ဘမ်အပြီးမှာ ဒုတိယမြောက် မီနီတေးအယ်လ်ဘမ် "Let's Talk About Love" ကို ထုတ်လွှင့်ခဲ့ပါတယ်။ မကြာမီထွက်ရှိလာတော့မယ့် ဆန်းရီရဲ့ ပထမဆုံးသော တစ်ကိုယ်တော်တေးအယ်လ်ဘမ် "The Great Seungri"ဟာ ဒုတိယမီနီတေးအယ်လ်ဘမ်ထွက်ရှိပြီးနောက် ငါးနှစ်တာကာလအတွင်း ပထမဆုံး ပြန်လည်ထွက်ရှိလာတဲ့ တေးအယ်လ်ဘမ်လည်း ဖြစ်လာမှာဖြစ်ကြောင်း သိရပါတယ်။

ဒီလို ပထမဆုံးသော တစ်ကိုယ်တော်တေးအယ်လ်ဘမ် ထွက်ရှိမယ့်အကြောင်းကို လွန်ခဲ့တဲ့ နှစ်လခန့်ကတည်းက ပြုလုပ်ခဲ့တဲ့ သူ့ရဲ့ဖျော်ဖြေပွဲတွေနဲ့ အခမ်းအနားတွေမှာ ဆန်းရီက အရိပ်အမြွက်ပြောကြားခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒါ့အပြင် သူ့ရဲ့ လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာလည်း ဖော်ပြခဲ့တာကို တွေ့ရပါတယ်။

ဒီတေးအယ်လ်ဘမ်သစ်ထွက်ရှိမှုနဲ့အတူ ပေါ့ပ်ကြယ်ပွင့်က သူ့ရဲ့ ပထမဆုံးသော တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲကို ကျင်းပဖို့လည်း စီစဉ်ထားပါတယ်။ ဒီဖျော်ဖြေပွဲကို လာမယ့် ဩဂုတ် ၄ ရက်နဲ့ ၅ ရက်တွေမှာ ဆိုးလ်မှာ ပြုလုပ်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

အေးပြည့် - ရေးသားသည်

ကြေးမုံ
ဇူလိုင် ၄၊ ၂၀၁၈


# တစ်ပတ်အတွင်း ထူးခြားအားကစားသတင်းများ

■ နိုင်လင်းကြည်–ရေးသားသည်

## လီဗာပူးအသင်းရဲ့သမိုင်းမှာ အမြင့်ဆုံးလစာရတဲ့ကစားသမားဆာလာဖြစ်လာ

လီဗာပူးတိုက်စစ်မှူး ဆာလာဟာ အသင်းနဲ့ စာချုပ်သစ်ချုပ်ဆိုလိုက်တာကြောင့် အဲဒီစာချုပ်အရ လီဗာပူးအသင်းရဲ့ သမိုင်းမှာ အမြင့်ဆုံးလစာရတဲ့ ကစားသမားဖြစ်လာခဲ့ပြီး တစ်ပတ်ပေါင်နှစ်သိန်းနဲ့ ချုပ်ဆိုခဲ့တာဖြစ်ပါတယ်။










မိုဟာမက်ဆာလာဟာ လွန်ခဲ့တဲ့ ၁၂ လက အီတလီ စီးရီးအေကလပ် ရိုးမားအသင်းကနေ လီဗာပူးအသင်းကို ပြောင်းရွှေ့လာခဲ့ချိန်မှာတော့ တစ်ပတ်လုပ်ခလစာ ပေါင်တစ်သိန်းသာရရှိခဲ့တာဖြစ်ပြီး လက်ရှိမှာတော့ လီဗာပူးအသင်းရဲ့ လစာအမြင့်ဆုံးကစားသမားအဖြစ်မှတ်တမ်းဝင်သွားခဲ့ပါပြီ။ ဆာလာဟာ လီဗာပူးအသင်းနဲ့အတူ သွင်းဂိုး ၄၄ ဂိုးအထိသွင်းယူနိုင်ခဲ့တာဖြစ်ပြီး ဆာလာရဲ့စွမ်းဆောင်ရည်နဲ့အတူ လီဗာပူးအသင်းဟာ ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ခဲ့သလို ရာသီကုန်မှာလည်း အဆင့်(၄)အတွင်း ဝင်ခဲ့ပါတယ်။ ဆာလာဟာ လီဗာပူးအသင်းနဲ့အတူ ၅၂ ပွဲပါဝင်ကစားခဲ့ရာမှာတော့ ၄၄ ဂိုးသွင်းပြီး ဂိုးဖန်တီးပေးနိုင်မှုကိုးကြိမ်ရှိခဲ့ပါတယ်။ လီဗာပူးအသင်းမှာ စတင်ကစားစဉ်မှာပဲ စွမ်းဆောင်ရည်ကောင်းတွေပြနိုင်ခဲ့တာကြောင့် ပီအက်ဖ်အေတစ်နှစ်တာ အကောင်းဆုံးကစားသမားဆု၊ ပီဒဗလျူအေတစ်နှစ်တာ အကောင်းဆုံးကစားသမားဆု၊ ပရီမီယာလိဂ်ရွှေဖိနပ်ဆု၊ ပရီမီယာလိဂ်တစ်ရာသီအကောင်းဆုံးကစားသမားဆုတွေကိုလည်းရယူနိုင်ခဲ့တဲ့ ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။ ဆာလာဟာ လီဗာပူးအသင်းနဲ့အတူ စာချုပ်သစ်ချုပ်ဆိုခဲ့တာကြောင့် အမ်ဖီးလ်အသင်းမှာ ၂၀၂၃ ခုနှစ်အထိဆက်ရှိနေမှာဖြစ်ပါတယ်။

## ဘရာဇီးအသင်းဟာကမ္ဘာ့အကောင်းဆုံးအသင်းလို့ မာတီနက်ဇ်ဖွင့်ဟ

ကမ္ဘာ့ဖလားကွာတားဖိုင်နယ်အဆင့်မှာ ဘယ်လ်ဂျီယံအသင်းဟာ ဘရာဇီးအသင်းနဲ့ ကစားရမှာဖြစ်ပြီး ပြိုင်ဘက်အသင်းဖြစ်တဲ့ ဘရာဇီးအသင်းဟာ ကမ္ဘာ့အကောင်းဆုံး အသင်းဖြစ်တယ်လို့ ဘယ်လ်ဂျီယံအသင်းနည်းပြ မာတီနက်ဇ်က ဖွင့်ဟပြောကြားခဲ့ပါတယ်။ ဘရာဇီးဟာ ၁၆ သင်းအဆင့်မှာ မက္ကဆီကိုအသင်းကို နှစ်ဂိုးပြတ်နဲ့ နိုင်ပြီး ကွာတားဖိုင်နယ် တက်ခဲ့တာဖြစ်သလို ဘယ်လ်ဂျီယံအသင်းကလည်း ဂျပန်အသင်းကို သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိပြီး ကွာတားဖိုင်နယ်တက်လာခဲ့တာပါ။ ဘရာဇီးအသင်းမှာဆိုရင် တစ်စက္ကန့်အတွင်းမှာ ပြိုင်ပွဲရဲ့အဆုံးအဖြတ် ဖြစ်စေနိုင်လောက်အောင် ခြေစွမ်းကောင်းတဲ့ နေမာနဲ့ ကော်တင်ဟိုတို့လိုရှိနေတဲ့အတွက် ဘယ်လ်ဂျီယံ ခက်ခက်ခဲခဲကစားရဖို့ရှိတယ်လို့လည်း မာတီနက်ဇ်ကဆိုပါတယ်။ ဘရာဇီးအသင်းနဲ့ ဘယ်လ်ဂျီယံအသင်းတို့ ထိပ်တိုက်တွေ့ဆုံနေတဲ့ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်ကတော့ ဇူလိုင် ၆ ရက်မှာ ကစားမှာဖြစ်ပြီး ရုရှားနိုင်ငံ ကာဇန်မြို့မှာ ဘယ်အသင်းအနိုင်ရမလဲဆိုတာ စောင့်ကြည့်သွားရမှာပါ။

## ပေါ်တူဂီကြယ်ပွင့်စီရိုနယ်လ်ဒိုရဲ့အိမ်အပြန်လမ်း

တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ ကမ္ဘာ့ဖလား ၁၆ သင်းအဆင့်မှာ ပေါ်တူဂီအသင်းက ဥရုဂွေးအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ပြီးတဲ့နောက်မှာတော့ ရုရှားမြေကနေ ပေါ်တူဂီတို့ ပြန်သွားခဲ့ရပြီဖြစ်ပြီး အဲဒီလို အိမ်အပြန်ခရီးမှာ ခရီးသွားပုံရိပ်မှတ်တမ်းတွေကို ဖော်ပြခဲ့တာဖြစ်ပါတယ်။ ပေါ်တူဂီအသင်း ကမ္ဘာ့ဖလားကို နှုတ်ဆက်ခဲ့ရပြီးနောက် ရုရှားနိုင်ငံ မြို့တော်မော်စကိုမှာရှိတဲ့ ဇူကော့ဗ်စကိုင်းလေဆိပ်ကနေ ပေါ်တူဂီနိုင်ငံသို့ အပြန်ခရီးမှာ ပေါ်တူဂီနည်းပြဖာနန်ဒိုဆန်းတို့စ်ရဲ့ စိတ်မကျေနပ်ဖွယ်ပုံရိပ်တွေကိုလည်း ဓာတ်ပုံတွေနဲ့တကွ ဖော်ပြထားပါတယ်။ စီရိုနယ်လ်ဒိုဟာ ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲမှာ သွင်းဂိုးလေးဂိုးအထိသွင်းယူနိုင်ခဲ့တာဖြစ်ပြီး အခုလိုကမ္ဘာ့ဖလားပြိုင်ပွဲကနေ ထွက်ခဲ့ရတာကြောင့် ကာတာနိုင်ငံမှာ ကျင်းပမယ့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ပေါ်တူဂီအသင်းနဲ့အတူ ပြန်လည်ပါဝင်လာဖို့အတွက် စဉ်းစားဦးမယ်လို့ စီရိုနယ်လ်ဒိုက ဆိုပါတယ်။ စီရိုနယ်လ်ဒိုဟာ လက်ရှိမှာ အသက် ၃၃ နှစ်ရှိပြီဖြစ်ပြီး ၂၀၂၂ ကမ္ဘာ့ဖလားကျင်းပချိန်မှာ ၃၇ နှစ်ဖြစ်လာမှာဖြစ်ပါတယ်။ စီရိုနယ်လ်ဒိုအနေနဲ့ ၁၆ သင်းအဆင့်ကနေ လှည့်ပြန်ခဲ့ရတာမို့ စိတ်ပျက်နေခဲ့တာဖြစ်ပေမယ့် ပေါ်တူဂီပရိသတ်ကတော့ စီရိုနယ်လ်ဒိုဟာ ကမ္ဘာ့အကောင်းဆုံးကစားသမားအဖြစ် ဆက်ရှိနေမှာဖြစ်တဲ့အကြောင်းနဲ့ ပေါ်တူဂီပြည်သူတွေအတွက်လည်း အောင်မြင်မှုတွေရယူပေးသွားလိမ့်မယ်လို့ ဆိုခဲ့ပါတယ်။

## ရုရှားမြေမှသည် မိုင် ၁၄၀၀ ဝေးကွာတဲ့ အာဂျင်တိုင်းဆီသို့

ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ ၁၆ သင်းအဆင့်မှာ ပြင်သစ်အသင်းကို ရှုံးနိမ့်ခဲ့ရတာကြောင့် ဘောလုံးမှော်ပညာရှင် မက်ဆီဦးဆောင်တဲ့ အာဂျင်တိုင်းသားတို့လည်း ရုရှားမြေကို နှုတ်ဆက်ပြီး မိုင်ပေါင်း ၁၄၀၀ ဝေးကွာတဲ့ အာဂျင်တိုင်းဆီသို့ ပြန်သွားခဲ့ရပါတယ်။ အာဂျင်တီးနားအသင်းဟာ အုပ်စုအဆင့်ကနေ လိမ်ဖယ်လိမ်ဖယ်နဲ့ တက်လာခဲ့တာဖြစ်ပြီး သူတို့ရဲ့ခြေစွမ်းအမှန်ကို ၁၆ သင်းအဆင့်မှာ မြင်တွေ့ခဲ့ရတာလည်းဖြစ်ပါတယ်။ မက်ဆီဟာ လက်ရှိမှာ အသက် ၃၁ နှစ်ရှိပြီဖြစ်ကာ ပြင်သစ်အသင်းကို ရှုံးနိမ့်ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲကို နှုတ်ဆက်ခဲ့ရတာကြောင့် အခုကမ္ဘာ့ဖလားပြိုင်ပွဲဟာ သူ့အတွက် နောက်ဆုံးကမ္ဘာ့ဖလားပြိုင်ပွဲဖြစ်လာဖို့ရှိတယ်လို့ဆိုပါတယ်။ မက်ဆီအတွက်တော့ အခုတစ်ကြိမ်ရှုံးနိမ့်ခြင်းဟာ အရင်ကစားခဲ့တဲ့ ကမ္ဘာ့ဖလားတွေထက်စောပြီး ပြိုင်ပွဲကနေထွက်ခဲ့ရတာဖြစ်ပြီး ၂၀၀၆ နဲ့ ၂၀၁၀ မှာ ကွာတားဖိုင်နယ်အဆင့်၊ ၂၀၁၄ မှာဆိုရင် ချန်ပီယံမဖြစ်ခဲ့ပေမယ့် ဗိုလ်လုပွဲအထိတက်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒီတစ်ကြိမ်မှာတော့ ၁၆ သင်းအဆင့်ကနေ ထွက်ခဲ့ရတာမို့ မက်ဆီပို စိတ်ပျက်ခဲ့ရတာပါ။ မက်ဆီဟာ စိတ်ပျက်နေပေမယ့် နိုင်ငံလက်ရွေးစင်ကစားသမားဘဝကနေ အနားယူမယ်လို့ မပြောခဲ့ပါဘူး။ ဒါပေမယ့် မက်ဆီနဲ့ အာဂျင်တီးနားကစားဖော် မာရှေယာနိုကတော့ အာဂျင်တိုင်းကိုအပြန်မှာ နိုင်ငံလက်ရွေးစင် ကစားသမားဘဝကနေ အနားယူလိုက်ပြီလို့ သိရပါတယ်။

## နေမာကိုပေါင် ၂၇၅ သန်းနဲ့ ကမ်းလှမ်းခဲ့ခြင်းမရှိဟု ရီးယဲလ်ငြင်းဆို

ရီးယဲလ်မက်ဒရစ်အသင်းအနေနဲ့ ပီအက်စ်ဂျီတိုက်စစ်မှူး နေမာကို ပြောင်းရွှေ့ကြေးပေါင် ၂၇၅ သန်းနဲ့ ကမ်းလှမ်းခဲ့တယ်ဆိုတဲ့သတင်းဟာ ကောလာဟလသာဖြစ်တယ်လို့ စပိန်နိုင်ငံပိုင်ရုပ်မြင်သံကြားကနေတစ်ဆင့် တရားဝင်ကြေညာချက်ထုတ်ပြီး ငြင်းဆိုခဲ့ပါတယ်။ နေမာဟာ ဘာစီလိုနာအသင်းကနေ ပီအက်စ်ဂျီအသင်းကို ပြောင်းရွှေ့ခဲ့တာဖြစ်ပြီး ပီအက်စ်ဂျီမှာ ၂၀၂၉ အထိ ဆက်ရှိနေမှာပါ။ ဒါ့အပြင် ပီအက်စ်ဂျီအသင်းကလည်း နေမာကို ရောင်းချမှာမဟုတ်ဘူးလို့ဆိုပါတယ်။ ရီးယဲလ်မက်ဒရစ်အသင်းဟာ တိုက်စစ်မှူး စီရိုနယ်လ်ဒိုနဲ့ ဆက်ဆံရေးအဆင်မပြေခဲ့စဉ်က နေမာကို ခေါ်ယူဖို့စီစဉ်ခဲ့တာဖြစ်ပြီး ကမ်းလှမ်းမှုတစ်စုံတစ်ရာမပြုလုပ်ရသေးဘူးလို့ ဆိုပါတယ်။ ပီအက်စ်ဂျီအသင်းရဲ့ ကစားသမားသုံးဦးဖြစ်တဲ့ မက်ပီ၊ ကာဗာနီနဲ့ နေမာတို့ဟာ ကမ္ဘာ့ဖလားမှာ ခြေစွမ်းပြနေပြီး မက်ပီနဲ့ ကာဗာနီရဲ့ခြေစွမ်းထပ်မံကောင်းမွန်ခဲ့မယ်ဆိုရင်တော့ နေမာကို ရောင်းထုတ်လိမ့်မယ်ဆိုတဲ့ သတင်းတွေလည်း ထွက်ပေါ်နေတာဖြစ်ပါတယ်။ အဲဒီအချိန်မှာ ရီးယဲလ်မက်ဒရစ်အသင်းက နေမာကို ခေါ်ယူဖို့ ပေါင် ၂၇၅ သန်းပေးပြီး ကမ်းလှမ်းထားတာမရှိဘူးလို့ တရားဝင်ငြင်းလိုက်တာဖြစ်ပါတယ်။

## ဦးဟန်စိန်
**နီနီဆေးခန်း၊ နီနီဓာတ်ခွဲခန်း**
**အသက် (၈၁)နှစ်**

အမှတ်(၈/က)၊ ပြည်သာယာလမ်း၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်နေ ဒေါ်ရှုရင်၏ချစ်လှစွာသောခင်ပွန်း၊ ဦးထွန်းအောင်ကျော်၊ ဒေါက်တာအောင်ကျော်လင်း-ဒေါက်တာအေးအေးမော်၊ ဒေါက်တာညီညီဟန်-ဒေါ်သီတာအေး၊ ဦးသန်းအောင်-ဒေါ်မီမီဟန်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ အောင်ဥက္ကာဟန်၊ အောင်ခန့်ဟန်၊ ကောင်းမြတ်ဟန်၊ ဖုန်းမြတ်ဟန်တို့၏ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၂-၇-၂၀၁၈(တနင်္လာနေ့) နံနက် ၁၁း၁၄နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၁၈(ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင် ဂူသွင်း သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးကျော်အုံး(မိုးကုတ်မြို့၊ ကျပ်ပြင်)
**အသက် (၈၁)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့အနောက်ပိုင်း၊ ကျပ်ပြင်မြို့မရပ်နေ (ဦးမောင်ကြီး-ဒေါ်ခင်ရွှေ)တို့၏သားကြီး၊ ဦးစိန်ငွေ၊ (ဒေါ်မေရီသန်း)တို့၏အစ်ကို၊ ဒေါ်ကြည်ဝင်း၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်သန္တာရွှေ ဒေါ်ရူပါရွှေ၊ ဦးကျော်ဇော-ဒေါ်သူဇာရွှေ၊ ဒေါ်မာလာရွှေ၊ ဒေါ်နီဝါရွှေ၊ ဒေါ်သင်းယုကျော်၊ ဦးကျော်ဇင်ထက်၊ ဦးဖြိုးဇေယျာသော်-ဒေါ်သင်းဇူလိုင်ကျော်တို့၏မွေးသဖခင်၊ ကိုမင်းခန့်အောင်-မခင်စန္ဒာမြင့်၊ မချမ်းမြေ့မွန်မွန်၊ မပန်းမြတ်မိုမို၊ မောင်အောင်ကျော်ဇောတို့၏အဘိုး ဦးကျော်အုံးသည် ၃၀-၆-၂၀၁၈ (စနေနေ့) မွန်းလွဲ ၂း၄၅ နာရီတွင် မိုးကုတ်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့)တွင် ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးအဂ္ဂါတင်အုံး (၅၉)နှစ်
**B.E.,Mech (1983), Ex.2/E (B.S,M), C.D.C 17151**

ရန်ကုန်မြို့နေ ဝဏ္ဏကျော်ထင်ဦးတင်အုံး (ဒုတိယစစ်ဥပဒေချုပ်ဗိုလ်မှူးကြီး-ငြိမ်း၊ တရားရုံးချုပ်တရားသူကြီး-ငြိမ်း)-ဒေါ်တင်ညိမ်းဝင်း(အထပြ-ငြိမ်း၊ အထက-၁ ရန်ကင်း၊ အထက-၄ အလုံ)တို့၏သားကြီး၊ ဦး E Dickson (ရေကြောင်းနည်းပြမှူး-ငြိမ်း)-ဒေါ်ဝင်းကြည်တို့၏သားသမက်၊ မရမ်းကုန်းမြို့နယ်၊ ဇေယျာခေမာလမ်း၊ (64.H-1)နေ ဒေါ်တင်တင်ငွေး(ငယ်ငယ်)၏ချစ်လှစွာသောခင်ပွန်း၊ ကိုဇွဲအောင်၊ ကိုမိုးစက်၊ မရှင်လဝန်း (G.11.F, T.T.C)တို့၏ဖခင် ဦးအဂ္ဂါတင်အုံးသည် ၂-၇-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၁၈ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၈-၇-၂၀၁၈(တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအဂ္ဂါတင်အုံး (၅၉)နှစ်
**B.E, Mech.(1983)**
**Ex. 2/E (B.S.M)**
**C.D.C-17151**

ရန်ကုန်မြို့နေ ဝဏ္ဏကျော်ထင် ဦးတင်အုံး (ဒုတိယစစ်ဥပဒေချုပ်-ဗိုလ်မှူးကြီး-ငြိမ်း၊ တရားရုံးချုပ်တရားသူကြီး-ငြိမ်း)-ဒေါ်တင်ညိမ်းဝင်း (အထပြ-ငြိမ်း၊ အထက-၁ ရန်ကင်း၊ အထက-၄ အလုံ)တို့၏သားကြီး၊ ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်း-ဒေါ်ရွှေဝါတင်အုံး၊ ဦးဝင်းထွဋ်သိန်း (C/E)-ဒေါ်ဥမ္မာတင်အုံး၊ ဦးသောင်းထိုက်ဝင်း-ဒေါ်စန္ဒာတင်အုံးတို့၏ အစ်ကိုကြီး ဦးအဂ္ဂါတင်အုံးသည် ၂-၇-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၁၈ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးဟန်စိန်**
**အသက် (၈၁)နှစ်**
**နီနီဆေးခန်း၊ နီနီဓာတ်ခွဲခန်း**

သူငယ်ချင်း ဒေါက်တာအောင်ကျော်လင်း၊ ဒေါက်တာအေးအေးမော်တို့၏ဖခင် ဦးဟန်စိန်သည် ၂-၇-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၁း၁၄ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**(1985) BVS မှ သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
**ဦးစိုးညွန့် (၇၇)နှစ်**
**စမ်းကောက်၊ ကော့မှူး**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ဝေဇယန္တာ(၁၇)လမ်း၊ (၆)အရှေ့ရပ်ကွက်၊ အမှတ်(၈၁၆)နေ ကော့မှူးမြို့နယ်အသင်း (ရန်ကုန်)အသင်းဝင် ဦးစိုးညွန့်သည် ၂၈-၆-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၉း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**အသင်းသူ/သားများ**
**ကော့မှူးမြို့နယ်အသင်း(ရန်ကုန်)**

## ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်မြမြခိုင်(ခ)ဒေါ်ညို**
**အသက် (၆၁)နှစ်**

မန္တလေးမြို့နေ ဦးမြတ်ကျော်(ရဲမှူး-ငြိမ်း)၏ချစ်ဇနီး ဒေါ်မြမြခိုင် ကွယ်လွန်ကြောင်းသိရပါသဖြင့် သူငယ်ချင်း ဦးမြတ်ကျော်မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲမိပါသည်။

**နယ်ဖြစ်ဒုရဲအုပ်လောင်းသင်တန်း (၉/၈၄)**
**မှ သူငယ်ချင်းများ**

## ဒေါ်အိအိငွေး(ခ)ဝတုတ်
**အသက် (၄၁) နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ အုန်းပင်လမ်း၊ အမှတ်(၆၉)နေ (ဦးဘိုးရင်-ဒေါ်တင်အုန်း)တို့၏သမီး၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ကွမ်းရွဲတန်းလမ်း၊ အမှတ်(၁၁-A)နေ (ဦးမြင့်အောင်)-ဒေါ်မြင့်မြင့်သန်းတို့၏ သမီးချွေးမ၊ (ဦးငွေးအောင်)၊ (ဦးသန်းငွေး)၊ ဦးလှငွေး-ဒေါ်လင်းလင်း(U.S.A)၊ ဦးမျိုးမြင့်-ဒေါ်အေးငွေးတို့၏ညီမ၊ ဒေါ်အေးမွန်ငွေး၏အစ်မ၊ ကိုပြေငြိမ်းအောင်(U.S.A)-ဒေါ်လဲ့ရွှေစင်၊ ကိုအောင်သူမျိုး(U.S.A)၊ ကိုညဏ်စိုးအောင်တို့၏အဒေါ်၊ ဦးကျော်ဇောအောင်၏ ချစ်လှစွာသောဇနီး၊ မယွန်းယမုံကျော်ဇော၊ မဂင်္ဂါကျော်ဇောတို့၏မွေးသမိခင် ဒေါ်အိအိငွေးသည် ၂-၇-၂၀၁၈ (တနင်္လာနေ့) နံနက် ၆း၄၅ နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၇-၂၀၁၈ (တနင်္ဂနွေနေ့)၌ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ အုန်းပင်လမ်း၊ အမှတ်(၆၉) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၃အမ်၊ မြေကွက်အမှတ်III Class ၁၃၁၊ မြေကွက်တည်နေရာအမှတ်(၁၃)၊ စံပယ်လမ်း၊ စောရန်ပိုင် အနောက်ရပ်ကွက်၊ အလုံမြို့နယ်၊ မငြိမ်းအေးနှင့် သားမောင်လှမြင့် အမည်ပေါက်နှစ်(၉၀)ဂရန်မြေ(သက်ကုန်)မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ(မိခင်) ဒေါ်ငြိမ်းအေးသည် ၁၆-၇-၂၀၀၆ရက်တွင်လည်းကောင်း၊ (ဖခင်)ဖြစ်သူ ဦးလှမောင်သည် ၁၆-၃-၁၉၉၉ရက်တွင်လည်းကောင်း၊ အသီးသီးကွယ်လွန်ခဲ့သဖြင့် ဦးလှမြင့် [၁၂/အလန(နိုင်)၀၁၂၆၄၃]မှ တစ်ဦးတည်းသော (သား)ဖြစ်၍ (မိခင်) ဒေါ်ငြိမ်းအေး အစုအား တရားဝင်အမွေဆက်ခံခွင့်ရှိကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာများ၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ဥတုရာသီ**
**တောကို**
**မှီ၍**

## ဒေါ်ကျင်မြိုင်(ခ)အော်ကင်လျံ(ကိုမြင့်သောင်းအအေးဆိုင်)
**အသက် (၉၅) နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၁၇)လမ်း၊ တိုက်(၅၄)၊ ဒုတိယထပ်နေ [ဦးလင်ရောက်လန်(ခ)ဦးမောင်စိန်]၏ဇနီး၊ လင်တိတ်ကီး-မလေဝှာ၊ လင်တိတ်ချွမ်(ခ)ကိုမြင့်သောင်း-တိုက်ရှုလျန်(ခ)မခင်လေးရီ၊ လင်ပိုးတင်း-(ပေခေးစိန်)၊ လင်ပိုးကြူး၊ လင်တိတ်ဝှက်-မရီရီဝင်း၊ လင်တိတ်ကြိုင်(ခ)ခင်မောင်ဝင်း-မစန်းသီတာ၊ လင်တိတ်ဝမ်(ခ)ကိုအောင်ထွန်း-မမိုးမိုးသန်း၊ လင်ပိုးစွမ်(ခ)မနုနုဝင်း-ကြူနိမ်ကွန်း၊ လင်တိတ်ဟုတ်(ခ)ကိုနိုင်လင်း-မမာမာဆွေတို့၏မိခင်၊ မြေး ၂၂ ယောက်တို့၏အဘွား၊ မြစ် ၁၄ ယောက်တို့၏ဘွားဘွားကြီးသည် ၂-၇-၂၀၁၈ ရက် နံနက် ၁၀း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၁၈ ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၇-၂၀၁၈ ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးငွေးလွင် (၅၇)နှစ်
**လမ်း(၅၀)**
**အထက(၂)ဗိုလ်တထောင်ကျောင်းသားဟောင်း**
**ဒေသကောလိပ်(၁)ကျောင်းသားဟောင်း**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၅)ရပ်ကွက်၊ လမ်း(၅၀)၊ Tower(A)၊ အခန်းအမှတ် (၃၂၀)၊ မဟာနဝရတ် အဆင့်မြင့်အိမ်ရာနေ ဦးငွေးအောင်-ဒေါ်ကျင်မြတို့၏ သားကြီး၊ ဦးအောင်ကျော်ဆင့်-ဒေါ်အေးအေးမော်(ဒု-ခရိုင်တရားသူကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး)၊ ဦးမျိုးလွင်၊ ဦးထွန်းကျော်မိုး-ဒေါ်လှိုင်လှိုင်မော် (လ-ဝ-က စမ်းချောင်းမြို့နယ်ရုံး)၊ [ကိုတင်မိုးအောင်(ခ)အငယ်လေး)တို့၏အစ်ကိုကြီး၊ တူ/တူမ သုံးယောက်တို့၏ ဦးလေးသည် ၂-၇-၂၀၁၈ ရက် ညနေ ၃း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၁၈(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးမျိုးဇော်အောင်(ခ)ဦးမျိုးထက်(A.G.T.I)**
**The One Entertainment Group of Co., Ltd ( Director)**
**အသက် (၄၂) နှစ်**

ဦးပေါ်အင်-ဒေါ်ကြည်ကြည်တို့၏သား၊ ဒေါ်နန်းခင်ရီရီအေး (KZB Bank Ltd-ရုံးချုပ်)၏ ချစ်လှစွာသောခင်ပွန်း ဦးမျိုးဇော်အောင်(ခ)ဦးမျိုးထက်သည် ၂၈-၆-၂၀၁၈ရက် ည ၁၁း၄၈ နာရီတွင် ကွယ်လွန်သွားကြောင်း သိရအပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမျိုးညွန့်-ဒေါ်ယဉ်မြတ်သူ**
**(GFTI Co, L TD)**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်ကြောင်စင်ရွှန်(ခ)ဒေါ်ညွန့်ရီ (၉၂)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ အမှတ်(၃၆)၊ ဘုရင့်နောင်လမ်းဆုံနေ (ဦးကြောင်စစ်ကြည်-ဒေါ်ယုလျှံ)တို့၏သမီး၊ (ဦးခွန်ဆောင်-ဒေါ်စော)တို့၏ သမီးချွေးမ၊ ဦးရဲဆွေ-(ဒေါ်မွှေးမွှေး)၊ ဦးရဲလှ-ဒေါ်ချို၊ ဦးရဲမြင့်-ဒေါ်ဝင်းကြူ၊ ဦးရဲနောင်-ဒေါ်စန်းစန်းမြင့် (မဘေဘီ)၊ ဦးရဲရွှေ-ဒေါ်စန္ဒာရွှေ၊ ဦးရဲငွေ-ဒေါ်မိသန်းဝဏ်၊ ဦးရဲအေး-ဒေါ်ခင်ခင်ဦးတို့၏မွေးသမိခင်ကျေးဇူးရှင်၊ (ဦးမောင်စိန်)၏ချစ်လှစွာသောဇနီး၊ မြေး ၁၆ယောက်တို့၏အဘွား၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ၁-၇-၂၀၁၈(တနင်္ဂနွေနေ့) ည ၉း၂၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေး(ကောင်းတုံ)တရုတ်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၇-၂၀၁၈ (စနေနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်သောင်းတင်(ဒါးပိန်)**
**အသက်(၉၀)**

ဒါးပိန်မြို့နေ (ဦးထွန်းမင်း-ဒေါ်ပု)တို့၏ သမီး၊ (ဦးအေးဟွဒ်-ဒေါ်ချစ်မေ)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ နှင်းဆီကုန်းရပ်ကွက်နေ (ဦးတင်မြင့်-ဒေါ်ချို)တို့၏ အစ်မ၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ နံ့သာမြိုင်လမ်းနေ (ဦးလှရွှေ)-ဒေါ်သန်းသန်းမြင့်၊ ဦးစိန်ရွှေ-ဒေါ်လှသိန်း၊ ဦးငွေဇင်(ဦးခဲ)-ဒေါ်စန်းစန်းဝင်းတို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွား၊ [ဦးဂျီအေးဟွဒ် (ဘီးလင်းသကြားစက်-ငြိမ်း)]၏ဇနီးသည် ၂-၇-၂၀၁၈ (တနင်္လာနေ့) နံနက် ၉း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၇-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ နံ့သာမြိုင်လမ်း၊ အမှတ်(၁၀၀၅-က)၊ ဦးငွေဇင်(ဦးခဲ)-ဒေါ်စန်းစန်းဝင်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
**ဦးဘညဏ်**
**အသက် (၇၆)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၏ ဝေယျာဝစ္စတွဲဖက်အတွင်းရေးမှူးသည် ၁-၇-၂၀၁၈ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဝေယျာဝစ္စအဖွဲ့**
**ဗဟန်းမဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်**

## အထူးကျေးဇူးတင်ရှိခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်မြင့်
**အသက်(၉၃)နှစ်**

ရမည်းသင်းမြို့၊ ကျော်ဇင်ရပ်ကွက်နေ (ဦးညီငယ်-ဒေါ်စိန်မယ်)တို့၏ သမီး၊ (ဦးစံဖေ-ဒေါ်ဖွားမယ်)တို့၏ သမီးချွေးမ၊ ဦးထွန်းမြ၏ ဇနီး၊ ဦးလှမြင့်-ဒေါ်ကြည်ကြည်ဝင်းလှိုင်၊ ဦးမျိုးသန့်-(ဒေါ်ခင်တင့်တင့်)၊ ဦးမျိုးသိန်း-ဒေါ်ဘေဘီသိန်း၊ (ဦးညွန့်တင်)-ဒေါ်မြင့်မြင့်ထွန်း၊ ဒေါ်မြင့်မြင့်ထွေး၊ ဒေါ်ချိုထွေး၊ ဒေါ်ချိုပြုံး၊ (ဦးဇော်မင်း)တို့၏ မိခင်၊ မြေးကိုးယောက်၊ မြစ် ငါးယောက်တို့၏ အဘွားသည် ၃၀-၆-၂၀၁၈(စနေနေ့) မွန်းလွဲ ၂း၅၀နာရီတွင် ကွယ်လွန် သွားပါသဖြင့် ၂-၇-၂၀၁၈ (တနင်္လာနေ့) ညနေ ၄ နာရီတွင် မြို့မအနောက်သုသာန်သို့ ဂူသွင်းသဂြိုဟ်ပြီးဖြစ်ပါ၍ ဒေါ်ခင်မြင့် နာမကျန်းစဉ်ကြပ်မတ်ကုသပေးခဲ့ကြသော အထူးကု ဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ ဆရာမများနှင့် နာရေးကိစ္စတွင် အဘက်ဘက်မှ အားပေး နှစ်သိမ့်ကူညီကြသူများ၊ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်း၊ လူမှုကွန်ရ က်တို့မှ လည်းကောင်း၊ ဝမ်းနည်းကြေကွဲကြောင်း ပြောကြားခြင်း၊ အားပေးနှစ်သိမ့်ခြင်း၊ သတင်း မေးမြန်းခြင်း၊ လိုအပ်သည်များကူညီဆောင်ရွက်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ မိတ်ဆွေသူငယ်ချင်းများ၊ အသင်းအဖွဲ့များနှင့် ကျေးဇူးတင်သင့်တင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာဖြင့် အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
**လင်ဘင်စိန်(ခ)ဦးအကောက်(ပုသိမ်) အသက်(၈၅)နှစ် ဆင်မင်း–ပုသိမ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၉)ရပ်ကွက်၊ ရေကျော်ဈေးကွန်ဒို၊ အခန်းအမှတ်(၄၀၈)နေ၊ ပုသိမ်အသင်း(ရန်ကုန်) အမှုဆောင် ဦးကိုကိုကြီး–ဒေါ်မေရှင် ၏ဖခင် လင်ဘင်စိန်(ခ)ဦးအကောက် သည် ၂၇–၆–၂၀၁၈ (ဗုဒ္ဓဟူးနေ့)ည (၈း၃၀)နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

| | | |
|---|---|---|
| ဦးစိုးဟန်လင်း+ဒေါ်နန္ဒာအောင် | – | ဥက္ကဋ္ဌ၊ ပုသိမ်အသင်း(ရန်ကုန်) |
| ဦးသန်းအောင်လင်း+ဒေါ်မြမြမိုး | – | ရာပြည့်ကုမ္ပဏီလီမိတက် |
| ဦးမျိုးအောင်+ဒေါ်မြအေး | – | အောင်သရဖူ ရေယာဉ်သယ်ယူပို့ဆောင်ရေး |
| ဦးမြင့်နိုင်+Dr.ဒေါ်ခင်မြ | – | လှဝန်းရတနာ ဆန်ပွဲရုံ |
| ဦးကျော်ကျော်ဝင်း+ဒေါ်ခင်သိန်း | – | SINMA Furniture Co. Ltd. |
| ဦးတင်မောင်မောင်မြတ်+ဒေါ်ခင်စုစုလှိုင် | – | မြန်မာပီတောက်ကုမ္ပဏီလီမိတက် |
| ဦးခင်မောင်ဝင်း+ဒေါ်ခင်လှိုင်မြင့် | – | ရွှေမန်းတောင် တိုင်းရင်းဆေးတိုက် |
| ဦးအောင်သိန်းလွင် | – | နှင်းဆီကုန်း အထူးကုဆေးရုံ |
| ဦးညွန့်စိန်+ဒေါ်သင်းသင်းလှိုင် | – | အမှုဆောင်၊ ပုသိမ်အသင်း(ရန်ကုန်) |
| ဦးစိုးမြင့်+Dr.ဒေါ်နီနီအေး | – | လင်းလင်း ဆန်ပွဲရုံ |
| ဦးမောင်မောင်လွင် | – | အမှုဆောင်၊ ပုသိမ်အသင်း(ရန်ကုန်) |

# ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (၁၇)ကြိမ်မြောက် အစည်းအဝေး ကျင်းပ

**ရန်ကုန် ဇူလိုင် ၃**

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-U)၏ (၁၇)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)ရန်ကုန်ရုံး၌ ကျင်းပသည်။

ရှေးဦးစွာ JMC-U ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ယနေ့အစည်းအဝေး၌ JMC ဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ မိမိအဖွဲ့အစည်းနှင့် ပတ်သက်သော ညှိနှိုင်းဆွေးနွေးမှုများကို ဆောင်ရွက်သွားရန်နှင့် JMC လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုတွင် အားနည်းချက်၊ အားသာချက်၊ အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးသွားရန်လိုကြောင်း၊ JMC သည် NCA ဆိုင်ရာ၊ စစ်ဘက်ဆိုင်ရာ အချက်များအပြင် နိုင်ငံတော်အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား ယခင် နှစ်ဖက်သဘောတူ စာချုပ်ချုပ်ဆိုထားမှုများနှင့် ပတ်သက်၍ တိတိကျကျလိုက်နာကာ အကောင်အထည်ဖော်မှုရှိ၊ မရှိကို စောင့်ကြည့်ကာ ဆောင်ရွက်ရသော ကော်မတီဖြစ်ကြောင်း၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြား စာချုပ်ပါ သဘောတူညီချက်များကို ပျက်ကွက်သည့်အတွက် အငြင်းပွားမှုများ၊ အပြန်အလှန် တိုင်ကြားမှုများရှိနေသည့်အတွက် ယင်းကိစ္စများကို ဖြေရှင်းဆောင်ရွက်နေရကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ရေတို၊ ရေရှည်ဆောင်ရွက်ချက်များကို ခွဲခြားသိမြင်ပြီး ညှိနှိုင်းဆောင်ရွက်ရန်လိုကြောင်း၊ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ☆




ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U)၏ (၁၇)ကြိမ်မြောက် အစည်းအဝေး ကျင်းပစဉ်။

# လိုဏ်ဂူအတွင်း ပိတ်မိနေသည့် လူငယ် ၁၃ ဦး ကယ်ထုတ်ရန် ဆက်လက်ဆောင်ရွက်နေ

**မယ်ဆိုင် ဇူလိုင် ၃**

ထိုင်းနိုင်ငံ ချင်းရိုင်ခရိုင် မယ်ဆိုင်မြို့ ပုံဖာရပ်ကွက် ဒွိုင်းနန်းနွန်းတောင်ခြေရှိ ထမ်လုံခွန်နမ့် လိုဏ်ဂူအတွင်း ပိတ်မိနေသော လူငယ်ဘောလုံးအသင်းဝင် ၁၃ ဦးအား ရှာဖွေတွေ့ရှိခဲ့ပြီဖြစ်ရာ ၎င်းတို့၏ ကျန်းမာရေး အခြေအနေမှာ စိုးရိမ်ဖွယ်ရာမရှိဘဲ လောလောဆယ် အလျင်အမြန် ခေါ်ထုတ်လာရန် ခက်ခဲမှုများရှိနေသေးကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

"လောလောဆယ်မှာ ကလေးတွေကို အပြင်ခေါ်ထုတ်ဖို့အတွက် ဂူလမ်းကြောင်းအရနဲ့ ရေအခြေအနေ အပါအဝင် ကလေးတွေရဲ့ အားအင်အခြေအနေအရ အဆင်မပြေနိုင်သေးတဲ့အတွက် သူတို့ကို ဂူထဲမှာပဲ အာဟာရဖြည့်ဆည်းမှုတွေ၊ ကျန်းမာရေး စောင့်ရှောက်မှုတွေ ပေးထားပါတယ်၊ ကလေးတွေအတွက် စိုးရိမ်စရာမရှိတော့ပါဘူး၊ ပြီးတော့ သူတို့ကို ခေါ်ထုတ်လာဖို့အတွက် **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❍



ထိုင်းနိုင်ငံ ချင်းရိုင်ခရိုင်ရှိ ထမ်လုံခွန်နမ့် လိုဏ်ဂူအဝင်ဝတွင် ကယ်ဆယ်ရေးသမားများကို တွေ့ရစဉ်။ ဓာတ်ပုံ-အေအက်ဖ်ပီ

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မိုးစပါးစိုက်ဧက ၃၃၀၀၀၀ ကို ရေအလုံအလောက် ပေးဝေသွားမည်

**မန္တလေး ဇူလိုင် ၃**

မန္တလေးတိုင်းဒေသကြီးအတွင်း ဆည်၊ ကန်၊ တမံ ၇၄ ခုမှ တောင်သူများ စိုက်ပျိုးမည့် မိုးစပါးစိုက်ဧက ၃၃၀၀၀၀ အတွင်း ရေလိုအပ်ချက်မရှိ ပြည့်ဝစွာဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဦးက ပြောကြားသည်။

ပေးဝေသွားမည့်ရေကို စပါးစိုက်ပျိုးရန်နှင့် ပဲမျိုးစုံ၊ ဝါ၊ နှမ်း၊ ပဲတီစိမ်း၊ ငရုတ်၊ ကြက်သွန် စသည့် အခြားသီးနှံစိုက်ဧကများအတွက်လည်း စိုက်ပျိုးရန် ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် မန္တလေးခရိုင်၊ ပြင်ဦးလွင်ခရိုင်နှင့် ကျောက်ဆည်ခရိုင်အတွင်းရှိ ဆည်၊ ကန်၊ တမံများမှ ၂၀၁၈-၂၀၁၉ မိုးစပါးအတွက် ပျိုးထောင်ရေကို စတင်ပေးဝေနေပြီဖြစ်ကြောင်း၊ ကျန်ရှိသော မြင်းခြံ ခရိုင်၊ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်နှင့် ညောင်ဦးခရိုင်များရှိ ဆည်၊ ကန်၊ တမံများမှ မိုးစပါးပျိုးထောင်ရေကို ယခုလ ၁၅ ရက်တွင် စတင်ပေးဝေသွားမည်ဖြစ်ကြောင်း။

ထို့အတွက် စိုက်ပျိုးသောတောင်သူများအနေဖြင့် မိုးစပါးပျိုးထောင်ရေ စတင်ပေးဝေချိန်တွင် လိုအပ်သလို ရယူနိုင်ရေးနှင့် တောင်သူများအနေဖြင့် လိုအပ်သည့် အခက်အခဲများရှိပါက ဌာနမှ တာဝန်ခံများအမည်နှင့် ဖုန်းနံပါတ်ကို ဆက်သွယ်၍ ရေရရှိရေးအတွက် လိုအပ်သောအကူအညီများ တောင်းယူနိုင်ကြောင်း ၎င်းကပြောကြားသည်။

**စာမျက်နှာ ၇ ကော်လံ ၄ သို့** ❖

